ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 6 June 2018 ၉၃၀၉



## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ တက်ရောက်

စာမျက်နှာ - ၈

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အင်္ဂမပုံမှန် အစည်းအဝေး သတ္တမနေ့ ကျင်းပ

စာမျက်နှာ - ၅



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒိန်းမတ်ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာအဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဒိန်းမတ်ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာအဖွဲ့အစည်း၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Henrik Bach Mortensen အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ၎င်းတို့အဖွဲ့အစည်းမှ အပြုသဘောပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# တီးတိန်မြို့ရှိ ချင်းရိုးရာနေအိမ်နှင့် လူနေမှုဘဝများ ပြသထားသည့် ဥယျာဉ်သို့ လာရောက်လေ့လာသူ များပြား



တီးတိန်မြို့ ရှောင်စောန်းစံပြကျေးရွာရှိ ချင်းရိုးရာနေအိမ်နှင့် လူနေမှုဘဝများ ပြသထားသည့် ဥယျာဉ်ကို တွေ့ရစဉ်။

**တီးတိန် ဇွန် ၅**

ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့ ရှောင်စောန်းစံပြကျေးရွာရှိ ချင်းရိုးရာနေအိမ်နှင့် လူနေမှုဘဝအား ပြသထားသည့်ဥယျာဉ်သို့ ပြည်တွင်းပြည်ပမှ နှစ်စဉ် လာရောက်လေ့လာသူဦးရေ ၅၀၀ ခန့်ရှိနေပြီး စိတ်ဝင်စားလေ့လာသူ ပိုမိုများပြားလာကြောင်း ပေါင်ကျင့်ဟောက်ပါရှန်း ရှောင်စောန်းအသင်းတော်မှ သိရသည်။

အဆိုပါကျေးရွာကို ၂၀၁၄ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းအိမ်ခြေ ၆၀ ရှိကာ လာရောက်လည်ပတ်သူများ လေ့လာနိုင်ရန် ချင်းရိုးရာနေထိုင်မှုဘဝတွင် နေ့စဉ်အသုံးပြုလေ့ရှိသည့် ပစ္စည်းများ စုံလင်စွာထည့်သွင်းထားသည့် ရိုးရာအိမ်တစ်လုံးကိုလည်း တည်ဆောက်ထားကြောင်း သိရသည်။

"ဒီရှောင်စောန်းစံပြကျေးရွာဥယျာဉ်မှာ လာရောက်လေ့လာသူတွေကို ကျွန်တော်တို့ ချင်းလူမျိုး ဘိုးဘွားတွေ ဘယ်လိုနေထိုင်ခဲ့ကြတယ်ဆိုတာ ပြသနိုင်ဖို့ ရိုးရာပစ္စည်းတွေ အစုံအလင် ထည့်သွင်းပြီး ရှေးခေတ်အိမ်တွေပုံစံအတိုင်း ဆောက်လုပ်ထားပါတယ်၊ ဒီရိုးရာအိမ်တွေကို ပေါင်ကျင့်ဟောက်ပါရှန်း ရှောင်စောန်းအသင်းတော်ကပဲ ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်၊ ဒီကိုလာလည်တဲ့ ဧည့်သည်တွေ လေ့လာနိုင်ဖို့လုပ်ထားတာပါ။ လာရောက်ကြတဲ့ ဧည့်သည်တွေကို အသင်းတော်ရဲ့ အမှုတော်ဆောင်တွေက လိုက်လံရှင်းပြပေးပါတယ်၊ ဝင်ကြေးကောက်ခံတာတွေ မရှိပါဘူး၊ နှစ်စဉ် လာရောက်လေ့လာသူ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



## ကြေးမုံ

# ယာဉ်အန္တရာယ်ကင်းဝေးရေး အလေးထား

မြန်မာနိုင်ငံတွင် ယာဉ်တိုက်မှုအန္တရာယ်များ နေ့စဉ်ဖြစ်ပွားလျက်ရှိပြီး ယာဉ်နှင့်အတူ လူတို့လည်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားနေသည်ကို မြင်တွေ့ကြားသိနေရသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး သက်ဆိုင်ရာတို့က အထူးအလေးထား ဆောင်ရွက်နေသော်လည်း ယာဉ်တိုက်မှုများ အများအပြားဖြစ်ပေါ်နေသည်မှာ ယာဉ်မောင်းသူများ အသိအမြင် ဗဟုသုတနည်းပါးမှု၊ ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းခြင်းတို့ကြောင့် ဖြစ်ရသည်ဟု ဆိုနိုင်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် မှန်ကန်သော အချက်ပြမီး တစ်ပြေးညီ ကျင့်သုံးရေးမေးခွန်းကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဖြေကြားခဲ့သည်။ ယာဉ်အန္တရာယ်ဖြစ်ပွားရခြင်း အကြောင်းအရင်းများတွင် သတ်မှတ်ထားသော ယာဉ်စည်းကမ်းကို လိုက်နာရန် ပျက်ကွက်သောကြောင့် ဖြစ်ပွားရပြီး ယင်းတွင် မှန်ကန်သော အချက်ပြမီး အသုံးမပြုသောကြောင့် ဖြစ်ရသည်လည်း ပါဝင်သည်။

လမ်းမကြီးများပေါ်တွင် သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ရေး၊ ယာဉ်အသုံးပြုသူများ ခါးပတ်ပတ်ရေး၊ ကုန်တင်ယာဉ်တွင် လူမတင်ရေး၊ လူတင်ယာဉ်တွင် ကုန်မတင်ရေး၊ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ရေးတို့အပြင် မှန်ကန်သော အချက်ပြမီးသုံးစွဲရေးတို့ကို အကြိမ်ကြိမ် သတိပေးခဲ့သော်လည်း လိုက်နာမှုအားနည်းနေသောကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားနေရသည်ကို တွေ့ရမည်ဖြစ်သည်။

မော်တော်ယာဉ်များ မောင်းနှင်ရာ၌ အချက်ပြမီးများ အမှန်သုံးစွဲရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီက စတင်အသုံးပြုရမည့် ယမန်နှစ် စက်တင်ဘာလ ၁ ရက် မတိုင်မီ ဇွန်လ ၉ ရက်မှစတင်၍ ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံပိုင်မီဒီယာများနှင့် ပုဂ္ဂလိကမီဒီယာများတွင် နှိုးဆော်အသိပေးခဲ့ပြီး ဖြစ်သည်။ သို့သော် အချက်ပြမီးအမှန်ကို အမှန်တကယ်လိုက်နာကျင့်သုံးမှု အားနည်းနေသေးသည်ကို တွေ့ရသည်။

အချက်ပြမီးကို မှန်ကန်စွာအသုံးပြုရေးတွင် ယာဉ်မောင်းများ အနေဖြင့် လိုက်နာမှုမရှိခြင်းထက် မှန်ကန်စွာ အသုံးပြုတတ်မှုမရှိခြင်းနှင့် အသုံးပြုရန်အလေ့အထ အားနည်းနေသည်ကို တွေ့ရသည်။ ထို့ကြောင့် အချက်ပြမီး မှန်ကန်စွာအသုံးပြုတတ်ရေး၊ မဖြစ်မနေအသုံးပြုရေးတို့ကို လိုက်နာဆောင်ရွက်ရန်အတွက် ဆက်လက်ကြပ်မတ်သွားရမည်ဖြစ်သည်။ ပညာပေးရေး၊ စစ်ဆေးအရေးယူရေးတို့ကို ယာဉ်ထိန်းရဲတပ်ဖွဲ့ တစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းဖြင့် မလုံလောက်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အထူးသဖြင့် အဝေးပြေးလမ်းမကြီးများ၊ အမြန်လမ်းမကြီးများပေါ်တွင် မောင်းနှင်နေကြသော ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များနှင့် အိမ်စီးယာဉ်များ၏ ယာဉ်မောင်းများအား အထူးအလေးထားကာ ပညာပေးမှုများ၊ အရေးယူမှုများ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့အပြင် ယာဉ်မောင်းလိုင်စင်ဝင်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်ဝင် သင်တန်းများတွင် ပညာပေးအစီအစဉ်များကို ဦးစားပေးထည့်သွင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများတွင် အချက်ပြမီးအမှန်သုံးစွဲရေးကို ဦးစားပေး ဟောပြောကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် အချက်ပြမီး အမှန်သုံးစွဲရေးကို နည်းလမ်းမျိုးစုံဖြင့် ပညာပေးနှိုးဆော်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများအား သက်ဆိုင်ရာတို့က အလေးထားဆောင်ရွက်နေရာတွင် ယာဉ်မောင်းသူများအားလုံးမှာ အဓိကကျသောကြောင့် အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်ခြင်းဖြင့် အမှန်သို့လိုက်ပါ ပြောင်းလဲကျင့်သုံးရန် အထူးအရေးကြီးပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၃) ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အမြဲတမ်းကော်မတီအဖွဲ့ဝင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၃) ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် (၁၃) ကြိမ်မြောက် အမြဲတမ်းကော်မတီ အဖွဲ့ဝင် H. E. Mr. Shang Fulin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ဆွေးမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် စီးပွားရေးကဏ္ဍဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဇုန်များအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးနှင့် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း အပြန်အလှန်ပေါင်းကူးဆက်သွယ် ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မြောင်းမြတွင် စုပေါင်းသစ်ပင်စိုက်ပျိုး

**မြောင်းမြ ဇွန် ၅**

၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ဇွန် ၅ ရက် နံနက်ပိုင်းက မြောင်းမြမြို့ မုဆိုးကွင်းကျေးရွာအုပ်စု စနေအသင်း ဓမ္မတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်၊ ကလေးအဖွဲ့များ၊ ဓမ္မတက္ကသိုလ်ကျောင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ မန်ဂျန်ရှား၊ မဲဇလီပျိုးပင်ပေါက် ၅၀၀ ခန့်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**အောင်မင်း(မြောင်းမြ)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၂၀၀၀ | - | ၉၃၂၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၂၀၀၀ | - | ၉၃၂၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၈၀/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၄၀/၉၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၆၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၅. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၃၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၃၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁. ၁၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၀၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၂. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၄၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၆. ၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Facebook မှ Vice President နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Facebook မှ Vice President Mr. Simon Milner နှင့် အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် Facebook အဖွဲ့မှ Community စံနှုန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ချမှတ်ထားသည့် မူဝါဒများ၊ Facebook ပေါ်မှ အကြမ်းဖက်မှုများ၊ အမုန်းစကားပြောဆိုမှုများ၊ ညစ်ညမ်းစွာရေးသားပြောဆိုမှုများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် Facebook သုံးစွဲသူများ၏ Account လုံခြုံရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ Content ပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးက Facebook သည် မြန်မာနိုင်ငံတွင် လူသုံးအများဆုံး လူမှုကွန်ရက်ဖြစ်သည်နှင့်အညီ တစ်ဦးနှင့်တစ်ဦး ကြမ်းတမ်းရိုင်းပျစွာ ရေးသားပြောဆိုမှုများ၊ အမုန်းစကား ရေးသားဖြန့်ဝေမှုများနှင့် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခဖြစ်ပွားစေနိုင်သည့် လှုံ့ဆော်ရေးသားမှုအပေါ် ထိန်းကျောင်း ဆောင်ရွက်ပေးရေးနှင့် ထိုသို့ မြန်မာနိုင်ငံနှင့် ပတ်သက်၍ စောင့်ကြည့်ထိန်းကျောင်းရာတွင် အခြေအနေမှန်များ သိရှိနိုင်စေရေးနှင့် ရေးသားပြောဆိုသည့် အကြောင်းအရာများကို အကောင်း၊ အဆိုး မှန်ကန်စွာ ခွဲခြားဆောင်ရွက်နိုင်စေရေး မြန်မာစကားတတ်ကျွမ်းသူများကို ခန့်ထား၍ ပြည်တွင်း၌ ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေးတို့ကို ပြန်လည်အကြံပြုဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁/၂၀၁၈**
၁၃၈၀ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်)

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၊ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ခန့်အပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၇-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၈၆/၂၀၁၇ ဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါသည်။

၂။ အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်များအား ကူညီပံ့ပိုးပေးနိုင်ရေးအတွက် ဦးတိုးအောင်အား ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်ကို စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မြန်မာဒစ်ဂျစ်တယ်အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ

**နေပြည်တော် ဇွန် ၅**

မြန်မာဒစ်ဂျစ်တယ် အခွင့်အရေး (Myanmar Digital Rights)ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ လွှတ်တော်၊ ပြည်ထောင်စုအဆင့် ဇာတိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဒီမိုကရေစီ လူ့ဘောင်တည်ဆောက်ရာတွင် အရေးကြီးသည့် စနစ်တကျ ဆွေးနွေးငြင်းခုံသည့် အလေ့အထ ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အများပြည်သူနှင့် သက်ဆိုင်ပြီး အများစိတ်ဝင်စားသည့် အကြောင်းအရာများကို တက်ရောက်သူများကိုယ်တိုင် လွတ်လပ်စွာ ပါဝင်ဆွေးနွေးနိုင်သည့် စကားဝိုင်းများကို နိုင်ငံအနှံ့ အရပ်ဒေသအသီးသီးတွင် အခါအားလျော်စွာ တာဝန်ယူကျင်းပပေးလျက်ရှိပါကြောင်း၊ ယနေ့စကားဝိုင်းကို မြန်မာ့ဒစ်ဂျစ်တယ်အခွင့်အရေးဆိုသည့် ခေါင်းစဉ်အောက်တွင် ကျင်းပရန် စီစဉ်ထားပါကြောင်း။




၁၉၇၀ ပြည့်နှစ်ခန့်တွင် စတင်ပေါ်ပေါက်ခဲ့သည့် ဒစ်ဂျစ်တယ်နည်းပညာသည် ယခုအခါ တစ်ဟုန်ထိုးတိုးတက်လာခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၏ လူမှုစီးပွားဘဝကို တားဆီးမရနိုင်သည့် အရှိန်အဟုန်ဖြင့် လွှမ်းမိုးလာလျက်ရှိပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာ ထွန်းကားလာမှုတွင် ကောင်းကျိုးများရှိသကဲ့သို့ ဆိုးကျိုးများလည်းရှိပါကြောင်း၊ ထို့ကြောင့် ဒစ်ဂျစ်တယ်အခွင့်အရေးကို သိရှိရန်လိုအပ်သကဲ့သို့ ယင်းနှင့်အတူ ဒွန်တွဲပါလာသည့် ဒစ်ဂျစ်တယ်တာဝန်(Digital Responsibilities) နှင့်အတူ အခြားသော ဆက်စပ်ကိစ္စရပ်များကိုလည်း ကောင်းစွာ သဘောပေါက်ထားကြရန် အရေးကြီးသဖြင့် ထည့်သွင်း ဆွေးနွေးကြစေလိုပါကြောင်း၊ ထို့ပြင် ယနေ့ ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများသာမက တက်ရောက်သည့် ပရိသတ်များကပါ တက်ကြွစွာ ပါဝင်ဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့မှ ဦးအေးမောင်ကျော်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ဒီဗွီဘီမှ ဦးသန်းဝင်းထွဋ်၊ The Voice ဂျာနယ်မှ ဒုတိယအယ်ဒီတာချုပ် ဦးဇေယျာသူနှင့် MCN TV Channel မှ အယ်ဒီတာချုပ် ဦးအံ့ဘုန်းမြတ်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်သည့် ဆွေးနွေးပွဲကို ရင်းနှီးပွင့်လင်းစွာ ကျင်းပခဲ့ကြသည်။

**သတင်းစဉ်**

# ထရန့်နှင့် ကင်ဂျုံအန်တို့၏ ထိပ်သီးဆွေးနွေးပွဲ စင်ကာပူ၌ ဇွန် ၁၂ ရက်တွင် ပြုလုပ်ရန်စီစဉ်

**ဝါရှင်တန် ဇွန် ၅**
အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့အကြား ပထမဆုံးအကြိမ် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဟု အမေရိကန်သမ္မတအိမ်ဖြူတော်က ဇွန် ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဇွန် ၁၂ ရက်တွင် ကျင်းပမည့် သမ္မတထရန့်နှင့် ခေါင်းဆောင်ကြီးကင်တို့၏ ထိပ်သီးဆွေးနွေးပွဲအတွက် ပြင်ဆင်မှုများကို မိမိတို့တက်ကြွစွာ လုပ်ဆောင်လျက်ရှိကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးစ်က ဆွေးနွေးပွဲ အစီအစဉ်နှင့် ပတ်သက်၍ ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုမှ စစ်ဘက်ဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ၊ နည်းပညာနှင့် ဆေးဘက်ဆိုင်ရာများ ပါဝင်သည့် ရှေ့ပြေးအဖွဲ့သည် စင်ကာပူနိုင်ငံ၌ ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း ဆာရာဆန်းဒါးစ်က ပြောကြားသည်။

ယင်းရှေ့ပြေးအဖွဲ့သည် ထိပ်သီးအစည်းအဝေး ကျင်းပရေးအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်နေပြီး ထိပ်သီးအစည်းအဝေး ကျင်းပချိန်အထိ စင်ကာပူတွင် ရှိနေမည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးစ်က ပြောကြားသည်။

**ရရှိနေမည်**

သမ္မတဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင်နှင့် ပြုလုပ်မည့် ထိပ်သီးအစည်းအဝေး အကြိုကာလအတွင်း အမျိုးသား လုံခြုံရေးအဖွဲ့၏ တင်ပြချက်များကို နေ့စဉ် ရရှိနေမည်ဖြစ်ကြောင်း ဆန်းဒါးစ်က ပြောကြားသည်။

**ဖြစ်ဖွယ်ရှိ**

ထိပ်သီးအစည်းအဝေးကျင်းပမည့် နေရာနှင့် ပတ်သက်၍ အတိအကျ သတ်မှတ်ရခြင်း မရှိသေးကြောင်း၊ သို့သော် ရှန်ဂရီလာ သို့မဟုတ် ကာပီလာဟိုတယ်တို့တွင် ထိပ်သီးအစည်းအဝေးကျင်းပမည့်နေရာ ဖြစ်ဖွယ်ရှိကြောင်း၊ အဆိုပါ ဟိုတယ်နှစ်ခုတည်ရှိရာနေရာ အနီးတစ်ဝိုက်သည် အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယား ခေါင်းဆောင်တို့၏ ထိပ်သီးအစည်းအဝေးအတွက် အထူးအစီအစဉ်များပြုလုပ်နိုင်သော နယ်မြေဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အေအက်ဖ်ပီ**





# လကမ္ဘာသို့ ခရီးသည်များပို့ဆောင်ရေး အစီအစဉ် စပေ့စ်အိပ်စ် ဆိုင်းငံ့

**ဝါရှင်တန် ဇွန် ၅**
စပေ့စ်အိပ်စ်(ခေါ်)အာကာသ စူးစမ်းလေ့လာရေး နည်းပညာကုမ္ပဏီသည် ထုတ်ပြန်ကြေညာခဲ့သည့်အတိုင်း ယခုနှစ်တွင် လကမ္ဘာအနီးတစ်ဝိုက်သို့ ခရီးသည်များ ပို့ဆောင်ရေး အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ဦးမည်မဟုတ်ကြောင်း၊ လာမည့်နှစ်လယ်ကာလအထိ အဆိုပါအစီအစဉ်ကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း အမေရိကန်သတင်းဌာနများက ဇွန် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

**ဆိုင်းငံ့ထား**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဟော်သွန်းမြို့ အခြေစိုက် လေကြောင်းအာကာသပစ္စည်းများ ထုတ်လုပ်ရေးနှင့် အာကာသသယ်ယူပို့ဆောင်ရေးကုမ္ပဏီဖြစ်သော စပေ့စ်အိပ်စ်သည် လကမ္ဘာအနီးတစ်ဝိုက်သို့ ခရီးသည်များပို့ဆောင်ရေး အစီအစဉ်ကို ဆိုင်းငံ့ထားလိုက်ကြောင်း၊ အစီအစဉ်ဆိုင်းငံ့လိုက်ရခြင်းအကြောင်းရင်းကို အတိအကျ မသိရသော်လည်း နည်းပညာဆိုင်ရာ အခက်အခဲများ ရှိနေခြင်းကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း ဝေါစထရိဂျာနယ်က ရေးသားဖော်ပြသည်။

**အေအက်ဖ်ပီ**

# ဥရောပအရှေ့ပိုင်းဒေသ၌ အမေရိကန်ဦးဆောင်၍ စစ်ရေးလေ့ကျင့်မှု နေတိုးပြုလုပ်

**ဝါဆော ဇွန် ၅**
နေတိုးအဖွဲ့ဝင် နိုင်ငံအများစုဖြစ်သော နိုင်ငံပေါင်း ၁၉ နိုင်ငံတို့မှ တပ်ဖွဲ့ဝင် ၁၈၀၀၀ ခန့်သည် အမေရိကန်ဦးဆောင်သည့် စစ်ရေးလေ့ကျင့်မှုအဖြစ် ပိုလန်နှင့် ဘောလ်တစ်နိုင်ငံတို့တွင် ဇွန် ၃ ရက်က စတင်လေ့ကျင့်ကြောင်း၊ နေတိုးအဖွဲ့၏ ဥရောပအရှေ့ပိုင်းဒေသတွင် စစ်ရေးအရ အသင့်ရှိမှု ဖြစ်ပေါ်စေရန် နေတိုးမဟာမိတ်များက တိုက်ပွဲဝင်လေ့ကျင့်မှုများ တိုးမြှင့် ပြုလုပ်လာခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

**အငှားမအကြိမ်မြောက်**

ဆာဘာစထရိုက်ဟု အမည်ပေးထားသည့် အငှားမအကြိမ်မြောက်စစ်ရေးလေ့ကျင့်မှုကို ဇွန် ၁၅ ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်သည်။ ပိုလန်နိုင်ငံက ၎င်းနိုင်ငံပိုင်နက်နယ်မြေတွင် အမေရိကန်တပ်ဖွဲ့များ အမြဲတမ်းဖြန့်ကြက်ရန် အဆိုပြုခြင်းကို စဉ်းစားလျက်ရှိသည်ဟု သတင်းများပေါ်ထွက်လာခဲ့ပြီးနောက် စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းဖြစ်သည်။

ပိုလန်နိုင်ငံတွင် အမေရိကန်တင့်ကားတပ်ဖွဲ့ အခြေစိုက်ထားနိုင်ရေးအတွက် ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံမှ နှစ်ဘီလီယံအထိ (ယူရိုငွေ ၁ ဒသမ ၃ ဘီလီယံမှ ၁ ဒသမ ၇ ဘီလီယံ)ကို ပိုလန်နိုင်ငံက ကျခံနိုင်သည်ဟု ယခုရက်သတ္တပတ်အတွင်း ပိုလန်ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းမှတ်တမ်းလွှာတွင် ဖော်ပြထားသည်။

**ဝေဖန်ခဲ့**

ယင်းအဆိုပြုချက်နှင့် ပတ်သက်၍ ရုရှားနိုင်ငံကချက်ချင်းဝေဖန်ခဲ့ပြီး ယင်းဒေသ၌ မည်သည့်တပ်ဖွဲ့ဖြန့်ကြက်မှုမျိုးမဆို ဥရောပတိုက် လုံခြုံရေးနှင့်တည်ငြိမ်မှု ရရှိရေးအတွက် အကျိုးမရှိကြောင်း ရုရှားနိုင်ငံက ဝေဖန်ခဲ့သည်။

၂၀၁၄ခုနှစ်အတွင်းက ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ၏ ခရိုင်းမီးယားဒေသကို ယင်း၏ ပိုင်နက်နယ်မြေအတွင်း ပူးပေါင်းခဲ့ချိန်မှစ၍ အမေရိကန်က နေတိုးအဖွဲ့၏ ဥရောပအရှေ့ပိုင်းတွင် စစ်ရေးအရ တည်ရှိမှုကို တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ **အေအက်ဖ်ပီ**

# သူလျှိုပြုလုပ်မှုဖြင့် ယူကရိန်းသတင်းထောက်တစ်ဦးကို ရုရှားတရားရုံးက ထောင်ဒဏ် ၁၂ နှစ် ပြစ်ဒဏ်ချမှတ်

**မော်စကို ဇွန် ၅**
သူလျှိုပြုလုပ်မှုဖြင့် ယူကရိန်းသတင်းထောက်တစ်ဦးကို ရုရှားတရားရုံးတစ်ရုံးက ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် ပြစ်ဒဏ်စီရင်ချက် ချမှတ်လိုက်ကြောင်း၊ ယင်းအမှုသည် နိုင်ငံရေးအရ စေ့ဆော်မှုအရ ရည်ရွယ်လုပ်ဆောင်ခဲ့သော အမှုသာဖြစ်သည်ဟု ယူကရိန်းအစိုးရအဖွဲ့က ပြစ်တင်ရှုတ်ချခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံပိုင် သတင်းဌာနဖြစ်သော ယူကရင်းဖောင် သတင်းဌာနအတွက် ဆယ်စုနှစ် တစ်စုကျော်မျှ လုပ်ကိုင်ခဲ့သူ သတင်းထောက် ရိုမန်ဆပ်ရှင်ကိုသည် ၂၀၁၆ ခုနှစ်အတွင်း မြို့တော်မော်စကိုတွင် ထိန်းသိမ်းခံခဲ့ရသည်။ ဆပ်ရှင်ကိုသည် ယူကရိန်း စစ်ထောက်လှမ်းရေးဌာနအတွက် အလုပ်လုပ်ကိုင်နေသူဖြစ်ပြီး နိုင်ငံတော် လျှို့ဝှက်ချက်များကို စုဆောင်းရယူခဲ့သည်ဟု ရုရှားဖက်ဒရယ်လုံခြုံရေးဌာနက စွပ်စွဲခဲ့သည်။

မိမိသည်အပြစ်ကျူးလွန်ခဲ့ခြင်းမရှိဟု ဆပ်ရှင်ကိုက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့ပြီး မော်စကိုစီးတီးတရားရုံးတော်၏တရားသူကြီး အိုလက်မူဇီချင်ကို ချမှတ်သော ပြစ်ဒဏ်စီရင်ချက်သည် တရားမျှတမှုမရှိသဖြင့် အယူခံဝင်သွားမည်ဟု ဆိုသည်။

**အကြံပြု**

အသက် (၄၉) နှစ်ရှိ ဆပ်ရှင်ကိုအား ထောင်ဒဏ် ၁၄ နှစ် ပြစ်ဒဏ်ပေးရန် ရုရှားအစိုးရရှေ့နေများကအကြံပြုခဲ့ကြောင်း ၎င်း၏ရှေ့နေ မာ့ခ်ဖေဂင်က အစောပိုင်းတွင် အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဆပ်ရှင်ကို၏ အမှုသည် နိုင်ငံရေးအရ စေ့ဆော်မှုဖြင့် စွပ်စွဲခဲ့သော အမှုသာလျှင်ဖြစ်ကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယနာ ဘက်ဆာက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ဝေဖန်ပြောကြားခဲ့ပြီး ဆန္ဒပြပွဲများဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

**ထိန်းသိမ်းခံရ**

၂၀၁၄ ခုနှစ်က ယူကရိန်း၏ ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားက ယင်း၏ ပိုင်နက်နယ်မြေနှင့် ချိတ်ဆက်ခဲ့ပြီးနောက် ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် ရုရှားထောက်ခံသော ခွဲထွက်ရေးဝါဒီများနှင့် ယူကရိန်းတပ်ဖွဲ့များအကြား စစ်ရေးပဋိပက္ခဖြစ်ပေါ်ခဲ့စဉ် ကာလအတွင်း ဆပ်ရှင်ကို ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။ ဆပ်ရှင်ကို ထိန်းသိမ်းခံရစဉ်က ယူကရင်းဖောင်သတင်းဌာန၏ပါရီဗျူရို သတင်းထောက်အဖြစ် လုပ်ကိုင်လျက်ရှိပြီး ၎င်းသည် အားလပ်ရက်အတွင်း မော်စကိုသို့ သွားရောက်စဉ် ထိန်းသိမ်းခံခဲ့ရသည်။ **အေအက်ဖ်ပီ**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခံရသည့်ပုဂ္ဂိုလ်က လွှတ်တော်နာယကရှေ့မှောက်၌ ကတိသစ္စာပြုခြင်း၊ ဥပဒေကြမ်းတစ်ခု လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာ(၃)ခု ဖတ်ကြားရှင်းလင်းတင်ပြခြင်း၊ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဦးစိုးဝင်း ကတိသစ္စာပြု

အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဦးစိုးဝင်းက ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ ကတိသစ္စာပြုသည်။

## မြန်မာ့သမိုင်းအဖွဲ့ ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်

ထို့နောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာ့သမိုင်းအဖွဲ့ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာ ဖတ်ကြား

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြသည်။

အဆိုပါ အစီရင်ခံစာတွင် အခွန်အယူခံခုံအဖွဲ့ရုံး၏ လက်ရှိဆောင်ရွက်နေသော အခြေအနေမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့၏ အခွန်စည်းကြပ်ကောက်ခံမှုများ၊ ဒဏ်ငွေတပ်ရိုက်ခြင်းများ၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမှုများအပေါ် ကျေနပ်မှုမရှိသည့် အခွန်ထမ်းများမှ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို စစ်ဆေးကြားနာ ဆုံးဖြတ်ပေးလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေကို အခွန်အရပ်ရပ်မှ အပြည့်အဝကောက်ခံဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခွန်ထမ်းပြည်သူများ၏ မူလအခွင့်အရေးဖြစ်သော အယူခံပိုင်ခွင့်ကို စနစ်တကျ ဆောင်ရွက်စေနိုင်ရန်အတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော ယစ်မျိုးခွန်၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်နှင့် တာတမံခွန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော အင်းအိုင်ခွန်နှင့် ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်၊ သယ်ယူပို့ဆောင်ရေးအခွန်၊ မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်နှင့် လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော သစ်တောများမှ ပစ္စည်းထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊ ဓာတ်သတ္တုနှင့် ရတနာခွန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော သွင်းကုန်အတွက် လိုင်စင်ကြေးနှင့် ပါမစ်ကြေးများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော ဝင်ငွေခွန်၊ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ရုံးခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေထီဆုအခွန်ရငွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကောက်ခံလျက်ရှိသော ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေးနှင့် နေပြည်တော်ကောင်စီက ကောက်ခံလျက်ရှိသော ရေခွန်တို့ကို အဆုံးအဖြတ်ပြုနိုင်သည့် အယူခံအခွင့်အရေးရရှိစေရန် အခွန်အယူခံခုံအဖွဲ့ကို နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်အတိုင်း သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ပြန်လည်ထူထောင်ဖွဲ့စည်းရန် လိုအပ်သည်ဟု လေ့လာတွေ့ရှိရကြောင်း ဖတ်ကြားတင်ပြသည်။



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်
ဒေါ်ကျိန်ငိုက်မန်



ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်
ဒေါ်နွယ်နွယ်အောင်

## နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာ ဖတ်ကြား

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ဖတ်ကြားတင်ပြသည်။

အဆိုပါ အစီရင်ခံစာတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ခဲ့ကြပါကြောင်း။

အစည်းအဝေးဆွေးနွေးချက်များအရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (က)နှင့် အပိုဒ် ၄ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။

## လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း ဖတ်ကြား

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က ဖတ်ကြားတင်ပြသည်။

အဆိုပါ အစီရင်ခံစာတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးများပြုလုပ်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ခဲ့ကြပါကြောင်း။

အစည်းအဝေး ဆွေးနွေးချက်များအရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၁၉၊ အပိုဒ် ၂၂ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ လည်းကောင်း၊ ပေါက်ကွဲစေတတ်သော အရာဝတ္ထုပစ္စည်းများကို ဖျက်ဆီးသည်ဟု အကြောင်းဖော်ပြပြီး အခြားမသမာသော နည်းလမ်းဖြင့် ပြောင်းလဲအသုံးပြုခြင်းကို တားဆီးနိုင်ရန် ထိရောက်ဟန့်တားသော ပြစ်ဒဏ်ဖြစ်ရန်လိုအပ်သည့်အတွက် အပိုဒ် ၂၄ ကို လည်းကောင်း အသီးသီး ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။

အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်း

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်က ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ပုဒ်မနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီက တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းကာ လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

## ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှု ဆွေးနွေး

ယင်းနောက် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဌာန၊ အဖွဲ့အစည်းများ၏ ရှင်းလင်းတင်ပြခဲ့ခြင်းများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ ကျေးရွာ(၄၁၆)ရွာကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဂျာမနီနိုင်ငံချေးငွေ ယူရို ၂၃ ဒသမ ၈၈၃ သန်းဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့ပါကြောင်း၊ ချေးငွေဖြင့် အကောင်အထည်ဖော်ရာတွင် စံချိန်စံညွှန်း၊ တင်ဒါစည်းမျဉ်းစည်းကမ်းများအတိုင်း ဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဟု ရှင်းလင်းတင်ပြထားပါကြောင်း။

အဆိုပါကျေးရွာများတွင် မီးလင်းနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားခွဲရုံများ တည်ဆောက်ရန် အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ဖြင့်လည်း စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါခေါ်ယူဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ အဆိုပါ လုပ်ငန်းကို ကျေးရွာပြည်သူလူထုများအနေဖြင့် ကြိုဆိုပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ခွဲရုံများ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ လာရောက်ရှင်းလင်းပေးစေလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

လိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အမျိုးသားဓာတ်အားစီမံကိန်းအတွက် စတီးတိုင် (၂၄၀၀) ကျော်၊ ထရန်စဖော်မာ (၁၂၀၀)နှင့် ကွန်ကရစ်တိုင် (၁၀၀၀၀)ကျော် စုဆောင်းထားပြီးဖြစ်သည်ဟု သိရပါကြောင်း၊ အဆိုပါပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးမည့် အရေအတွက်အား ရှင်းလင်းတင်ပြသင့်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒေသဖွံ့ဖြိုးရေးစီမံကိန်း အဆင့် (၁)အတွက် စီမံကိန်းချေးငွေကို ၉၂ ရာခိုင်နှုန်းထုတ်ယူထားပြီးဖြစ်ပါကြောင်း၊ ချေးငွေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ၆၆၊ ၃၃/ ၁၁ကေဗွီ ၄၀၀ဗို့ဓာတ်အားလိုင်း ခွဲရုံများနှင့် ကေဘယ်ကြိုး ၁၂၇ မိုင် လုပ်ငန်းများဆောင်ရွက်ပြီးသည်ဟု သိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ပြီးသည့် ဓာတ်အားလိုင်းနှင့် ခွဲရုံအရေအတွက်ကို ဖော်ပြသင့်ပါကြောင်း။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် သီလဝါစက်မှုဇုန် ဓာတ်အားလိုင်းနှင့် ခွဲရုံစီမံကိန်းများအတွက် ချေးငွေပမာဏ၏ ၉၆ ရာခိုင်နှုန်း ထုတ်ယူပြီးသည်ဟု သိရပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းပမာဏပြီးစီးမှုကို ရှင်းလင်းတင်ပြသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

---

**❖ တီးတိန်မှ**

ပျမ်းမျှအယောက် ၅၀၀ လောက်ရှိပါတယ်၊ ပြည်တွင်းအနယ်နယ်အရပ်ရပ်ကလာတဲ့သူနဲ့ ပြည်ပနိုင်ငံခြားသားတွေများတယ်၊ ဒီရွာမှာ စုစုပေါင်း အိမ်ခြေ ၆၀ ကျော်လောက်ပဲရှိပါတယ်၊ အားလုံးက ပေါင်ကျင့်ဟောက်ပါရှန်း ရှောင်စောန်းဘာသာကို ယုံကြည်ကိုးကွယ်သူတွေဖြစ်ကြပါတယ်”ဟု ပေါင်ကျင့်ဟောက်ပါရှန်း ရှောင်စောန်းအသင်းတော်အမှုဆောင် ဒိမ်းဆွင်းပေါင်က ပြောသည်။

ရှောင်စောန်းစံပြကျေးရွာ၏ ထူးခြားချက်မှာ ဗြိတိသျှကိုလိုနီလက်ထက် မတိုင်မီက တီးတိန်မြို့မှ ချင်းစာပေ(ZotualLai)တီထွင်သူတစ်ဦးဖြစ်သည့် ပေါင်ကျင့်ဟောက်၏ ဘာသာရေးကို ယုံကြည်သက်ဝင်သူများ နေထိုင်ကြကြောင်း၊ ပေါင်ကျင့်ဟောက်အား ယင်း၏စာပေတီထွင်မှုနှင့် ဘာသာရေးအတွက် အိန္ဒိယဘုရင်ခံချုပ် Sr.Chemsfort က ၁၉၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စာပေတီထွင်သူနှင့် တမန်တော်မြတ်ကြီးအဖြစ် အသိအမှတ်ပြုဂုဏ်ပြုစလွယ် ချီးမြှင့်ခဲ့ကြောင်း၊ ရှောင်စောန်းစံပြကျေးရွာတွင် ရိုးရာအိမ်အပြင် ရိုးရာရက်ကန်းလုပ်ငန်း၊ ရိုးရာဝတ်စုံများ ပြောင်းလဲလာမှုကို အဆင့်ဆင့် ပြသထားသည့် ပြခန်းများလည်းရှိပြီး ပေါင်ကျင့်ဟောက်ပါရှန်း ရှောင်စောန်းဘာသာရေး အရဝတ်ပြုဆုတောင်းမှုများကို စိတ်ဝင်တစားလေ့လာသူများလည်း ရှိကြကြောင်း သိရသည်။

**ဇိုဟေဆာ**

# ဆွီဒင်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၅**
ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ဆွီဒင်နိုင်ငံ အမျိုးသားသီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Staffan Herrstrom နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ညစာ အတူတကွ သုံးဆောင်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်သက်လွင်၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဦးအောင်ထူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**






# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၅**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးတွင် ဥရောပသမဂ္ဂမှ အကူအညီပေးနေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**❖ ရှုံး ထွက်ပြိုင်ပွဲမှ**
ဟံသာဝတီနှင့် ဇွဲကပင်အသင်းမှာလည်း အမှတ်ပေးပြိုင်ပွဲ တွေ့ဆုံမှုတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားသောကြောင့် ယခုတွေ့ဆုံမှုမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။ ရခိုင်အသင်းသည် ပထမတန်းကလပ် Mountain Lion အသင်းနှင့် တွေ့ဆုံနေသော်လည်း ရှုံး ထွက်ပွဲဖြစ်သောကြောင့် ပေါ့ဆ၍ မရပေ။

ဒုတိယအဆင့် (ပထမနေ့) အပြီးတွင် မကွေး၊ GFA နှင့် ဧရာဝတီအသင်းတို့ အနိုင်ရထားပြီး ၂၀၁၇ ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းမှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ မေ ၃၀ ရက်အပြီး ကွာတားဖိုင်နယ်ပွဲစဉ် ထွက်ပေါ်ထားမှုအရ ရန်ကုန်နှင့် GFA၊ ဧရာဝတီနှင့် မကွေးတို့ တွေ့ဆုံနေသည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ ရခိုင်၊ Mountain Lion ပွဲမှ အနိုင်ရသည့် အသင်းနှင့် ကစားရမည်ဖြစ်ပြီး ရတနာပုံနှင့် စစ်ကိုင်း၊ ဟံသာဝတီနှင့် ဇွဲကပင်ပွဲအနိုင်ရသည့် အသင်းများမှာ ကွာတားဖိုင်နယ်တွင် တွေ့ဆုံနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



ဇွန် ၅ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ အောင်ဘုံသီဟဘုရား ဓမ္မာရုံ၌ ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ (ပဲခူး) တပ်ခွဲမှူး ဒုတိယရဲမှူး အောင်မင်းက ရထားဖြစ်စဉ်မှုခင်းများ မဖြစ်ပွားရေးအတွက် အသိပညာပေး ဟောပြောစဉ်။ ကြေးမုံ

# မြန်မာကြက်တောင်အားကစားအဖွဲ့ မောရစ်ရှနိုင်ငံတွင် ယှဉ်ပြိုင်မည်



**ရန်ကုန် ဇွန် ၅**
မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာသက်တမ်းလိုက်ပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများနှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်ပြိုင်ပွဲများကို ၂၀၁၇ ခုနှစ်တွင် ကိုးကြိမ်တိတိ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်လေးခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ယခုနှစ် ဇန်နဝါရီလက ထိုင်းနိုင်ငံပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ အီရန်နိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲသို့ အမျိုးသမီးကစားသမား မသက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကြေးတံဆိပ်ရယူနိုင်ခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ Aloe Setar မြို့၌ ကျင်းပသည့် သောမတ်စ်ဖလား ကမ္ဘာ့အဆင့်သတ်မှတ်ချက်အသင်းလိုက်ကြက်တောင်ပြိုင်ပွဲသို့ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မောရစ်ရှနိုင်ငံတွင် ဇွန် ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် Mauritius International 2018 Future Series တွင် ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ နည်းပြချုပ် ဦးမောင်မောင် ဦးဆောင်လျက် အောင်မျိုးထူး၊ စိုင်းဝမ်းဖိတ်၊ သက်ထားသူဇာ စုစုပေါင်းလေးဦးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဇွန် ၅ ရက်တွင် ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**✪ မလေးရှားမှ**
စားသောက်ကုန်များနှင့် မူးယစ်ဆေးဝါးများကို ရောနှောထည့်သွင်း၍ မလေးရှားနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန်အတွက် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်း ပထမထပ်၊ မ/၅၀(A)နေ ရှော်ရိတ်အာမောက်၏သား မောင်မောင်(ခ) Yassin (၄၄)နှစ်က လာရောက်ဆက်သွယ်မှုအရ U Kaung Trading Co.Ltd က တာဝန်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရှိရပြီး မောင်မောင်(ခ) Yassin နှင့် ပူးပေါင်းပါဝင်သူများအား စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် ဇွန် ၂ ရက်တွင် ဆိပ်ကမ်းမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ စုံစမ်းစစ်ဆေးခဲ့သည်။

ဇွန် ၂ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ဆက်စပ်တရားခံ အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး အဓိကတရားခံ မောင်မောင်(ခ) Yassin သည် မေ ၃၀ ရက်ကတည်းက TOYOTA LEXUS ယာဉ်အမှတ် YGN 5L-8088 နှင့်အတူ ထွက်ပြေးတိမ်းရှောင်နေကြောင်း စိစစ်တွေ့ရှိရသဖြင့် ပူးပေါင်းပါဝင်သူများ ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေလျက်ရှိသည်။

ဖမ်းဆီးရမိသည့်တရားခံ၏ ဖော်ထုတ်ပြောပြချက်အရ မောင်မောင်(ခ) Yassin သည် မူးယစ်ဆေးဝါးများကို လှည်းကူးမြို့နယ်ရှိ Nice Guy ရေသန့်စက်ရုံမှတစ်ဆင့် အောက်ပုဇွန်တောင်လမ်းရှိ ဂိုဒေါင်သို့ 3I – 8917 Bongo Box ယာဉ်ဖြင့် သယ်ဆောင်ခဲ့ပြီး ယင်းမှတစ်ဆင့် သင်္ဘောတင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဓိက တရားခံ မောင်မောင်(ခ) Yassin ၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရာ နေအိမ်ခန်း မီးခံသေတ္တာအတွင်းမှ(ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၅၀ ခန့်)ရှိ လက်ဝတ်ရတနာမျိုးစုံ ၁၉ မျိုး၊ YGN 5L-8088 TOYOTA LEXUS ယာဉ်အား ငွေကျပ်သိန်း ၁၀၉၀ ဖြင့် ဝယ်ယူထားသည့် စာချုပ်မူရင်း တစ်စောင်၊ ယာဉ်နှင့်ပတ်သက်သည့် မှတ်ပုံတင်စာအုပ်မူရင်း တစ်အုပ်၊ အာမခံပရီမီယမ် မှတ်တမ်းမူရင်းစာအုပ် တစ်အုပ်၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း လက်ဝတ်ရတနာများ ဝယ်ယူခဲ့သည့် ပြေစာမူရင်း ရှစ်စောင်တို့ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

မောင်မောင်(ခ) Yassin ထွက်ပြေးတိမ်းရှောင်စဉ် မောင်းနှင်သွားသော YGN 5L-8088 TOYOTA LEXUS မော်တော်ယာဉ်အား ဇွန် ၃ ရက် ညသန်းခေါင်တွင် တာမွေခုံးကျော်တံတားအောက်၌ တွေ့ရှိသဖြင့် သိမ်းဆည်းနိုင်ခဲ့သည်။ ထို့အပြင် တရားခံ မောင်မောင်(ခ) Yassin နှင့် ပူးပေါင်းပါဝင်သူများက မြန်မာနိုင်ငံအတွင်းရှိ ဘဏ်အသီးသီးတွင် ငွေစာရင်းဖွင့်ထားမှုကို ဇွန် ၄ ရက်တွင် စုံစမ်းစစ်ဆေးခဲ့ရာ ပုဂ္ဂလိကဘဏ် နှစ်ခုတွင် မောင်မောင်(ခ) Yassin ငွေစာရင်းနှင့် ဆက်စပ်တရားခံ တစ်ဦးတို့ ငွေစာရင်းတွင် ကျပ်သိန်းပေါင်း ၂၈၀၀၀ ကျော်နှင့် ATM ကတ်နှစ်ခုတို့အား စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါငွေများကို ယာယီပိတ်သိမ်းထားရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသည့် မောင်မောင်(ခ) Yassin နှင့် ပူးပေါင်းပါဝင်သူ တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းကာ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



မောင်မောင် (ခ) Yassin

# ခေတ္တတိမ်းရှောင်မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်



**နေပြည်တော် ဇွန် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာနက ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသမှ နယ်မြေလုံခြုံရေး အခြေအနေအရ ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၂၆၈ ဦးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က တနိုင်းမြို့ ကင်ဆားရာရပ်ကွက်ရှိ စိန့်ဂျိုးဇက် (RC) ဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၄၇၃၂၁၅၂ တန်ဖိုးရှိ ရိက္ခာတစ်လစာ ဆန် ၉၇ အိတ်၊ ဆီ ၁၆၆ ပိဿာ၊ ကုလားပဲ ၂၄၉ ပိဿာ၊ ဆား ၄၁ ပိဿာ တို့ကို ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူးက ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ခေတ္တတိမ်းရှောင်မိသားစုဝင် ၂၈၆၉ ဦးအတွက် ဆန် ၁၁၁၆ အိတ်၊ ဆီ ၁၇၈၈ ပိဿာ၊ ကုလားပဲ ၁၈၅၆ ပိဿာ၊ ဆား ၅၄၈ ပိဿာ၊ စောင် ၁၆၂ ထည်၊ ခြင်ထောင် ၈၂ လုံးတို့အား ဖားကန့်မြို့နယ် မံဝယ်ကျေးရွာနှင့် လဝါးကျေးရွာ၊ မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ၊ မိုးကောင်းမြို့နယ် နမ္မတီးမြို့၊ တနိုင်းမြို့နယ် အောင်လော့ဒ်ကျေးရွာ၊ ဝိုင်းမော်မြို့နယ် ရှငေါ်ကျေးရွာများတွင် နယ်မြေခံတပ်မတော်နှင့် ပူးပေါင်း၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတက္ကသိုလ် နှစ်(၆၀)ပြည့်အထိမ်းအမှတ် စာပေစကားဝိုင်း ကျင်းပ



**မန္တလေး ဇွန် ၅**

မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ ပူးပေါင်းစီစဉ်မှုဖြင့် မန္တလေးတက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ရှေးယခင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ဘဝပုံရိပ်ဖြတ်သန်းမှု အမှတ်တရ စာပေစကားဝိုင်းကို ဇွန် ၅ ရက် နံနက် ၉ နာရီက မန္တလေး တက္ကသိုလ် အင်း၀ ၉ ခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရွှေဦးစွာ မကွေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး (ငြိမ်း) ဆရာကြီး ဦးစိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက မုဒိတာစကားနှင့် တရားလွှတ်တော်ရှေ့နေကြီး ဦးထွန်းဝေ (တက္ကသိုလ်မောင်ထွန်းဝေ)က အမှတ်တရစကားပြောကြားပြီး မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့အတွင်းရေးမှူး စာရေးဆရာ အောင်စိုး (ညောင်ကန်)က စာပေစကားဝိုင်း ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါ စကားဝိုင်းတွင် ဆရာဆူးငှက်၊ ဆရာညီပုလေး၊ ဆရာကျော်ရင်မြင့်၊ ဆရာမ ခင်ခင်ထူးနှင့် ဆရာ မင်းထက်ငြိမ်းချမ်းတို့က "ကိုယ့်ခေတ် ကိုယ့်အခါက ကိုယ်တို့ကျောင်းသားဘဝနှင့် မန္တလေးတက္ကသိုလ်" ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်းကို ဦးဆောင်ဆွေးနွေးကြသည်။

"ယခုလို စာပေစကားဝိုင်းပြုလုပ်ပေးတာ အင်မတန်မှ ကောင်းပါတယ်၊ စကားဝိုင်းမှာပါဝင်ဆွေးနွေးကြမယ့်သူများက မန္တလေးတက္ကသိုလ်ကထွက်တဲ့ စာရေးဆရာတွေဖြစ်တဲ့အတွက်ပါ။ နောက်ပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝတွေကိုလည်း ပြန်ပြီးတော့ အောက်မေ့သတိရမိကြမှာ အမှန်ပါပဲ၊ တက္ကသိုလ်နယ်မြေကို ရောက်ရတော့ ကိုယ့်အသက်ကို နှစ် ၃၀ လောက်ပြန်ငယ်သွားသလို ခံစားမိပါတယ်၊ ၁၉၈၀ ဝန်းကျင်နှစ်တွေက တက္ကသိုလ်ကျောင်းသား ကျောင်းသူများဘဝနဲ့ အတွေ့အကြုံတွေ၊ အထူးသဖြင့် ကျွန်မတို့ခေတ်က တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေက စာဖတ်ခြင်းအလေ့ရှိခဲ့ကြတယ်၊ စာဖတ်ခြင်းကိုက တက္ကသိုလ်ရဲ့ ယဉ်ကျေးမှုလို့တောင် ပြောလို့ရအောင် စာဖတ်ခဲ့ကြတဲ့ မျိုးဆက်လို့ပြောလို့ရပါတယ်၊ စာပေနဲ့ယဉ်ကျေးမှု မပျောက်ပျက်အောင်ဆိုတဲ့ အပိုင်းကနေ ပါဝင်ဆွေးနွေးသွားမှာပါ။ စာစကား ပေစကား ကြားရတယ်ဆိုတာ အင်မတန်မှ တန်ဖိုးရှိပါတယ်၊ တက္ကသိုလ်တိုင်းမှာ ဒီလို စာပေစကားဝိုင်း များများလုပ်ပေးဖို့ လိုအပ်ပါတယ်၊ ကျွန်မတို့ခေတ်မှာ နံရံကပ်စာစောင်တွေ၊ နှစ်လည်မဂ္ဂဇင်းတွေ နှစ်စဉ်ထွက်တယ်၊ နံရံကပ်စာစောင်တွေဆိုရင် မေဂျာတိုင်းက အစဉ်မပြတ်ပြုလုပ်နေကြတာပါ၊ အဲဒီလိုပါပဲ စာဝိုင်း၊ ပေဝိုင်း၊ စကားဝိုင်းတွေ မကြာမကြာ ပြုလုပ်ပေးတာ ကလေးတွေအတွက် အကျိုးရှိမယ်လို့ မြင်ပါတယ်"ဟု ဒေသကောလိပ် နှစ်နှစ်နှင့် မန္တလေး တက္ကသိုလ် နှစ်နှစ် စုစုပေါင်း လေးနှစ် တက်ရောက်ခဲ့ကာ ၁၉၈၄ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည့် စာရေးဆရာမ ခင်ခင်ထူး က ပြောသည်။

အဆိုပါစကားဝိုင်းသည် တစ်ခေတ်တစ်ခါက တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများ၏ အတွေး၊ အမြင်၊ အသိ ထိစပ်ချိတ်ဆက်ပွဲပင်ဖြစ်သည်။

၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် မန္တလေးဥပစာကောလိပ်ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဇွန်လမှစ၍ ဥပစာကောလိပ်အဆင့်မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းပို့ချနိုင်သော လေးနှစ်သင် ဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ မန္တလေးတက္ကသိုလ်သည် ၁၉၅၈ ခုနှစ် ဇွန် ၁ ရက်တွင် တက္ကသိုလ်အက်ဥပဒေကို နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်က လက်မှတ်ရေးထိုး ထုတ်ပြန်ပေးခဲ့သည်။ ထိုအချိန်မှစ၍ သီးခြားတက္ကသိုလ်အဖြစ် ရပ်တည်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် သီးခြားတက္ကသိုလ်အဖြစ် နှစ် (၆၀)ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ဝဝ၂**

# ထိုင်း-မြန်မာ သံတမန် ဆက်ဆံရေး နှစ်(၇၀) ပြည့် အထိမ်းအမှတ် ထိုင်းရိုးရာအစားအစာ ရက်သတ္တပတ်အစီအစဉ် ကျင်းပမည်

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ ကြီးမှူး၍ ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ပန်းချီပြပွဲ၊ အနုပညာကပွဲ၊ ရုပ်ရှင်ပွဲတော်နှင့် ထိုင်းရိုးရာ အစားအစာ ရက်သတ္တပတ်ကို ဇွန်လနှင့် ဇူလိုင်လ အတွင်းတွင် ကျင်းပသွားမည်ဟု မေ ၅ ရက်က ထိုင်းသံရုံး၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယင်းသတင်းစာရှင်းလင်းပွဲတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ပြုလုပ်မည့် ပန်းချီပြပွဲကို ဇွန် ၇ ရက်မှ ၁၄ ရက်အထိ အမျိုးသားပြတိုက် ရန်ကုန်၌ ကျင်းပသွားမည်ဖြစ်သည်။ ပြပွဲတွင် ထိုင်းနှင့် မြန်မာ နှစ်နိုင်ငံမှ ပန်းချီအနုပညာရှင်များ၏ ပန်းချီကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Khom: Masked Dance Performance of Thailand အမည်ရှိ အနုပညာကပွဲကိုမူ မြန်မာနိုင်ငံရှိ မြို့ကြီးသုံးမြို့၌ ကျင်းပသွားမည်ဖြစ်ရာ ဇွန် ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံတွင် လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် နေပြည်တော်ရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာတွင် လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် မန္တလေးရှိ အမျိုးသားဇာတ်ရုံတွင်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

ဆက်လက်ပြီး ထိုင်းရုပ်ရှင်ပွဲတော်ကို ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ JCGV၊ Junction City တို့၌ ရုံတင်ပြသသွားမည်ဖြစ်သည်။ ရုပ်ရှင်ပွဲတော်တွင် ပြသမည့် ဇာတ်ကားများမှာ ထိုင်းနိုင်ငံမှ နာမည်ကြီး ဇာတ်လမ်းများ ဖြစ်သည့် Bad Genius၊ Pee-Mak-Phra-Khanong၊ The Promise နှင့် Bangkok to Mandalay အမည်ရှိ ရုပ်ရှင်ဇာတ်ကားများ ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ထိုင်းနိုင်ငံမှ နာမည်ကျော် စားဖိုမှူးဖြစ်သူ Chef Mc Dang ကိုယ်တိုင် ချက်ပြုတ်ဖန်တီးမည့် ထိုင်းရိုးရာ အစားအစာ ရက်သတ္တပတ် အစီအစဉ်ကို ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

"အရေးပါလှတဲ့ ဒီအစီအစဉ်တွေအားလုံးကို မြန်မာပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ပွဲတော်တွေကနေ ပြည်သူတွေအနေနဲ့ ထိုင်းရိုးရာအစားအစာ၊ ယဉ်ကျေးမှုအကအလှတွေ၊ ရုပ်ရှင်ပွဲတော်၊ ပန်းချီပြပွဲတွေကို ခံစားကြည့်ရှုရင်း နှစ်နိုင်ငံ ချစ်ကြည်ရေး အခွန့်ရှည်လာစေဖို့အတွက်လည်း ရည်ရွယ်ပါတယ်၊ ဒါက ကျွန်တော်တို့ မြတ်နိုးတန်ဖိုးထားရတဲ့ ရှေးဟောင်းအမွေအနှစ်တွေ၊ အနုပညာဆိုင်ရာ ယဉ်ကျေးမှုတွေကို မျှဝေရာလည်း ရောက်တာမို့ လာရောက်ကြဖို့ ဖိတ်ကြားပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး MR. JUKR BOON-LONG က ပြောသည်။

၁၉၄၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေးသည် ယခုနှစ်တွင် နှစ်(၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်(၇၀) ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ ကြီးမှူးကာ ယခုကဲ့သို့ အစီအစဉ်ပေါင်းများစွာဖြင့် ဆောင်ရွက်နေသကဲ့သို့ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းကလည်း ဗုဒ္ဓဘာသာ သာသနာ အဓွန့်ရှည်တည်တံ့စေရန် ရည်ရွယ်၍ ဓမ္မပူဇာ အထူးတရားပွဲကို ပြီးခဲ့သည့် မေ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်တိုင်တိုင် ဇမ္ဗူသီရိ ဓမ္မဗိမာန်တော်ကြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန တံတားလေးလမ်းဝ မရမ်းကုန်းမြို့နယ်၌ ကျင်းပခဲ့သည်။

အလားတူ ထိုင်းနိုင်ငံတွင်လည်း မြန်မာနိုင်ငံမှ ထင်ရှားကျော်ကြားသည့် ဆရာတော်များကို ဖိတ်ကြားကာ အထူးတရားပွဲများကို ထပ်မံကျင်းပပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခင်ဇာလီ**





# ပခုက္ကူမြို့တွင် ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ

**ပခုက္ကူ ဇွန် ၅**

ဂျပန်ခေတ် စစ်လက်ကျန် ဗုံးသီးဟောင်းတစ်လုံးကို ပခုက္ကူမြို့ အမှတ် ၆ ရပ်ကွက် ၅ လမ်း၌ ဇွန် ၄ ရက် ည ၉ နာရီက တွေ့ရှိခဲ့ကြောင်းသိရသည်။

ဗုံးသီးမှာအလျား လက်မ ၃၀၊ လုံးပတ် ရှစ်လက်မခန့်ရှိပြီး အမှတ် ၆ ရပ်ကွက် စိတ္တသုခ ဘုန်းကြီးကျောင်း အနီးရှိ အမှိုက်ပုံတွင် ပီနံအိတ်ဖြင့် လာရောက်စွန့်ပစ်ထားရာ ကလေးငယ်များက သံထည်ပစ္စည်းအမှတ်ဖြင့် ၎င်းတို့နေအိမ်သို့ သယ်ဆောင်လာခြင်းဖြစ်သည်။

အဆိုပါဗုံးကို ပခုက္ကူမြို့ ခြေမြန်တပ်ရင်းမှ တာဝန်ရှိ သူများက သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ တက်ရောက်

## စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများ ပြန်လည်ထုတ်လုပ်သုံးစွဲနိုင်မည့် နည်းလမ်းများ စဉ်းစားဆောင်ရွက်ကြရန် မှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၅**

၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌများ၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် မိမိတို့ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးရေးဆောင်ရွက်ချက်များကို အားပေးနေသည့် ကမ္ဘာ့ကုလသမဂ္ဂ၏ အရေးပါသော နေ့ရက်တစ်ရက် ဖြစ်ပါကြောင်း၊

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဂေဟစနစ်များ ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ လေထုနှင့်ရေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း စသည့်ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေကြရပါကြောင်း၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကလည်း တစ်ခုအပါအဝင်ဖြစ်လာပြီး မိမိတို့၏ ကမ္ဘာကြီးပေါ်တွင် အလေးထားဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်တစ်ခု ဖြစ်လာပါကြောင်း၊

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ စွန့်ပစ်ပစ္စည်းအားလုံး၏ ၁၀ ရာခိုင်နှုန်းသည် ပလတ်စတစ်များဖြစ်ပြီး ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ နှစ်စဉ်ရောက်ရှိသွားသည့် ပလတ်စတစ် ပမာဏသည် အနည်းဆုံးတန်ချိန် ရှစ်သန်းခန့် ရှိပါကြောင်း၊

ယင်းအခြေအနေများကြောင့် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်အဖြစ် "ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့" "Beat Plastic Pollution" ဟု သတ်မှတ်ထားပါကြောင်း၊ ဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချရန်၊ ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းတည်တံ့စေမည့် အခြားနည်းလမ်းများကို အချင်းချင်းမျှဝေပြီး အတူတကွ ပူးပေါင်းရှာဖွေ ဖော်ထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းထားခြင်းဖြစ်ပါကြောင်း၊

မိမိတို့ နိုင်ငံအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို နိုင်ငံတကာတွင် အောင်မြင်နေသည့် နည်းပညာ၊ အရင်းအမြစ်များအပေါ် အခြေခံပြီး စနစ်တကျ စီမံဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ပြန်လည်ပြင်ဆင်ရေးဆွဲကြရမည် ဖြစ်ပါကြောင်း၊

တစ်ခါသုံးပလတ်စတစ်အသုံးပြုမှု လျှော့ချရေး၊ ပြန်လည်ပြုပြင်သုံးစွဲနိုင်သည့် ပစ္စည်းများကို ပိုမိုသုံးစွဲရေးကို တိုက်တွန်းအားပေးရန်နှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်နိုင်ရန်တို့အတွက် လိုအပ်သည့်မူဝါဒများကို ပြောင်းလဲချမှတ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသည့် ပတ်ဝန်းကျင်ဖြစ်လာအောင် ဖော်ဆောင်သွားနိုင်ရန်အတွက် မျှော်မှန်းပြီး အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၇-၂၀၃၀)ကို ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ယင်းမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်အရ 3 R Actions ဟုခေါ်သည့် ထွက်ရှိမှုလျှော့ချခြင်း(Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse)၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း(Recycle)နည်းစဉ်များဖြင့် ဆောင်ရွက်ရန် အမျိုးသားအဆင့်၊ မြို့တော်အဆင့်၊ မြို့နယ်အဆင့် အဆင့်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊

ယခုအခါ မန္တလေးမြို့တော်တွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ အခြားမြို့ကြီး၊ မြို့နယ်များတွင်လည်း စွန့်ပစ်ပစ္စည်းဆိုင်ရာ အစီအမံများ မိမိတို့ဒေသ၊ မြို့ရွာနှင့် လျော်ညီအောင် ရေးဆွဲအကောင်အထည်ဖော်ကြရန် တိုက်တွန်းလိုပါကြောင်း၊

ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံအများစုကဲ့သို့ပင် မြန်မာနိုင်ငံအနေဖြင့်လည်း စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းများ ပြန်လည်ထုတ်လုပ်သုံးစွဲနိုင်မည့် နည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် သောက်ရေကို မြေအိုးထဲ ထည့်သုံးခြင်း၊ ဈေးဝယ်ရာတွင် ကြိမ်ခြင်းကို အသုံးပြုခြင်းနှင့် ဖက်ရွက်များကို အသုံးပြုထုပ်ပိုးခြင်း၊ မြန်မာ့လက်မှုပညာဖြင့် ပြုလုပ်ထားသည့် ကြိမ်ကုလားထိုင်၊ ဝါးကုလားထိုင် စသည့် အသုံးအဆောင်ပစ္စည်းများကို အသုံးပြုခြင်း စသည့် ဓလေ့ထုံးစံ၊ အလေ့အကျင့်ကောင်းများကို ဆက်လက်ကျင့်သုံးခြင်းသည် ပလတ်စတစ်သုံးစွဲမှု လျှော့ချခြင်းလုပ်ငန်းများကို များစွာ အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊

ပလတ်စတစ် စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းများကို လျှော့ချရန်၊ တတ်နိုင်သမျှ ပြန်လည်ပြုပြင်သုံးစွဲနိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊

သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းအားလုံး အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်း၊ စတော့ဟုမ်းကွန်ဗင်းရှင်း စသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များတွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ယခုထက်မက တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊

နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် တစ်ဦးချင်း တာဝန်သိစိတ်များဖြင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်လာအောင် ဝိုင်းဝန်းထမ်းရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၉ သို့ ❐

❐ စာမျက်နှာ ၈ မှ

**(နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို နိုင်ငံတော်သမ္မတရုံး Website နှင့် Myanmar President Office Facebook Page တို့တွင် ဖော်ပြထားရှိသည်။)**

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ သဝဏ်လွှာကို ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခေတ္တညှိနှိုင်းရေးမှူး Ms. Janet Jackson က ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UN Environment) အမှုဆောင်ညွှန်ကြားရေးမှူး Mr.Erik Solheim တို့က ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ဗီဒီယိုဖိုင်တို့ကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။**

## ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့

## (Beat Plastic Pollution)

ယနေ့ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၅၀၀ မှ တန်ချိန်သန်းပေါင်းတစ်သန်း (၁ ထရီလီယံ) ထိ သုံးစွဲလျက်ရှိပြီး မိနစ်တိုင်းတွင် ပလတ်စတစ်အိတ်ပေါင်း ၁ သန်းနီးပါး စွန့်ပစ်နေကြကြောင်း၊ ယင်းပလတ်စတစ်အိတ်များထဲတွင် အများဆုံးပါဝင်သည့် ကြွပ်ကြွပ်အိတ်များကို မီးရှို့ဖျက်ဆီးလျှင် အီသိုင်လင်းအောက်ဆိုဒ်နှင့် ဒိုင်အောက်စင် စသည့် လူများကိုအန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့များထွက်ရှိနိုင်သည့်အတွက် လေထုညစ်ညမ်းမှုဖြစ်စေသည့်အပြင် ယင်းအငွေ့များကို ရှူရှိုက်မိသည့် လူ၏သွေးနှင့် ဆီးထဲကိုရောက်ရှိပြီး ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း၊ ထို့အပြင် ကြွပ်ကြွပ်အိတ်များတွင် ခဲဓာတ်နှင့် အဆိပ်ဓာတ်များပါဝင်သည့် ဓာတုပစ္စည်းများနှင့် အရောင်ဆိုးဆေးများကြောင့် ပူလောင်သည့် စားစရာများကို ကြွပ်ကြွပ်အိတ်တွင် ထည့်လျှင် ကြွပ်ကြွပ်အိတ်တွင်ပါသည့် အဆိပ်ဓာတ်များက အစားအစာများထဲသို့ ရောက်ရှိသွားပြီး စားမိလျှင် လူကို များစွာအန္တရာယ်ဖြစ်စေကြောင်း သိရှိရသည်။

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရသေ့တောင်ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ရသေ့တောင် ဇွန် ၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဦးကျော်လွင်၊ ဦးအောင်ကျော်ဇံ၊ ဒေါက်တာချမ်းသာတို့နှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် မော်တော်ယာဉ်များဖြင့် စစ်တွေမြို့မှ ရသေ့တောင်မြို့သို့ ရောက်ရှိပြီး မေယုခန်းမ၌ ရသေ့တောင်မြို့ရှိ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ ဦးစားပေးပံ့ပိုးမှုများကြောင့် ဒေသတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါကြောင်း၊ ဒေသတွင်း လုံခြုံမှုပိုမိုကောင်းမွန်လာသည်နှင့်အမျှ ဒေသတွင်းရှိ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာရန် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး စသည့် အခြေခံအဆောက်အအုံများ ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ဒေသတွင်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊

နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် ပညာရေးရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးပါကြောင်း၊ ပညာကဏ္ဍအပါအဝင် အခြားကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်နယ်အစိုးရအနေဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် ပီပြင်စွာပေါ်ပေါက်လာရေးသည် အရေးကြီးပါကြောင်းနှင့် မိမိတို့ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို သင်ခန်းစာရယူပြီး အပြန်အလှန်လေးစားယုံကြည်မှု၊ ပွင့်လင်းမြင်သာမှုများဖြင့် ဆွေးနွေးညှိနှိုင်းကြိုးပမ်းအားထုတ် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရသေ့တောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဒေသဆိုင်ရာ အချက်အလက်များ၊ ၂၀၁၈ ခုနှစ် ကာလတိုဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီး ဦးကျော်လွင်၊ ဦးအောင်ကျော်ဇံ၊ ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများ ဆွေးနွေးတင်ပြသည့် ရသေ့တောင်မြို့နယ် စေတီတော်ဘုရား ပြုပြင်မွမ်းမံနိုင်ရန် အလှူငွေများပေးအပ် လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်ကန်တော်ကြီးရေလှောင်ကန်မှ မြို့ရေပေးဝေရေးဆောင်ရွက်သည့် အခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် ပြားချောင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြားချောင်းကြီးကျေးရွာ ဒေသခံပြည်သူများကို လည်းကောင်း၊ ကြိမ်သာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကြိမ်သာကျေးရွာ ဒေသခံပြည်သူများကိုလည်းကောင်း တွေ့ဆုံ၍ ကျေးရွာများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လူမှုဘဝဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေအနေများကို တွေ့ဆုံမေးမြန်း ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။ **သတင်းစဉ်**

# အင်းဝဘဏ်လီမိတက် နေပြည်တော်( ဥတ္တရသီရိ )ဘဏ်ခွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၅**

အင်းဝဘဏ်လီမိတက် နေပြည်တော် (ဥတ္တရသီရိ)ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က ယနေ့နံနက် ၉ နာရီ ၉ မိနစ်တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ထောက်ချုပ်ရုံး စစ်ထောက်ချုပ်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစောက အင်းဝဘဏ်လီမိတက် နေပြည်တော်(ဥတ္တရသီရိ)ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် နေပြည်တော် (ဥတ္တရသီရိ) ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ အခု (၅၀) မြောက်ဘဏ်ခွဲဖြစ်ပြီး နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိမြို့ အကွက်အမှတ်(၃) ဇဝနသိဒ္ဓိရပ်ကွက် ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်တွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ချေးပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအကြား ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမောစွာ လည်ပတ်နိုင်ရေး ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီး လုပ်ကိုင်လိုသူများအတွက်လည်း ငွေအရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






# (၂၁) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ပျဉ်းမနားမြို့၌ ကျင်းပ

**ပျဉ်းမနား ဇွန် ၅**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို အထိမ်းအမှတ် (၂၁)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ပျဉ်းမနားမြို့အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း စိုးမြင့်မိုရ်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့"၊ "မူးယစ်ကင်းဝေး ကျန်းမာရေးအားကစား မြှင့်တင်ပေး"၊ "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"၊ "လူငယ်ဘဝ တိုးတက်ဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့"၊ "လူသားရင်းမြစ် မျိုးဆက်သစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်"၊ "ဦးစွာ နားထောင်ပါ" ဟူသော ခေါင်းစဉ် ခြောက်မျိုးဖြင့် ကျင်းပခဲ့ပြီး နေပြည်တော်အတွင်းမှ ကျောင်းသား ကျောင်းသူ ၁၂၅ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပန်းချီပြိုင်ပွဲတွင် ၆၁ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၃၀၊ ပိုစတာပြိုင်ပွဲတွင် ၃၄ ဦး စုစုပေါင်း ၁၂၅ ဦး ယှဉ်ပြိုင်ကြပြီး ဆုရကျောင်းသားများအား ဇွန် ၂၆ ရက်တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်၊ မင်းမင်းလတ်**




# ချင်းပြည်နယ်တွင် ဆည်မြောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

**ဟားခါး ဇွန် ၅**
ချင်းပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဟားခါးခရိုင်အနေဖြင့် တမံငယ်များ၊ ကျေးလက်ရေသွယ်မြောင်းများ၊ ရေတံခါးငယ်များ၊ ရေယူအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးသော လုပ်ငန်းများကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ သဘာဝဘေးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း စသောလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်ရှိ ဒေသခံတောင်သူများသည် ဝမ်းစာအဖြစ် မိုးစပါးကို အဓိက စိုက်ပျိုးကြသည်။ ဒေသခံတောင်သူများ ဝမ်းစာဖူလုံနိုင်ရေးအတွက် လယ်ယာမြေများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေရရှိရေးအတွက် ချင်းပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဟားခါးခရိုင်အုပ်ချုပ်မှုအောက်ရှိ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းတိုင်းတာခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်၊ ကျေးရွာများ၏ တင်ပြချက်များအရ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အထိ ဟားခါးခရိုင်တွင် ကျေးရွာလယ်ရေသွယ်မြောင်းလုပ်ငန်း စုစုပေါင်း ၂၅ ခု ဆောင်ရွက်ခဲ့ပြီး အကျိုးပြုဧက ၁၉၆၉ ဧကကို လုံလောက်စွာ ရေပေးဝေလျက်ရှိသည်။

ထို့အပြင် ၂၀၁၈-၂၀၁၉ ခုနှစ် (ဧပြီ-စက်တင်ဘာလ) ဘဏ္ဍာနှစ်အတွင်း ဟားခါးခရိုင်အုပ်ချုပ်မှုအောက်ရှိ မြို့နယ်များတွင် ကျေးရွာဆည်လုပ်ငန်း ရှစ်ခုနှင့် သဘာဝဘေးကာကွယ်ရေးလုပ်ငန်းတစ်ခုကို တည်ဆောက်နိုင်ရန်အတွက် တင်ဒါခေါ်ယူခဲ့ပြီး အင်ဂျင်နီယာဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ တင်ဒါအောင်မြင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် စိုက်ပျိုးရေအချိန်မီပေးဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လယ်မြေဧက ၂၅၈ ဧကကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ၂၀၁၈-၂၀၁၉ (အောက်တိုဘာ-စက်တင်ဘာ) ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် လုပ်ငန်း ၁၁ ခု လျာထားလျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဟားခါးခရိုင်အနေဖြင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူ၍ ကျေးရွာဒေသခံတောင်သူများ၏ တင်ပြတောင်းဆိုချက်များကို အထူးဆောင်ရွက်ပေးလျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှု၊ လမ်းညွှန်မှုတို့ဖြင့် ကျေးရွာဆည်မြောင်းလုပ်ငန်းများ အသစ်တည်ဆောက်ခြင်း၊ ဆောင်ရွက်ပြီးသော လုပ်ငန်းများကို ပြုပြင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေး၊ သဘာဝဘေးကာကွယ်ရေး၊ ရေအားလျှပ်စစ်အသေးစားများ ထုတ်ယူနိုင်ရေးစသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေ တောင်သူဦးကြီးများ၏ ဝမ်းစာဖူလုံမှု၊ ဆင်းရဲမွဲတေမှုများကို လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းထန်ပီး**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

(၅-၆-၂၀၁၈)

ကမ်းရိုးတန်းဒေသများတွင် မိုး ပိုလာမည်။

# ရဲတပ်ဖွဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၅**
နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဇွန် ၄ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်မည့် ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်း ဆိုင်ရာ(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက်ပိုင်းတွင် ဥတ္တရခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်သန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်အကူတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းရွှေ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ အရာရှိများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခွန်းဆက်နေ**

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနခွဲများတွင် သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဇွန် ၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနခွဲများတွင် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများနှင့် သင်ကြားမှုများကို ယနေ့မှစ၍ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မော်လမြိုင်၊ ရခိုင် စသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ယနေ့မှစ၍ တစ်ပြိုင်နက်တည်း လေ့ကျင့်သင်ကြားပေးနေကြောင်း သိရသည်။

"ဒီရာသီက မုန်တိုင်းအကြိုကာလဖြစ်တဲ့အတွက် မုန်တိုင်းဖြစ်လာရင် ရေယာဉ်နဲ့ ခရီးသွားပြည်သူတွေ အန္တရာယ်မဖြစ်အောင်၊ ပစ္စည်းတွေ မဆုံးရှုံးအောင် ဘယ်လိုကြိုတင်ကာကွယ်ရမလဲ၊ ဒီလိုကြုံလာရင် ရေယာဉ်ဝန်ထမ်းတွေ လွယ်ကူစွာနဲ့ ရင်ဆိုင်နိုင်အောင် အသိပညာဗဟုသုတတွေကို သင်တန်းပေးပြီး ဇာတ်တိုက်လေ့ကျင့်တာတွေ လုပ်တာပါ"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဦးစီးဌာနမှူးချုပ် ဦးအောင်သန်းမြိုင်က ပြောသည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သင်ကြားမှုများ ပြုလုပ်ရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် ဆောင်ရွက်ရမည့် ဝတ္တရားများ၊ လမ်းခရီးတွင် ခရီးသည်အား အရေးပေါ်အသက်ကယ်ရန် လိုအပ်ခြင်းအတွက် ဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်ရမည့်ဝတ္တရားများ၊ လမ်းခရီးတွင် လေပြင်းကျခြင်း၊ လှိုင်းကြီးခြင်းနှင့် မိုးသည်းထန်ခြင်းတို့အတွက် ဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်နှင့် ထမ်းဆောင်ရမည့် ဝတ္တရားများ စသည့် အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ရေယာဉ်ကြံ့ခိုင်မှုအပိုင်းကို တစ်နှစ်တစ်ခါ စစ်ဆေးတယ်၊ ရေယာဉ်ကို လုံခြုံစိတ်ချရအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ ခရီးသည်တွေ အသက်အန္တရာယ်ကင်းရှင်းပြီး သူတို့ရဲ့ပစ္စည်းတွေ မဆုံးရှုံးဖို့အတွက် စောင့်ရှောက်နိုင်အောင် ဝန်ထမ်းတွေကို မကြာခဏ လေ့ကျင့်သင်ကြားပေးတယ်၊ ခရီးသည်တွေနဲ့လည်း တွေ့ဆုံပြီး အသိပညာတွေ ပေးပါတယ်၊ ခရီးသည်တွေကို ပြောချင်တာက ဘယ်လိုအချိန်မျိုးပဲဖြစ်ဖြစ် ယုံကြည်စိတ်ချစွာနဲ့ စီးနင်းနိုင်ပါတယ်"ဟု ရေကြောင်းမှူးချုပ်က ပြောသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်သင်ကြားမှုများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနခွဲ ခြောက်ခုလုံးတွင် တစ်ပြိုင်နက်တည်း ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒလဆိပ်ကမ်းရှိ ချယ်ရီ(၂) သင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၅၀ အား ယနေ့မှ ဇွန် ၈ ရက်အထိ လေ့ကျင့်သင်ကြားပေးကြောင်း သိရသည်။

ဒလဆိပ်ကမ်းမှ ပန်းဆိုးတန်းဘက်သို့ နေ့စဉ် ချယ်ရီ (၁)၊ ချယ်ရီ (၂)၊ ချယ်ရီ (၃) ကူးတို့ရေယာဉ် သုံးစင်းဖြင့် တစ်စင်းနား နှစ်စင်းထွက် စနစ်ဖြင့် တစ်ရက်လျှင် ၄၆ ခေါက် ပုံမှန်ပြေးဆွဲကြောင်း၊ ရေယာဉ်တစ်စင်းတွင် ခရီးသည် ၁၂၀၀ အထိ လိုက်ပါစီးနင်းနိုင်သော်လည်း တစ်ခေါက်လျှင် လူဦးရေ ရာဂဏန်းခန့်သာ လိုက်ပါစီးနင်းပြီး တစ်ရက်လျှင်ခရီးသည် ၃၀၀၀၀ ကျော် လိုက်ပါစီးနင်းကြောင်း၊ ခရီးသည်များ အသက်အန္တရာယ်ကြုံတွေ့ပါက အသက်ကယ်အင်္ကျီ စုစုပေါင်း ၁၂၀၀ နှင့် အသက်ကယ်ဖော့ပြား (ဖောင်)များ အဆင်သင့်ထားရှိကြောင်း သိရသည်။



**သတင်းနှင့် ဓာတ်ပုံ-ဇာနည်မောင်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

**(ယမန်နေ့မှအဆက်)**

ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် တယ်လီဖုန်း၊ အင်တာနက်၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးတက်ရရှိစေရန် မိုဘိုင်းရေဒီယိုစခန်း ၇၇ ခု၊ စာတိုက်လုပ်ငန်း အသစ်ဝန်ဆောင်မှု ၂၈ ခု တိုးချဲ့ဆောင်ရွက်ပေးခဲ့ပါသည်။ ဖိုက်ဘာဆက်ကြောင်း ချခင်းမှုတွင် စစ်တွေ-အငူမော်-မောင်တော-ဘူးသီးတောင် ဆက်ကြောင်းနှင့် မောင်တော-တောင်ပြိုလက်ဝဲ ဆက်ကြောင်းတို့တွင် ၈၄ ကီလိုမီတာ ဆောင်ရွက်ပြီး ဖြစ်ပါသည်။

မြောက်ဦးလေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်း ပထမအဆင့်အနေဖြင့် Expression of Interest (EOI) ဖိတ်ခေါ်ခြင်းအား နိုင်ငံပိုင်သတင်းစာမှ ကြော်ငြာခေါ်ယူရန်နှင့် Request for Proposal (RFP) ရေးဆွဲရေးအတွက် Consultant ငှားရမ်းခွင့်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိ ထားပြီးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ EOI Document များကို Consultant ငှားရမ်း၍ ပြုစုရေးဆွဲလျက်ရှိပြီး Public Private Partnership-PPP စနစ်၏ လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ကူးသန်းသွားလာမှုတွင် အရေးပါသော စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်း မြေပြိုမှုပြုပြင်ခြင်းနှင့် လေယာဉ်ပြေးလမ်း ကတ္တရာရေပိတ်လွှာခင်းခြင်း၊ ကျောက်ဖြူလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း (၂၈၈၀×၁၀၀)ပေ အကွက်လိုက်ဖာထေးခြင်းနှင့် (၁၃၀၀×၅၀)ပေအား Seal နှစ်ထပ်တင်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ပိုင် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ အမ်းမြို့များသို့ ခရီးသည် ၄၅၁၉၇ ဦး ပို့ဆောင်ပေးခဲ့ရာ ပြည်တွင်းခရီးသည်များအားလုံး၏ ကိုးရာခိုင်နှုန်းရှိခဲ့ပါသည်။

ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုင်စင်များနှင့်ပတ်သက်ပြီး ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ယခင်က စာရွက်အထောက်အထား ကိုးမျိုးလိုအပ်ခဲ့ရာမှ ယခုအခါ စာရွက်အထောက်အထား သုံးမျိုးကိုသာလည်းကောင်း၊ သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် ယခင်က စာရွက်အထောက်အထား ၁၁ မျိုး လိုအပ်ခဲ့ရာမှ ယခုအခါ စာရွက်အထောက်အထား သုံးမျိုးကိုသာလည်းကောင်း တင်ပြရန် ဖြေလျှော့ပေးခဲ့ပါသည်။ ကုမ္ပဏီမှတ်ပုံတင်ကြေးများကိုလည်း ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ကျပ် ၅၀၀၀၀၀ မှ ကျပ် ၂၅၀၀၀၀ သို့ လျှော့ချပေးခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်အသိပေးမှု ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အလိုအလျောက် မိုးလေဝသတိုင်းထွာရေး ကိရိယာများကို ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ နည်းလမ်းအစီအစဉ်ဖြင့် ရခိုင်ပြည်နယ် မြို့နယ် ၁၀ မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနများနှင့် ဓညဝတီရေတပ်စခန်းဌာနချုပ်တည်ရှိရာ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့ စုစုပေါင်း ၁၂ မြို့နယ်တွင် တပ်ဆင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် မြေငလျင်တိုင်းစက်လေးလုံးကို ရခိုင်ပြည်နယ်ရှိ မြို့နယ်လေးမြို့နယ်၌ တပ်ဆင်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမြှင့်တင်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချခြင်းလုပ်ငန်းများအဖြစ် ရခိုင်ပြည်နယ် မြို့နယ်ခုနစ်မြို့နယ်တွင် စိုက်ပျိုးထားသော သစ်ပင်သစ်တောများ ဓမ္မတာမျိုးဆက်ခြင်း ကောင်းမွန်စေရန်အတွက် အထောက်အကူပြုလုပ်ငန်းများကို ၅၂၅ ဧက ဆောင်ရွက်ခြင်း၊ စီးပွားရေး(ပျဉ်းကတိုး) စိုက်ခင်း ဧက ၃၀၀ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောလမ်း မိုင် ၂၀ ပြင်ဆင်ခြင်း၊ ကြိုးဝိုင်းနယ်နိမိတ် မိုင် ၉၀ ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ် မိုင် ၈၀ ပြင်ဆင်ခြင်း၊ မီးကာကွယ်ခြင်း ဧက ၁၁၉၀၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောတိုးချဲ့ဖွဲ့စည်းခြင်း ၆၀၂ ဒသမ ၅ စတုရန်းမိုင်နှင့် သင်တန်းသား ၁၆၈ ဦးအတွက် သစ်တောသစ်ပင်ထိန်းသိမ်းမှုဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းပို့ချခြင်း သုံးကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ စပါးများကို အခြောက်ခံ တာရှည်သိုလှောင်ထိန်းသိမ်းထားနိုင်ရန်အတွက် တန်ချိန် ၅၀၀ ဝင်ဆံ့သည့် Silo(1)Set တည်ဆောက်မှုကို ဆောင်ရွက်လျက်ရှိရာ ၉၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။

မျိုးစေ့ထုတ်စိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းအနေဖြင့် ရခိုင်ပြည်နယ်တစ်ဝန်းရှိ မြို့နယ်အားလုံးတွင် နွေစပါး ၅၅ ဧက၊ မြေပဲ(ဆောင်း) ဧက ၂၀၊ မတ်ပဲ(ဆောင်း)ဧက ၅၀ နှင့် မိုးစပါးမျိုးသန့်ဇုန် ဧက ၂၅၀၀၊ မြေပဲဇုန် ဧက ၁၁၁၅၊ မတ်ပဲဇုန် ဧက ၁၀၆၀ တည်ထောင်ပေးနိုင်ခဲ့ပါသည်။ မြို့နယ်အသီးသီးတွင် မိုးစပါးစံပြကွက် ဧက ၃၃၀၊ မတ်ပဲစံပြကွက် ၉၅ ဧက၊ မြေပဲစံပြကွက် ဧက ၃၅၀၊ ရော်ဘာစံပြကွက် ဧက ၂၀၊ သီဟိုဠ်စံပြကွက် ဧက ၅၀၊ ကြံစံပြကွက် ၁၀ ဧက စသည်ဖြင့် အသီးသီး စိုက်ပျိုးနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများအတွက်လည်း မတ်ပဲသုတေသန စမ်းသပ်ကွက်သုံးကွက်၊ မြေပဲသုတေသန စမ်းသပ်ကွက်နှစ်ကွက်နှင့် နွေစပါးစိုက်နည်းစနစ် စမ်းသပ်ကွက်ငါးကွက်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆည်မြောင်းစနစ် တိုးတက်လာစေရန် အကူရေပို့လွှဲတပ်ဆင်ခြင်းလုပ်ငန်းတစ်ခု၊ လျှိုပိတ်ဆည်တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ ချောင်းပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုတို့ကို ရာနှုန်းပြည့်ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဆက်လက်၍ ကွန်ကရစ်ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းကိုးခု၊ တာပုံစံကျပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကိုးခု၊ လျှိုပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်း ၁၀ ခု၊ ရေငန်တားတာ တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ ရေချိုတမံ တည်ဆောက်ခြင်းလုပ်ငန်းလေးခု၊ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ ချောင်းပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းငါးခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သူ ဦးရေ

**နိုင်ငံသားဖြစ်မှု**

ရခိုင်ပြည်နယ်အတွင်း ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ (၆၅) အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားသူများအား ၁-၁-၂၀၁၈ ရက်မှ ၃၀-၄-၂၀၁၈ ရက်အထိကာလအတွင်း ဗဟိုအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အသက် ၁၀ နှစ်ပြည့်သူ ၈၇ ဦးနှင့် အသက် ၁၈ နှစ်ပြည့်သူ ၂၅၂ ဦး စုစုပေါင်း ၃၃၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပါသည်။ ထိုနိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူများသည် မြန်မာနိုင်ငံသားဥပဒေပုဒ်မ(၁၂)နှင့် ပုဒ်မ(၅၃)တို့တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်၏ ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ခံစားခွင့်ရှိပါသည်။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို တည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ၁-၁-၂၀၁၈ ရက်မှ ၃၀-၄-၂၀၁၈ ရက်အထိကာလအတွင်း မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု မြို့မ(၁) ရပ်ကွက်နှင့် မြို့မတောင်ရပ်ကွက်တို့တွင် NV Card ထုတ်ပေးခြင်းနှင့် Biometric Data စနစ်ဖြင့် မှတ်တမ်းတင်ခြင်း ၃၇၉ ဦး၊ စစ်တွေမြို့နယ် အောင်မင်္ဂလာရပ်ကွက် သက္ကယ်ပြင်ကျေးရွာနှင့် သဲချောင်းကျေးရွာတို့တွင် NV Card ထုတ်ပေးခြင်းနှင့် Biometric Data စနစ်ဖြင့် မှတ်တမ်းတင်ခြင်း ၁၉၀၇ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံသားစိစစ်မှု၏ အခြေခံဖြစ်သော NV Card လုပ်ငန်းစဉ် အရှိန်မြှင့်တင်ခြင်းကို စစ်တွေမြို့ရှိ သက္ကယ်ပြင်၊ IDP စခန်းနှင့် ခေါင်းဒုက္ကာ IDP စခန်း၊ ကျောက်တော်မြို့ရှိ နိဒင် IDP စခန်းတို့တွင် အဓိကရွှေ့ပြောင်းဧရိယာ (Pilot Area)အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအပြင် NV Card လာရောက်လျှောက်ထားသူများကိုလည်း နိုင်ငံသားစိစစ်မှုခံယူနိုင်ရေးအတွက် တစ်ပြိုင်တည်း လျှောက်ထားနိုင်ရန်ဆောင်ရွက်ထားပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း မိမိတို့ဆန္ဒအလျောက် NV Card ရယူခဲ့သူ ဦးရေ

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အနေဖြင့် စတင်လျှောက်ထားသည့်နေ့မှစ၍ ကိုင်ဆောင်သင့်သည့် လက်မှတ်ကတ်ပြား တစ်မျိုးမျိုးရရှိသည်အထိ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို အချိန်ငါးလခန့်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်ထားပါသည်။

နိုင်ငံသားဖြစ်ခွင့်မရရှိသူများသည် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၇၀(က) အရ အစိုးရအဖွဲ့ထံသို့ အယူခံတင်ပြပိုင်ခွင့်ရှိပြီး ပုဒ်မ ၇၀(ခ)အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည်ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်သူသုံးဦးတို့ကို ပြန်လည်စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံသားအဖြစ် ပြန်လည်သတ်မှတ်ပေးခဲ့ပါသည်။ နိုင်ငံသားမဟုတ်သော်လည်း မြန်မာနိုင်ငံအတွင်း နေထိုင်သူမှန်ကန်ပါက နိုင်ငံအတွင်းနေထိုင်ရန် NV ကတ်များ ကိုင်ဆောင်၍ နိုင်ငံတော်မှချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ နေထိုင်ခွင့်ရှိပါသည်။ မြန်မာနိုင်ငံတွင် အမြဲတမ်း လာရောက်နေထိုင်သော မြန်မာနိုင်ငံသားမဟုတ်သူများကို နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများ(Permanent Resident) ပြဋ္ဌာန်းသတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ပြန်လည်အသက်ဝင်ရန် ပြည်သူဘက်မှ ပူးပေါင်းဆောင်ရွက်လိုမှုများ ဖြစ်ပေါ်လာစေရေးအတွက် အားပေးဆောင်ရွက်သည့်အနေဖြင့် ၁-၁-၂၀၁၈ ရက်မှ ၃၁-၃-၂၀၁၈ ရက်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ကျောက်တော်၊ မောင်တောမြို့နယ်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အစ္စလာမ်ဘာသာဝင်များ နိုင်ငံတော်၏ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းဖော်ပြစာများ ဖြန့်ဝေခဲ့ပါသည်။

စိစစ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် တိုင်တန်းမှုများကို ဌာနအတွင်း စုံစမ်းစစ်ဆေး၍ မှန်ကန်ပါက အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ယင်းအပြင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ကလည်း ယင်းတို့ လက်ခံရရှိသည့် တိုင်ကြားချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးကာ မှန်ကန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

**လွတ်လပ်စွာသွားလာခွင့်**

ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအားလုံးကို ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံသားဖြစ်တည်မှုတို့အပေါ် အခြေခံသည့် မည်သည့်ခွဲခြားမှုကိုမှ မပြုဘဲ နိုင်ငံတော်၏တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ လူမှုစီးပွားဆိုင်ရာ အခွင့်အရေးများအပါအဝင် လွတ်လပ်စွာသွားလာခွင့်ရရှိရေးကို အချိန်ကာလနှင့် အရေးပါသောမှတ်တိုင်များ (milestones) ပါဝင်သည့် လမ်းပြမြေပုံရေးဆွဲ၍ တိုးတက်ဖော်ဆောင်ပေးလျက်ရှိရာ NV Card ကိုင်ဆောင်သူများသည် မောင်တောခရိုင်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိပြီ ဖြစ်ပါသည်။ ယင်းလွတ်လပ်စွာ သွားလာခွင့်နှင့် စပ်လျဉ်းသည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးသုံးသပ်၍ ဖြေလျှော့သင့်သည်များကို ဖြေလျှော့ဆောင်ရွက်ခဲ့ရာ ပြည်နယ်ပြင်ပ သွားလာမှုမှာ ၁-၁-၂၀၁၈ ရက်မှ ၃၀-၄-၂၀၁၈ ရက်အတွင်း ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ ယာယီခရီးသွားလာခွင့်လက်မှတ် ပုံစံ(၄)ဖြင့် ခရီးသွားခွင့်ပြုသူ ကျား ၃၁ ဦး၊ မ ၂၇ ဦး စုစုပေါင်း ၅၈ ဦးရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း လူမှုအဖွဲ့အစည်းများအချင်းချင်း ကူးလူးဆက်ဆံသွားလာမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန် လွတ်လပ်စွာသွားလာခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်းသည့် အသိပေးဆွေးနွေးမှုများကို ၄-၃-၂၀၁၈ ရက်နှင့် ၅-၃-၂၀၁၈ ရက်များတွင် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်နှင့် စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်းတို့တွင်လည်းကောင်း၊ ၂၇-၃-၂၀၁၈ ရက်နှင့် ၂၈-၃-၂၀၁၈ ရက်များတွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ရုံးအနေဖြင့်လည်း ဒေသနေပြည်သူများ လွတ်လပ်လုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် လုံခြုံရေးစီမံချက်ရေးဆွဲ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယင်းအပြင် ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုငယ်များ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ချယ်ထားသော ဥပဒေများ၊ ဒေသအလိုက်ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ ရှိ၊ မရှိဆန်းစစ်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို၊ ခမီ၊ ဒိုင်းနက်(ခေါ်)သက္ကမ၊ အရှိုချင်း၊ စုမ်းတူချင်း၊ လိုင်စေချင်း၊ လေးတူချင်း၊ မရမာကြီး၊ ကမန်အစရှိသည့် ဒေသနေတိုင်းရင်းသားလူမျိုးစုငယ် ကိုယ်စားလှယ်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ၇-၄-၂၀၁၈ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ တက်ရောက်လာသူ တိုင်းရင်းသားလူမျိုးစုငယ် ကိုယ်စားလှယ်များအနေဖြင့် များစွာကျေနပ်မှုရှိကြောင်းလည်း သိရပါသည်။

**IDP ကိစ္စရပ်များ**

IDPစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် အချိန်ဇယားတို့ပါဝင်သော IDPစခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ်ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၈ ခုနှစ် ဇွန် ၂ ရက်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်၍ နေပြည်တော်တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ အမြန်ဆုံးပိတ်သိမ်းပြီး တည်ငြိမ်အေးချမ်းသော လူမှုဝန်းကျင် ဖော်ဆောင်နိုင်ရေးအတွက် IDP စခန်းများကို စနစ်တကျပိတ်သိမ်းနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြေပုံမြို့နယ် တောင်ပေါ် IDP စခန်းပိတ်သိမ်းနိုင်ရန် စခန်းနေသူများအတွက် ပထမအဆင့်အနေဖြင့် တန်ဖိုးနည်းအိမ်ရာ အလုံး ၅၀ ဆောက်လုပ်ပြီးဖြစ်၍ နေရာချထားမှုများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဒုတိယအဆင့် အိမ်ရာအလုံး ၅၀ ကိုလည်း ထပ်မံဆောက်လုပ်လျက်ရှိကာ အခြားလိုအပ်သော လမ်း၊ တံတားလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန် စီမံထားရှိပြီးဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# လိုင်စင်အတုပြုလုပ်ရောင်းချသူများအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဇွန် ၅**

လူမှုကွန်ရက်စာမျက်နှာတွင် Wai Yan အကောင့်ဖြင့် မတ် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနောက်ပိုင်းခရိုင် ဦးစီးမှူး လက်မှတ်ပါရှိသည့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးနေကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းဖော်ထုတ်ရေး ရဲတပ်ဖွဲ့ဝင်များနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဖော်ထုတ်ခဲ့သဖြင့် မော်တော်ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ရောင်းချသူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ မေ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် Wai Yan အကောင့်တွင် ဖော်ပြပါရှိသည့် ဖုန်းနံပါတ်ဖြင့် ဆက်သွယ်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ် ဘောလီတံတားအဆင်း လက်ဖက်ရည်ဆိုင်၌ စမ်းချောင်းမြို့နယ်နေ မမေပွင့်ဖြူ(၂၆)နှစ်နှင့် အင်းစိန်မြို့နယ်နေ မထိုက်ဇာခြည်သင်း (၂၆)နှစ်တို့ရောက်ရှိလာပြီး ယာဉ်မောင်းလိုင်စင်ကို ငွေကျပ် ၂၅၀၀၀၀ ဖြင့် ပြုလုပ်ပေးမည်ဖြစ်ကြောင်း စရန်ငွေကျပ် ၅၀၀၀၀ ပေးရမည်ဖြစ်ကြောင်းနှင့် လိုင်စင်ကို ဇွန် ၁ ရက်တွင် ရရှိမည်ဖြစ်ကြောင်း ချိန်းဆိုခဲ့သည်။

ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်သို့ မမေပွင့်ဖြူနှင့် မထိုက်ဇာခြည်သင်းတို့ ရောက်ရှိလာသဖြင့် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ရှာဖွေရာ ၎င်းတို့ကိုင်ဆောင်ထားသည့် အိတ်အတွင်းမှ ယာဉ်မောင်းလိုင်စင်အတု၊ ပြေစာ၊ ဓာတ်ပုံ၊ လက်ကိုင်ဖုန်းသုံးလုံး၊ လိပ်စာကတ်နှင့် ငွေကျပ် ၁၅၃၆၅၀ ကို သိမ်းဆည်းရရှိခဲ့သည်။

၎င်းတို့နှစ်ဦးအား စစ်ဆေးချက်အရ လှိုင်သာယာမြို့နယ် အမှတ်(၆) ရပ်ကွက်နေ မဂျူလီယာ(ခ) မဂျူလီယာနူး (၂၂)နှစ်က ယာဉ်မောင်းလိုင်စင်တစ်ခုကို ငွေကျပ် ၁၃၀၀၀၀ ဖြင့် ပြုလုပ်ပေးကြောင်း၊ ၎င်းတို့နှစ်ဦးက လိုင်စင်ပြုလုပ်သူများထံမှ ငွေကျပ် ၂၅၀၀၀၀ လက်ခံယူခဲ့ပြီး မဂျူလီယာ(ခ) မဂျူလီယာနူးထံ ဘဏ်မှတစ်ဆင့် ငွေလွှဲပေးရကြောင်း ပေါ်ပေါက်သဖြင့် မဂျူလီယာ (ခ) မဂျူလီယာနူး နေထိုင်သည့် နေအိမ်သို့ သွားရောက်ရှာဖွေရာ ၎င်းနေအိမ် ကွန်ပျူတာခုံအံဆွဲအတွင်းမှ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တံဆိပ်ပါ ယာဉ်မောင်းလိုင်စင်အတုများ သိမ်းဆည်းရမိခဲ့သည်။

မဂျူလီယာ(ခ)မဂျူလီယာနူးအား စစ်ဆေးရာ WeChat မှ ခင်မင်ရင်းနှီးသူ ထွန်းလှိုင်ဆိုသူထံမှ ယာဉ်မောင်းလိုင်စင်တစ်ခုကို ငွေကျပ် ၉၀၀၀၀ ဖြင့် မှာယူရကြောင်း၊ လိုင်စင်ကို ထွန်းလှိုင် ချိန်းဆိုသည့်နေရာသို့ သွားရောက်ယူဆောင်ရကြောင်း ပေါ်ပေါက်သဖြင့် WeChat မှတစ်ဆင့် ထွန်းလှိုင်ကို ဆက်သွယ်ခဲ့ရာ ၎င်းချိန်းဆိုသည့် လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက် စတိုးဆိုင်ရှေ့တွင် ယာဉ်မောင်းလိုင်စင်အတုနှင့်အတူ ထွန်းလှိုင်အား ဖမ်းဆီးရမိခဲ့ပြီး အမှတ်(၁၃)ရပ်ကွက်ရှိ ၎င်းနေထိုင်သည့်အိမ်သို့ သွားရောက်ရှာဖွေရာ လိုင်စင်အတုပြုလုပ်ရာတွင် အသုံးပြုသည့် ကာလာပရင်တာ၊ စမတ်ကတ်ထုတ်သည့် စက်၊ လက်တော့ပ်၊ CD နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ထွန်းလှိုင်ကို စစ်ဆေးခဲ့ရာ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ရာတွင် လှိုင်သာယာမြို့နယ် အမှတ်(၆) ရပ်ကွက်နေ ဇော်လင်းအောင်(၄၆) နှစ်နှင့်အတူ ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ဇော်လင်းအောင် နေအိမ်သို့ သွားရောက်ရှာဖွေရာ ယာဉ်မောင်းလိုင်စင်အတု ပြုလုပ်ရာတွင် အသုံးပြုသည့်ယာဉ်မောင်းလိုင်စင် စစ်ဆေးသည့် စက်၊ လက်တော့ပ်၊ စာရွက်စာတမ်းများ သိမ်းဆည်းရမိသည့်အပြင် လိုင်စင်မဲ့ယာဉ်များဖြစ်သည့် Alphard တစ်စီးနှင့် Mark-II တစ်စီးတို့ကို သိမ်းဆည်းရမိပြီး လှိုင်သာယာမြို့နယ် FMI ဝင်းအတွင်းရှိ နေအိမ်တွင်လည်း အတုပြုလုပ်ကြောင်း ပေါ်ပေါက်သဖြင့် ဆက်လက်ရှာဖွေရာ ဆော့ဝဲနှစ်ခွေ၊ စမတ်ကတ်ထုတ်သည့် စက်၊ လက်တော့ပ်တစ်လုံး၊ ယာဉ်မောင်းလိုင်စင်ကတ် အတုပြုလုပ်ရာတွင် အသုံးပြုသည့်ကတ်များနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်များကို အတုပြုလုပ်ရောင်းချသူ မမေပွင့်ဖြူပါ ငါးဦးတို့အား သက်ဆိုင်ရာရဲစခန်းများတွင် အသီးသီးအမှုဖွင့် အရေးယူထားပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညအချိန် ကားများကို အကြောင်းမဲ့ အုတ်နီခဲဖြင့် ပစ်ခတ်သူအား ဖမ်းဆီးရမိ

**သထုံ ဇွန် ၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး မိုးကောင်းကျေးရွာအုပ်စု ကရင်လေးဆိပ်ကျေးရွာ၌ ညအချိန် ခရီးသွားလာနေသော မော်တော်ယာဉ်များကို အကြောင်းမဲ့ ခဲများဖြင့် ပစ်ပေါက်ခဲ့သူကို ဇွန် ၅ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် ည ၈ နာရီခန့်က ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီး မိုင်တိုင် (၁၃၅/၄) နှင့် (၁၃၅/၅) ကြားတွင် ငြိမ်းချမ်းကျော် မောင်းနှင်လာသော ယာဉ်အမှတ် 3N/---- ဘုရားဖူးပို့ဆောင်ရေး မှန်လုံယာဉ်နှင့် အာကာစိုး မောင်းနှင်လာသော ယာဉ်အမှတ် 3P/---- ယာဉ်တို့ကို လမ်းဘေးမှ ခဲဖြင့်ပစ်ပေါက်သဖြင့် ဘုရားဖူးမှန်လုံယာဉ်၏ ဝဲဘက်ဘေး နောက်ပိုင်း စတုတ္ထမှန်ချပ်ကွဲပြီး အုတ်ခဲတစ်လုံးကားအတွင်း ကျရောက်ခဲ့ကြောင်း၊ ကျန်မော်တော်ယာဉ်၏ ဝဲဘက်နောက်မှန် ကွဲအက်ပျက်စီးသွားကြောင်း ဦးအောင်ကျော်ကျော်ထွန်း(တာဝန်ခံ၊ ဘုရားဖူးခရီးသွားပို့ဆောင်ရေး) က သိမ်ဆိပ်နယ်မြေရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ထို့နောက် စခန်းမှူးရဲအုပ်သိန်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက မိုးကောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇေယျာနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် နှစ်ရက်အတွင်း ကားများကို ခဲဖြင့်ပစ်ပေါက်သူ သက်ဝေဦး(၂၂)နှစ် ကရင်လေးဆိပ်ကျေးရွာနေသူအား ဇွန် ၅ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိသဖြင့် သိမ်ဆိပ်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | ရင်ဆိုင်ကျော်လွှား အဖြူရောင် အန္တရာယ်များ |
| ၉း၁၀ | စိုက်ပျိုးရေးရာအဖြေရှာ "၂၀၁၈ မျိုးစေ့ပြပွဲ" |
| ၉း၃၀ | ရှန်းကန်လှုပ်ရှားဘဝများ "တံငါသည်တို့ရဲ့ရုန်းကန် လှုပ်ရှားနေရတဲ့ဘဝ" |
| ၉း၄၀ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (သရုပ်ဆောင်-ဖြိုးငွေစိုး၊ ဒါရိုက်တာ ကြည်ဖြူသျှင် |
| ၁၀း၃၀ | Catch Asia News |
| ၁၀း၄၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "လက်စားချေနတ်သမီး" (ဖြိုးငွေစိုး၊ သြဘာ၊ သက်မွန်မြင့်၊ နန်းဆုဦး) (ဒါရိုက်တာ-ညီမင်းလွင်) |
| ၁၁း၂၅ | "မျှော်လင့်ခြင်းရဲ့ မနက်ဖြန် (မင်းသူ၊ လင်းဇာနည်ဇော်၊ ခင်စန္ဒာကျော်၊ ဂျိုကာ) (ဒါရိုက်တာ-ရဲထွန်းမြတ်) |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၄) |
| ၁၃း၁၀ | ငြိမ်းချမ်းရေး ဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II)(ပွဲစဉ်-၄) နေပြည်တော်(ပထမပိုင်း) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၃၅) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | မျှော်လင့်ခြင်းရောင်ခြည်(၁) |
| ၁၇း၀၅ | အနုပညာခန်းရိပ်သာ သတင်းစာဆရာ/စာရေးဆရာ မောင်ဝံသအကြောင်းတွေ့ဆုံ မေးမြန်းခြင်း" |
| ၁၇း၂၀ | "သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "သားပိုက်ကောင်" [ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ ရွှေသမီး) (ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)] |
| ၁၇း၃၅ | MRTV Travelogue |
| ၁၈း၂၀ | Football Magazing |
| ၁၈း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အရိပ်မဲ့ပြဇာတ်၏အနားသတ်" (ဦးခင်မောင်ချင်း၊ ပွင့်နဒီမောင်၊ ဆောင်းရနံ့၊ မာမာကြည်၊ မကြည်ငွေး (ဒါရိုက်တာသိမ်းစိုး) (သီဟရတနာ) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ ကြမ္မာနံ့ (အပိုင်း-၂၉) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | သူတို့ဒေသသူတို့ဘဝ "သာသနာထွန်းပြောင် ပြက္ခရွှေ့တောင်" -သုခုမရင်ခွင်အငြိမ့်သဘင် "ဒို့မိတ်ဆွေအငြိမ့်" (မင်းသမီး-ရှင်ထိပ်ထား၊ လူရွှင်တော်-စူပါ၊ ပေါ်ဦး စိန်ပန်းသီး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၂၀) အစီအစဉ်ပြီး၏။ |

# သာစည်မြို့နယ်တွင် အမျိုးသားတစ်ဦး စစ်ကျန်ကျည်ဆန်အဟောင်းကို ထုခွဲရာမှ ပေါက်ကွဲသေဆုံး

**မိတ္ထီလာ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆင်ရွာကျေးရွာ၌ အမျိုးသားတစ်ဦးသည် ဇွန် ၄ ရက် ညနေ ၅ နာရီခွဲက စစ်ကျန်ကျည်ဆန်အဟောင်းကို ထုခွဲရာမှ ပေါက်ကွဲထိမှန်ကာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်မြို့နယ် ဆင်ရွာကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာ ငြိဇဉ်အင်းကွင်း အမှတ် (၁၇၈၀)အတွင်း၌ တောင်သူလုပ်ငန်းဖြင့် တောထဲတွင် နေထိုင်သော ကိုသိန်းဇော် (၃၁)နှစ်သည် အရှည်နှစ်လက်မခွဲခန့်ရှိပြီး ကျည်ဆန်ထိပ်ဖူးတစ်လက်မခန့်၊ လုံးပတ်တစ်ကျပ်လုံးခန့်ရှိသော စစ်ကျန်ကျည်ဆန်အဟောင်းတစ်တောင့်ကို သစ်သားတုံးပေါ်တင်၍ မူလီသံချောင်းဖြင့် ထုနှက်ရာမှ ပေါက်ကွဲကာ ကိုသိန်းဇော်၏ လည်ပင်းတွင် ကျည်ဆန်ပေါက်ထွက်ဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်ချောင်းများတွင် ပေါက်ပြဲဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး အခင်းဖြစ်စဉ်အနီးရှိ ကိုသိန်းဇော်၏ တူမတော်စပ်သူ မအေးသန္တာလင်း(၄)နှစ် ဆင်ရွာကျေးရွာနေသူတွင် ယာဘက်ခြေသလုံးတွင် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဟံဇားနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၂/၂၀၁၈)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စစ်ကိုင်းမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား ခုနစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိ

**စစ်ကိုင်း ဇွန် ၅**

စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာအနီးတွင် ဇွန် ၅ ရက် နံနက် ၁၁ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ခြင်းကြောင့် ခုနစ်ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာအနီး မိုင်တိုင်အမှတ်(၂၃/၁)နှင့် (၂၃/၂)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ အခင်းဖြစ်ရာသို့သွားရောက် ကြည့်ရှုစစ်ဆေးရာ လေးမင်းမောင်းနှင်သည့် 8H /---- လိုက်ထရပ်ယာဉ်သည် စစ်ကိုင်းမှ အုန်းတောသို့ မောင်းနှင်လာစဉ် ယာဉ်အမှတ် 6P/---- ကင်တာ ခြောက်ဘီးယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး 8H /---- လိုက်ထရပ်ယာဉ်ကို ဝင်ရောက်တိုက်မိရာ လိုက်ထရပ်ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါခရီးသည် ၁၆ ဦးအနက် ခုနစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

ထွက်ပြေးသွားသော ကင်တာယာဉ်မောင်းအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆက်စပ်ရဲစခန်းများနှင့် ချိတ်ဆက်၍ ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိ၊ သေဆုံးသူများကို စစ်ကိုင်း၊ မန္တလေးဆေးရုံများသို့ တင်ပို့ကုသပေးထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၅**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇွန် ၄ ရက်က NISSAN CONDOR မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ရော်ဘာသားထင်းချောင်းများ၏အောက်၌ တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Refined Sugar (1×50 KG) အိတ် ၁၅၀ နှင့်ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၈၀ သန်းခန့်ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၇ စီး၊ သွင်းကုန် ၉၇၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅ စီး၊ သွင်းကုန် ၂၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၄ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၅၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၀၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၀၃၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဟယ်ရီကိန်း ကျောနံပါတ် ၉ နှင့် စတာလင် ကျောနံပါတ် ၁၀ ဝတ်ဆင်ကစားမည်



ငွေကြယ်-ရေးသားသည်

အင်္ဂလန်အသင်းသည် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားမည့် ကစားသမားစာရင်းကို ကြေညာပြီးနောက် အသင်းခေါင်းဆောင် ဟယ်ရီကိန်းသည် ကျောနံပါတ် ၉ ဝတ်ဆင်ကစားမည်ဖြစ်ပြီး စတာလင်မှာ ကျောနံပါတ် ၁၀ ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အင်္ဂလန်အသင်း၏ နံပါတ်တစ် ဝတ်ဆင်ကစားမည့် ဂိုးသမားမှာ ဂျော်ဒန်ပစ် ဖြစ်လာခဲ့ပြီး တိုက်စစ်မှူး ဗာဒီက ကျောနံပါတ် ၁၁ ကိုလည်းကောင်း၊ ရက်ရှ်ဖို့ဒ်က ကျောနံပါတ် ၁၉ ကိုလည်းကောင်း၊ ဒီလီအလီက ကျောနံပါတ် ၂၀ ကိုလည်းကောင်း၊ အလက်ဇန္ဒားအာနိုးက ကျောနံပါတ် ၂၂ ကိုလည်းကောင်း ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လင်ဂတ်က ကျောနံပါတ် ၇၊ ဒန်နီဝဲလ်ဘက်က ကျောနံပါတ် ၁၄၊ လော့တပ်ချိခ်က ကျောနံပါတ် ၂၁၊ ကီလီဝေါ်ကာက ကျောနံပါတ် ၂၊ ဂွန်စတုန်းက ကျောနံပါတ် ၅၊ မာဂွီယာက ကျောနံပါတ် ၆ အသီးသီးဝတ်ဆင်ကစားမည်ဖြစ်ပြီး အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားအုပ်စုအဆင့် ပထမဆုံးပွဲစဉ်အဖြစ် ဇွန် ၁၈ ရက်တွင် တူနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နည်းပြ ဆောက်ဂိတ်သည် ဂယ်ရီကာဟေးလ်ကို ကျောနံပါတ် ၁၅၊ ဖီးဂျုံးစ်ကို ကျောနံပါတ် ၁၆၊ အဲရစ်ဒိုင်ယာကို ကျောနံပါတ် ၄ နှင့် ဂျော်ဒန်ဟန်ဒါဆန်ကိုကျောနံပါတ် ၈ ဝတ်ဆင်ကစားစေမည်ဖြစ်သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားအုပ်စုအဆင့် ပွဲစဉ်များအဖြစ် ဇွန် ၂၄ ရက်တွင် ပနားမားအသင်းနှင့်လည်းကောင်း၊ ဇွန် ၂၈ ရက်တွင် ဘယ်လ်ဂျီယံအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

# မန်ယူကွင်းလယ်ကစားသမား ဖရက်ဒ် ကျောနံပါတ်ဘယ်လောက် ဝတ်ဆင်ခွင့်ရမလဲ



မန်ယူအသင်းဟာ ကွင်းလယ်ကစားသမားဖရက်ဒ်ကို ပြောင်းရွှေ့ကြေးပေါင် ၅၂ သန်းနဲ့ ခေါ်ယူမှာဖြစ်ကာ လက်ရှိမှာ ကျန်းမာရေးဆိုင်ရာ ဆေးစစ်မှုများ ပြုလုပ်လျက်ရှိပြီး မန်ယူအသင်းအတွက် ပထမဆုံး စာချုပ်ချုပ်ဆိုတဲ့ ကစားသမား ဖြစ်လာတော့မှာပါ။

မန်ယူအသင်းနဲ့ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းတို့ကလည်း ကွင်းလယ်ကစားသမား ဖရက်ဒ်ရဲ့ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး သဘောတူစာချုပ် ချုပ်ဆိုထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် မန်ယူအသင်းရဲ့ကွင်းလယ်ဖန်တီးရှင်တစ်ဦးဖြစ်လာမယ့် ဖရက်ဒ်အတွက် မန်ယူအသင်းမှာ ကျောနံပါတ် ဘယ်လောက် ဝတ်ဆင်ကစားမလဲဆိုတာက စိတ်ဝင်စားစရာပါ။

လက်ရှိမန်ယူအသင်းမှာတော့ ကျောနံပါတ် ၁၀ ဟာ ဝတ်ဆင်မယ့်သူမရှိဘဲ လစ်လပ်နေပါသေးတယ်။ ပရီမီယာလိဂ်သမိုင်းကြောင်းတစ်လျှောက်မှာဆိုရင် မန်ယူအသင်းမှာ ကျောနံပါတ် ၁၀ ဝတ်ဆင်ကစားတဲ့ ကစားသမားတွေကတော့ ရွန်းနီ၊ မာ့ခ်ဟုဂျ်၊ နစ္စတယ်ရွိုင်းတို့ပဲဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား မာတာဟာ လက်ရှိမှာ ကျောနံပါတ် ၈ ကို ဝတ်ဆင်ကစားလျက်ရှိပြီး လစ်လပ်နေတဲ့ ကျောနံပါတ် ၁၀ ကို မာတာက ပြောင်းလဲဝတ်ဆင်ပြီး ဖရက်ဒ်ကို ကျောနံပါတ် ၈ ပြောင်းပေးဖို့လည်း ရှိနေပါတယ်။

ကွင်းလယ်ကစားသမား ဖရက်ဒ်ဟာ ၂၀၁၃ ခုနှစ် ယူကရိန်းကလပ် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းကို ပြောင်းရွှေ့လာချိန်ကတည်းက ကျောနံပါတ် ၈ ကို ဝတ်ဆင်ကစားခဲ့သူပါ။ မန်ယူအသင်းရဲ့ နာမည်ကြီး ကစားသမားတွေ ဝတ်ဆင်လေ့ရှိတဲ့ ကျောနံပါတ် ၁၆ ကလည်း လက်ရှိမှာ လစ်လပ်နေပါတယ်။ အရင်က မိုက်ကယ်ကားရစ် ဝတ်ဆင်ခဲ့တာဖြစ်ပြီး ကားရစ်ဟာ ၂၀၀၆ ခုနှစ် စပါးအသင်းကနေ မန်ယူအသင်းကို ပြောင်းလာကတည်းက စတင်ကာ ၁၂ နှစ်ကြာ ဝတ်ဆင်ကစားခဲ့သူဖြစ်ပါတယ်။ ဒ့ါအပြင် ကားရစ်အရင် ရွိုင်ကိန်းက ၁၃ နှစ်ကြာ ဝတ်ဆင်ကစားခဲ့ဖူးပါတယ်။

အခု နွေရာသီအပြောင်းအရွှေ့ကာလမှာ လစ်လပ်သွားနိုင်တဲ့ ကျောနံပါတ်တွေလည်း ရှိပါသေးတယ်။ အဲဒါကတော့ ကျောနံပါတ် ၂၇ နဲ့ ၃၆ ဖြစ်ပြီး အဲဒီနံပါတ်တွေကတော့ ဖယ်လိုင်နီနဲ့ ဒါမီယန်တို့ ဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ မန်ယူအသင်းမှာ ကျောနံပါတ် ၁ ဒီဂီယာ၊ ၂ လင်ဒီလော့ဖ်၊ ၃ ဘိုင်လီ၊ ၄ ဖီးဂျုံးစ်၊ ၅ ရိုဂျို၊ ၆ ပေါ့ဂ်ဘာ၊ ၇ ဆန်းချက်ဇ်၊ ၈ မာတာ၊ ၉ လူကာကူ၊ ၁၁ မာရှယ်၊ ၁၂ စမောလင်း၊ ၁၄ လင်ဂတ်၊ ၁၇ ဒါလေဘလိုင်း၊ ၁၈ အက်ရှ်လေယန်း၊ ၁၉ ရက်ရှ်ဖို့ဒ်၊ ၂၀ ရိုမီရို၊ ၂၁ ဟာရဲရား၊ ၂၃ လုခ်ရှော၊ ၂၄ ဖိုဆူမန်ဆက်၊ ၂၅ ဗလန်စီယာ၊ ၂၇ ဖယ်လိုင်နီ၊ ၃၁ မာတစ်၊ ၃၂ ဂွန်စတုန်း၊ ၃၆ ဒါမီယန်၊ ၃၈ တူယန်ဇီဘီ၊ ၃၀ တိုနီနေး စသဖြင့် ဝတ်ဆင်ကစားလျက်ရှိပြီး ဖရက်ဒ်ရောက်ရှိလာပါက ဘယ်နံပါတ်ကို ဝတ်ဆင်ကစားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

# ပြင်သစ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရာဖေးလ်နာဒယ် တက်လှမ်း

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံ ၁၀ ကြိမ်အထိ ရယူခဲ့ဖူးသည့် စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် ဂျာမနီတင်းနစ်ကစားသမား မက်ဇီမီလီယန်မာတီရာကို အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ်ရှိ ရာဖေးလ်နာဒယ်သည် မက်ဇီမီလီယန်မာတီရာအား ၆-၃၊ ၆-၂၊ ၇-၆(၇-၄)ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့် ၁၁ နေရာတွင် ရပ်တည်လျက်ရှိသည့် ဒီယေဂိုချဝက်ဇ်မန်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဂျင်တီးနားတင်းနစ်ကစားသမား ဒီယေဂိုချဝက်ဇ်မန်းသည် တောင်အာဖရိကတင်းနစ်ကစားသမား ကီဗင်အန်ဒါဆန်အား ၁-၆၊ ၂-၆၊ ၇-၅၊ ၇-၆(၇-၀)၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ပြီး ကစားသမားဘဝတစ်လျှောက် ဂရန်းဆလမ်းပြိုင်ပွဲများတွင် ဒုတိယအကြိမ်အဖြစ် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တစ်ဦးချင်းချန်ပီယံအဖြစ် ၁၀ ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ပြီး ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၇ တို့တွင် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင်လည်း ပြင်သစ်အိုးပင်းချန်ပီယံဖြစ်လာရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။





# အမ်မရီကန်နှင့် ဂျူဗင်တပ် လေးနှစ် စာချုပ်ချုပ်ဆိုရန် သဘောတူပြီးဖြစ်

လီဗာပူးကွင်းလယ်ကစားသမား အမ်မရီကန်သည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။

အမ်မရီကန်သည် လက်ရှိတွင် အီတလီစီးရီးအေချန်ပီယံဂျူဗင်တပ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူထားပြီး ကျန်းမာရေးစစ်ဆေးမှုများကို လာမည့်တစ်ပတ်အတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သဘောတူညီထားသည့် စာချုပ်အရ ဂျူဗင်တပ်အသင်းက ကွင်းလယ်ကစားသမား အမ်မရီကန်၏ အပြောင်းအရွှေ့နှင့်စပ်လျဉ်း၍ ပြောင်းရွှေ့ကြေးပေါင် လေးသန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အမ်မရီကန်သည် ၂၀၁၄ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက လေဗာကူဆင်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ အမ်မရီကန်သည် ကွင်းလယ်ကစားသမားဆိုသော်လည်း တချို့ပွဲစဉ်များတွင် ဗဟိုနောက်ခံကစားသမားအဖြစ်လည်း ပါဝင်ကစားနိုင်သူဖြစ်သည်။

ကွင်းလယ်ကစားသမား အမ်မရီကန်သည် လီဗာပူးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သော်လည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်း၏ ရွေးချယ်ခြင်းမခံခဲ့ရပေ။

ထို့ပြင် လီဗာပူးအသင်းက ယခုအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ဖာဘင်ဟိုကို ခေါ်ယူထားခဲ့ပြီဖြစ်သောကြောင့် ကွင်းလယ်ကစားသမား အမ်မရီကန်အနေဖြင့် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

# အထူးသတိထား ကြိုတင်ကာကွယ်စောင့်ကြည့်ရမည့် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်

သန်းဖြိုးနိုင် (ကညင်ကျိုး)

မိုးဦးဝင်စမိုးများတဲ့ကာလမှာ အဖြစ်အများဆုံးနဲ့ သတိထားကာကွယ်ဖို့အသင့်ဆုံး ရောဂါတစ်ခုကို ပြောပါဆိုရင် သွေးလွန်တုပ်ကွေးရောဂါကိုပဲ လက်ညှိုးထိုးပြရမှာပဲဖြစ်ပါတယ်။ ဒီသွေးလွန်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး ပြန်လည်ဆန်းစစ်ကြည့်ရင် ယခင် ၂၀၁၇ ခုနှစ်မှာပိုမိုအဖြစ်များတာ သိခဲ့ကြရမှာပါ။ ဒီရောဂါနဲ့ ပတ်သက်လို့လည်း မဖြစ်ပွားမီမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနက ယခုရက်ပိုင်းမှာ ပြည်သူအများသိရှိလိုက်နာကြဖို့ အကြံပြုနှိုးဆော်စာတွေ ထုတ်ပြန်ပေးနေတာလည်း တွေ့ရပါတယ်။

ဒီရောဂါကြောင့် ယခင်နှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းကို ပြန်လေ့လာလိုက်ရင် ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းမှာပင် နှစ်စကနေ ဇွန်လပထမပတ်အထိဖြစ်ပွားသူ ၁၅၂၀ ရှိကာ သေဆုံးသူ ကိုးဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၆ မြို့နယ်မှာတော့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၉၀၀ ခန့်ရှိခဲ့ပြီး ၁၁ ဦး အသက်ဆုံးရှုံးခဲ့ရတယ်လို့ စာရင်းတွေအရသိခဲ့ရပါတယ်။ ဒါ့ကြောင့်မို့ ဒီနှစ်မှာလည်း အလားတူရောဂါမကျရောက်မီကတည်းကပဲ ပြည်သူများအနေနဲ့ ကြိုကြိုတင်တင် ကာကွယ်မှုတွေ ပြုလုပ်ထားဖို့လိုသလို ဒီရောဂါဖြစ်ပွားမှုနဲ့ဆိုင်တဲ့ အကြောင်းအရာတွေကိုလည်း ဂဃနဏသိရှိထား ကြဖို့ ရည်ရွယ်ရင်း ဒီဆောင်းပါးကိုရေးဖြစ်ပြန်တာပါ။

**ဘာ့ကြောင့် ဒီရောဂါဖြစ်ပွားရတာလဲ**

ဒီကာလမှာ ဒီလိုသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်ရတာဟာ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်ပြီး အပူချိန်မြင့်နေရာမှ ရုတ်တရက် မိုးရွာသွန်းမှုကြောင့်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန သွေးလွန်တုပ်ကွေးစီမံကိန်းမန်နေဂျာ ဒေါက်တာခင်နန်းလုံက ပြောကြားခဲ့ပါတယ်။ "ဒီအချိန်က ပုံမှန်တော့ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လျော့နေကျပါ၊ ဒါပေမယ့် နေ့အပူချိန်တွေ အလွန်များပြီးတော့မှ ခုလို မိုးရွာလိုက်တော့ ခြင်တွေပေါက်ပွားမှု ပိုမိုမြန်ဆန်လာတယ်၊ ဒါကြောင့် ဖြစ်ပွားမှုနှုန်းနည်းနည်း ပြန်မြင့်လာနိုင်ခြေတော့ ရှိပါတယ်" လို့လည်းရှင်းပြထားပါသေးတယ်။ လက်ရှိအခြေအနေမှာ 'ကမ္ဘာ့လူဦးရေထက်ဝက်ခန့်ဟာသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေပြီး တစ်နှစ်လျှင် ရောဂါကူးစက်ခံရသူ သန်း ၄၀၀ နီးပါးရှိကြောင်း၊ အဲ့ဒီထဲမှာ လူကြီး ၁၀ ရာခိုင်နှုန်းနဲ့ ကလေး ၃၀ ရာခိုင်နှုန်း ပါဝင်ပြီး ယခုလိုမိုးဦးကျကာလ ဇွန်၊ ဇူလိုင်လတွေမှာ စတင်ဖြစ်ပွားကြောင်း' နိုင်ငံတကာ သွေးလွန်တုပ်ကွေးရောဂါ သုတေသီများက ဆိုထားကြတယ်လို့ဆိုပါတယ်။

**ရောဂါ၏ သဘောသဘာဝ**

သွေးလွန်တုပ်ကွေးရောဂါဆိုတာသဘာဝအရပြောရရင် သုံး၊ လေးနှစ်မှာတစ်ခါ ပြင်းပြင်းထန်ထန်ဖြစ်တတ်ကြောင်း၊ ၂၀၁၃ ခုနှစ်မှာ တစ်ကြိမ် အဖြစ်များခဲ့ကြောင်း၊ နောင်တစ်နှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ မည်မျှပမာဏအထိ ဖြစ်လာမည်ကို ယခုနှစ်ကုန်လောက်တွင်ဖြစ်သည့် ပမာဏကိုကြည့်ပြီး မှန်းလို့ရနိုင်ကြောင်း၊ ၂၀၁၆ ခုနှစ် မိုးဦးကာလတွင် အဖြစ်နည်းသော်လည်း မိုးအကုန် ဆောင်းအကူးရာသီဖြစ်သည့် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အဖြစ်များလာနိုင်သည့်အတွက် ယခုနှစ် မိုးရာသီကာလတွင် အဖြစ်များမည်ဟု ခန့်မှန်းကြခြင်းဖြစ်ကြောင်း တတ်ကျွမ်းနားလည်သူ ကျန်းမာရေးအသိပညာရှင်များက ခန့်မှန်းပြောဆိုထားတာကိုလည်း သတိချပ်ကြရမှာဖြစ်ပါတယ်။

**ကာကွယ်မှုတွေ ဘယ်လိုလုပ်ဆောင်သင့်ကြသလဲ**

သွေးလွန်တုပ်ကွေးရောဂါကအေးဒိစ်လို့ခေါ်တဲ့ ခြင်ကျားခေါ်ခြင်ပုန်းကိုက်လို့ဖြစ်တဲ့အတွက် ခြင်ဆေးခွေတို့ အသင့်ဖျော်စပ်ထားပြီးသား ရောင်းကြတဲ့ အနီရောင်ခြင်မှုတ်ဆေးဖျန်းဆေးဘူးတို့နဲ့ နှိမ်နင်းတာက ရှိပြီးသားခြင်ကိုသာ သေစေပါတယ်။ လက်ရှိအသက်ရှင်ပြီး ကိုက်နေတဲ့ ခြင်တွေအနေနဲ့ကလည်း တစ်ပတ်နှစ်ပတ်ထက်ပိုပြီးအသက်မရှင်နိုင်ဘူးလို့ ဆိုပါတယ်။ ဒီအတွက် ကိုက်တဲ့ခြင်ထက်ပိုအရေးကြီးတာက ခြင်တွေပေါက်ပွားလာစေမယ့် ပိုးလောက်လန်းနှိမ်နင်းရေးဆောင်ရွက်မှုတွေပဲဖြစ်ပါတယ်။ ခြင်လောက်လန်းနှိမ်နင်းရေး ၁၀ ချက်ဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်၊ လောင်၊ ထောင်၊ လဲ၊ ဖွင့်၊ မှုတ်၊ ဖျန်းဆိုသလို ရေအိုးများ၊ ဖုံးအုပ်၊ ရေစည်ရေတိုင်ကီများမှ ရေများသွန်ပစ်၊ ရေစည်ရေအိုးရှိ လောက်လန်းများ ခပ်ပစ်၊ ရေစစ်နဲ့စစ်ယူ၊ ကြောင်အိမ်အောက်ခံများ ရေနံဆီဖျန်း၊ ကလေးများ ဘယ်အချိန်အိပ်အိပ် ခြင်ထောင်နဲ့အိပ်၊ ရေများလဲလှယ်ဖို့၊ အလင်းဖွင့်ဖို့၊ ခြင်ဆေးမှုတ်ဖျန်းဖို့လိုပါတယ်။ ဒါတွေကို ဘယ်နေရာတွေမှာ ပိုလုပ်ရမလဲဆိုတော့ ကလေးတွေအများကြီး နေ့လယ်အချိန်မှာ စုဝေးတဲ့နေ့ ကလေးထိန်းကျောင်းလို၊ စာသင်ကျောင်းလိုနေရာမျိုးတွေမှာ ပိုလုပ်ကြရမှာလို့လည်း တတ်ကျွမ်းနားလည်သူတွေက အကြံပေးထားတာတွေ ရှိပါတယ်။

အခုနောက်ပိုင်းမှာ ဒါတွေအပြင် 'ထည့်၊ စိမ်' ဆိုတဲ့ နည်းနဲ့ ကာကွယ်ရေးလုပ်လာကြတာလည်းရှိပါတယ်။ ထည့်တယ်ဆိုတာက ခြင်ပေါက်မယ့် ပိုးလောက်လန်းတွေခိုအောင်းနိုင်တဲ့ ချောင်းမြောင်းရေတွေအထဲကို အဘိတ်ဆေး (Temephos)ကိုထည့်ထားရင် ပိုးလောက်လန်းမပေါက်ဘဲ တော်တော်လေးလည်း ထိရောက်တယ်လို့ သိရပါတယ်။ အန္တရာယ်လည်း မရှိဘဲ အခုနောက်ပိုင်း ကုမ္ပဏီတွေက သွင်းလာတဲ့အတွက် လွယ်လွယ်ကူကူ ဝယ်လို့ရနိုင်သလို ရေ ၁၀ လီတာဆိုရင် လက်ဖက်ရည်ဇွန်း တစ်ဇွန်းလောက် ထည့်ရတယ်လို့ ဆိုပါတယ်။ ဒီလိုထည့်ထားတဲ့အခါ ရေသေမှာဆိုရင် ရက်ပေါင်း ၉၀ ခန့်ခံပြီး သုံးစွဲရေကန်မှာဆိုရင် ရက်ပေါင်း ၆၀ လောက်ခံပြီး ပိုးလောက်လန်း မပေါက်လာနိုင်တော့ပါဘူး။ ဒီဆေးကို နိုင်ငံတော်က ဝယ်ပြီး ဖြန့်ဖြူးပေးပေမယ့်လည်း နေရာတိုင်းကို လုံလုံလောက်လောက်ဖြန့်ဖြူးပေးဖို့ လိုသေးတာမို့ ပြည်သူပြည်သားတွေကပဲ တစ်နိုင်တစ်ပိုင် ဝယ်ယူအသုံးပြုကာကွယ်ကြရင် ပိုမိုကောင်းမွန်မှာပါ။ နောက် 'စိမ်' ဆိုတဲ့သဘောကတော့ ခြင်ထောင်တို့ ခန်းဆီးတို့နဲ့ အိမ်မှာသုံးမယ့် လိုက်ကာတို့ကို ဆေးစိမ်ပြီးသုံးခြင်းအားဖြင့် အဲဒီမှာ လာနားတဲ့ ခြင်တွေ သေကုန်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေဖို့ ခြင်ကိုက်မခံရအောင် ကလေးတွေကို အဝတ်အစားလုံလုံခြုံခြုံဝတ်စေခြင်း၊ ခြင်ထောင်၊ ခြင်ဆေးရည်စိမ် ခြင်ထောင်နဲ့အိပ်စေခြင်းတို့ဟာ ထိရောက်တဲ့ နည်းလမ်းဖြစ်တယ်လို့ အကြံပြုထားတာကိုလည်း ဖတ်မိပါသေးတယ်။

**ကလေးမိဘတွေအတွက်အကြံပြုချက်**

သွေးလွန်တုပ်ကွေးရောဂါဖြစ်စေနိုင်တဲ့ ဗိုင်းရပ်စ်သယ်ဆောင်နိုင်တဲ့ ခြင်ကျားများရဲ့ပျံသန်းနိုင်တဲ့ အကွာအဝေးက ကိုက် ၁၀၀ ဝန်းကျင်လောက်သာရှိတဲ့အတွက် ရပ်ကွက်ပေါင်းစုံကလာစုတဲ့ နေ့ကလေးထိန်းကျောင်း၊ စာသင်ကျောင်းတွေမှာ အဖြစ်များတယ်ဆိုတာ ကလေးမိဘတွေသိကြမှာပါ။ သွေးလွန်တုပ်ကွေးရောဂါက မိုးရာသီမှာ အဓိကအဖြစ်များပြီး များသောအားဖြင့် ချောင်းဆိုး၊ နှာစေးတာမျိုးမရှိဘဲ ရုတ်တရက် သွေးလွန်တုပ်ကွေးဖြစ်နိုင်တယ်ဆိုတာကို သတိထားရပါမယ်။ အခုဆိုရင် အငယ်ဆုံးအနေနဲ့ အသက်သုံးလအရွယ်ကလေးလေးသွေးလွန်တုပ်ကွေးရောဂါ ဖြစ်တာကို တွေ့ရပါတယ်။ အဖြစ်များတာက သုံးနှစ်ကနေ ၁၅ နှစ်ကြား ကလေးတွေပါ။ ဒါပေမယ့် ဒီအသက်ရဲ့ ပြင်ပမှာလည်း ဖြစ်တတ်ကြောင်းလည်းဖတ်မိပါသေးတယ်။အခုလို မိုးရာသီအစမှာ သွေးလွန်တုပ်ကွေးရောဂါဟာ အချိန်မရွေးဖြစ်လာနိုင်တယ်။ မိမိတို့ရဲ့ ကလေးကို အချိန်မရွေး ကူးစက်တတ်တယ်ဆိုတာကို မိဘတွေရော ဆရာဝန်တွေပါ အမြဲတမ်းခေါင်းထဲမှာရှိဖို့ လိုအပ်နေပါတယ်လို့လည်း အထူးကုဆရာဝန်ကြီးတစ်ဦးက ဆိုထားပါတယ်။

**ရောဂါ လက္ခဏာတွေက ဘာပြသလဲ**

ကလေးတစ်ယောက်ဟာ တုပ်ကွေးဖြစ်ရင် အဖျား ၁၀၂၊ ၁၀၃ ရှိမယ်။ ချက်ပတ်လည် နာမယ်။ ရင်ညွန့်နာမယ်ဆိုရင်တော့ သေချာပေါက် တုပ်ကွေးဖြစ်ပါတယ်တဲ့။ တက်ပြီး အဖျားကြီးလာမယ်၊ မှိန်းနေပြီး အစားကို ဟုတ်တိပတ်တိ မစားဘူး၊ ရေနဲ့ အခြားဖျော်ရည်တွေကိုလည်းသောက်ချင်စိတ်သိပ်မှာမရှိဘူး။ မကြာခဏလည်း အန်မယ်၊ ဗိုက်နာလာမယ်။ အရေပြားပေါ်မှာ အပိမ့်ထွက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ သွေးပေါင်ချိန်တိုင်းကိရိယာ (Hess Test)နဲ့ စမ်းသပ်ရာမှာ Positive (+) ဖြစ်ခြင်း၊ သွေးဖြူဥကျလာခြင်း၊ သွေးပျစ်နှုန်း (pcv) တက်လာခြင်း၊ အဆုတ်၊ နှလုံး၊ ဝမ်းဗိုက်တို့တွင် အရည်စုခြင်း၊ မှိန်းခြင်း ဒါမှမဟုတ် ကယောင်ကတမ်းဖြစ်ခြင်း၊ အသည်း နှစ်စင်တီမီတာထက် ကြီးခြင်းတွေလည်း ဖြစ်လာမှာဖြစ်တဲ့အတွက် ဒီကာလမှာဒီလက္ခဏာတွေ ပြလာပြီဆိုရင် သွေးလွန်တုပ်ကွေးလက္ခဏာဖြစ်နိုင်တယ်လို့ တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်ကြီးတွေက ဆိုထားတာဖြစ်တဲ့အတွက် သတိထားကြရပါမယ်။ ဒါကြောင့်မို့ ကလေးမိဘတွေအနေနဲ့ ဒီကာလမှာ ကလေး မလန်းဆန်းရင်၊ မှိန်းရင်၊ ကယောင်ကတမ်းဖြစ်ရင်၊ မူးဝေ၊ အော့အန်ရင် ဆေးရုံကို အမြန်သွားရပါမယ်။ အစားအသောက် ဒါမှမဟုတ် အရည်လုံးလုံး လက်မခံဘဲ ဆက်တိုက်အန်နေရင်၊ ကော်ဖီရောင် သို့မဟုတ် အမည်းရောင်တွေပါနေရင်၊ မှိန်းလွန်းရင် ဆေးရုံသွားပြီး ဆရာဝန်ရဲ့ ကုသမှုခံယူဖို့ လိုအပ်ပါတယ်။ ရုတ်တရက်အဖျားကြီးပြီး ခြေသလုံး၊ လက်မောင်း အလွန်အမင်းအေးစက်ရင်၊ ကယောင်ကတမ်းဖြစ်ရင်၊ မှိန်းလွန်းရင် ဆေးရုံအမြန်တက်ဖို့လိုပါတယ်။

**ဖြစ်လာရင်ကြိုတင်ပြီး ဘယ်လိုကုသကြမလဲ**

သွေးလွန်တုပ်ကွေးရောဂါဆိုတာ လူကြီးတွေမှာလည်းဖြစ်တတ်ပြီး ခံနိုင်ရည်ရှိတဲ့အတွက် ရောဂါလက္ခဏာမပြတတ်ပေမယ့် ကလေးတွေမှာကျတော့ ကပ်ရောဂါတစ်ခုအသွင် ဖြစ်ပွားလေ့ရှိတတ်တာမို့ အချိန်မီမကုသရင် သေဆုံးနိုင်တယ်လို့ ဆိုပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပါက ဂရုစိုက်ပြီး အရည်များများတိုက်ရမယ်။

ဓာတ်ဆားရည်၊ ဖျော်ရည်၊ နို့၊ ဟောလစ်၊ စွပ်ပြုတ်တို့ ကျွေးနိုင်ပြီး အဖျားကြီးလွန်းရင် ရေချိုးပေးနိုင်ပါတယ်။ ရေဖတ်တိုက်နိုင်တယ်။ ပါရာစီတမောဆေးပြား၊ ဆေးရည်တိုက်ကျွေးနိုင်ပါတယ်။ သောက်ဆေးတိုက်တဲ့အခါမှာ ဆေးက အစာအိမ်ထိခိုက်တဲ့ အကိုက်အခဲပျောက်ဆေးဝါးတွေ ရှောင်ရှားရမယ်။ ကလေးတွေ အဖျားကြီးရင် ရေဖတ်တိုက်ရမယ်။ ခေါင်းအေးအောင် သုတ်ရမယ်။ လည်ပင်း၊ ချိုင်း၊ ပေါင်ခြံတွေမှာ ရေခဲကပ်ရမယ်။ ပါရာစီတမောဆေးတောင့် စအိုကနေ ထည့်ပေးသင့်တယ်။ အညိုရောင်၊ ချောကလက်ရောင် အစာနဲ့ အရည်မသောက်သင့်ပါ။ ကော်ဖီရောင်နဲ့ ခွဲမရဖြစ်နိုင်ပါတယ်။ တခြားအကိုက်အခဲပျောက်ဆေးတွေ မတိုက်သင့်ပါ။ မက်ကလောင်မဖောက်သင့်ပါလို့ အကြံပြုထားကြတာကိုလည်း လိုက်နာကြရမှာပါ။ နောက်ပြီး ရာသီတိုင်းတွင် 'ဖျားနာလျှင် သွေးလွန်တုပ်ကွေးမှတ်၊ အဖျားကျစဉ်၊ မလန်းလျှင်၊ အစဉ်သတိချပ်' ဆိုတဲ့ ဆရာဝန်ကြီးတစ်ဦး စပ်ဆိုထားတဲ့ စာသားလေး အတိုင်း ဘယ်လိုလက္ခဏာပဲရှိရှိ ဘယ်လိုရာသီပဲဖြစ်ဖြစ် ကလေးကအဖျားကြီးတယ်၊ မှိန်းတယ်၊ မစားဘူး၊ မသောက်ဘူး၊ ကိုယ်လက်ကိုက်ခဲတယ်ဆိုရင် သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်တယ်ဆိုတာ မိဘရော ဆရာဝန်ပါ သတိထားရပါမယ်။

သည့်အတွက် နိဂုံးချုပ်အားဖြင့် တင်ပြရရင် ယခုမိုးရာသီကာလအစပိုင်းမှာ ကပ်ရောဂါတစ်ခုအသွင် ကျရောက်လာနိုင်တဲ့ သွေးလွန်တုပ်ကွေးရောဂါရဲ့ဆိုးကျိုးအန္တရာယ်တွေကို ကာကွယ်နိုင်ရေးအတွက် ကျွန်ုပ်အထက်တွင် တင်ပြခဲ့သည့် ကျွမ်းကျင်သူ ဆရာဝန်ကြီးများရဲ့ အကြံပြုချက်များစွာပါဝင်တဲ့ဆောင်ရန်၊ ရှောင်ရန်အချက်တွေ၊ ရောဂါ၏ ရှေ့ပြေးလက္ခဏာတွေနဲ့ ရှေးဦးကုသနည်းတွေကို သိရှိထားကြရမှာဖြစ်ပါတယ်။ ဒါမှသာ အနာဂတ်အတွက် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာမယ့် မိမိတို့၏ ရင်သွေးငယ်များအပေါ် ကျရောက်လာမယ့် ကပ်ရောဂါအသွင် ဖြစ်လာမယ့် ဘေးမှ အမှန်လွတ်မြောက်နိုင်မှာဖြစ်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

> မိုးရာသီကာလအစပိုင်းမှာ ကပ်ရောဂါတစ်ခုအသွင် ကျရောက်လာနိုင်တဲ့ သွေးလွန်တုပ်ကွေးရောဂါရဲ့ ဆိုးကျိုးအန္တရာယ်တွေကို ကာကွယ်နိုင်ရေးအတွက် ကျွန်ုပ်အထက်တွင် တင်ပြခဲ့သည့် ကျွမ်းကျင်သူ ဆရာဝန်ကြီးများရဲ့အကြံပြုချက်များစွာပါဝင်တဲ့ . . .

## ထန်းတပင်မြို့နယ်၌ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**ထန်းတပင် ဇွန် ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အလိန်လည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆိုင်းဘုတ်ကို အလိန်လည်ကျေးရွာ မဟာဗောဓိရွှေကျောင်း ကျောင်းကြီးကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလစာရ၊ မြို့နယ်ပညာရေးမှူး ဦးဘသိန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီအေး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိသင်းထိုက်၊ လွှတ်တော်ကိုယ်စားလှယ်များရုံး မြို့နယ်အတွင်းရေးမှူး ဦးအောင်မြင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါကျောင်းကို ၁၉၅၃ ခုနှစ် မတ် ၂၃ ရက် က စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ် လည်းကောင်း၊ ၁၉၅၈ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၈၁ခုနှစ်တွင် တွဲဖက် အထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၉၇ခုနှစ်တွင် အ ထ က(ခွဲ) အဖြစ်လည်းကောင်း ဖွင့်လှစ်ခဲ့သည်။ ယခုနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် အလိန်လည်ကျေးရွာအုပ်စုအပါအဝင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ခြောက်ရွာမှ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရာတွင် အဆင်ပြေချောမွေ့လျက်ရှိပြီး KG တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ ၇၁၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

# ပလတ်စတစ်ပစ္စည်းများကို လျှော့ချသုံးစွဲရေး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မှာကြား

**ချမ်းအေးသာစံ ဇွန် ၅**
၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်လမ်း ၈၀ ရှိ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်များသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ 'ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်စို့' ဖြစ်ပြီး ကြွပ်ကြွပ်အိတ် အပါအဝင် ပလတ်စတစ်ပစ္စည်းများကို လျှော့ချသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်ထိန်းသိမ်းနိုင်မည့်အပြင် သက်ရှိတို့၏ ဂေဟစနစ်များနှင့် လူတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်သွားနိုင်မည် ဖြစ်သောကြောင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုရရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ တက်ရောက်

**မြစ်ကြီးနား ဇွန် ၅**
ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရခြင်းမှာ ပတ်ဝန်းကျင်အပေါ် လူသားများ သတိပြုမိစေရန်နှင့် လူသားတို့၏ နေ့စဉ်လူနေမှုဘဝ၌ ပတ်ဝန်းကျင်၏ အကျိုးသက်ရောက်မှုများအပေါ် သတိပြုမိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ဇွန် ၅ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ်အဆင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးကျော်အောင်မိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ကြုံတွေ့ရသော အန္တရာယ်နှင့် ဆိုးကျိုးများနှင့် လူတို့ပြုမူနေထိုင်ရမည့် သိကောင်းစရာများ ဗီဒီယိုမှတ်တမ်းခွေကို ဖွင့်လှစ်ပြသကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများက ၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှု အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများ၌ ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်၍ စွန့်ပစ်ပလတ်စတစ်ပစ္စည်းများအား လူသုံးကုန်ပစ္စည်းအဖြစ် ပြန်လည်အသုံးချခြင်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘ ၄၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

# ဆည်တော်ကြီးရေလှောင်တမံ ကြံ့ခိုင်မှုစစ်ဆေး

**မန္တလေး ဇွန် ၅**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆည်တော်ကြီး ရေလှောင်တမံမှ မိုးရာသီတွင် ရေကြီးရေလျှံမှု လျော့နည်းစေရန် ရေပိုရေလွှဲ တံခါးများနှင့် ဆည်ရေထုတ်ပေါက် တံခါးများကို ကြိုတင်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ပြောသည်။

အဆိုပါဆောင်ရွက်မှုများကို မေလကုန်နှင့် ဇွန်လဆန်းတို့တွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ဂျပန်နိုင်ငံမှ ပညာရှင်များပူးပေါင်း၍ရေပိုရေလွှဲတံခါးများ အဖွင့်အပိတ်စစ်ဆေးခြင်း၊ ဆည်ရေထုတ်ပေါက် ရေတံခါးများ အဖွင့်အပိတ် စစ်ဆေးခြင်းနှင့် လျှပ်စစ်စက်ရုံရေပေးတံခါးများ ကြံ့ခိုင်မှု စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆည်တော်ကြီးရေလှောင်တမံအနေနဲ့ နှစ်စဉ် ဇူလိုင်လ အလယ်ကစပြီး ရေပိုလွှဲတံခါးတွေကို ချိန်ညှိလျှော့ချလေ့ရှိတာကြောင့် ကြိုတင်စစ်ဆေးရခြင်းဖြစ်ပါတယ်၊ ဒ့ါအပြင် ရေလှောင်တမံ ဓာတ်အားပေးစက်ရုံမှာရှိတဲ့ ဓာတ်အားပေးစက်တွေကိုလည်း ဂျပန်နိုင်ငံချေးငွေနဲ့ အလုံးစုံပြုပြင်မွမ်းမံရေး တွေလုပ်ဆောင်တော့မှာဖြစ်တဲ့အတွက် လျှပ်စစ်စက်ရုံ ရေတံခါးတွေရဲ့ ကြံ့ခိုင်မှုတွေကို စစ်ဆေးခြင်းဖြစ်ပါတယ်"ဟုၾင်းကပြောသည်။

ဆည်တော်ကြီးရေလှောင်တမံသည် လက်ရှိအချိန်ထိ ရေသိုလှောင်ပမာဏမှာ ဧက ၁၆၈၀၀၀ ပေရှိပြီး ရေမှတ် RL- ၃၈၆ ဒသမ ၂ ပေရှိကာ ၎င်းဆည်မှ လက်ရှိစိုက်ပျိုးနေသည့် နွေစပါးစိုက်ဧက ၇၀၀၀၀ ကျော်ကို အောင်ရေပေးဝေလျက်ရှိသည့်အပြင် ယခုနှစ်မိုးစပါးစိုက်ပျိုးရန်အတွက် ပျိုးထောင်ရေကိုလည်း ဆက်လက်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

# အခြေခံအိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်းဖွင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် တက်ရောက်

**ဟားခါး ဇွန် ၅**
ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၆၆)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၄၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၄ရက်နံနက် ၉နာရီက အဆိုပါသင်တန်းခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က အမျိုးသမီးများစွမ်းရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ မှန်ကန်သော အတွေးအခေါ်များရရှိလာစေရေး၊ ယဉ်ကျေးလိမ္မာ အဆင့်အတန်းမြင့်မားသော လူမျိုးအဖြစ် ဂုဏ်ယူရပ်တည်နိုင်ရေး၊ ကိုယ်ပိုင်ဝင်ငွေရရှိပြီး မိမိဘဝ၊ မိမိစွမ်းအားဖြင့် ရပ်တည်နိုင်ရေးတို့ကိုရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးကြောင်း၊ ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းသူပေါင်း ၃၀၆၈ ဦး ကို မွေးထုတ်နိုင်ခဲ့ပြီး မိမိဒေသတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်သည့် သင်တန်းသူများမှာ စက်ချုပ်ပညာဖြင့် ၄၁၉ ဦး၊ သိုးမွှေးစက်ဆွဲပညာဖြင့် ၁၃ ဦး၊ လက်ရက်ကန်းပညာဖြင့် ၁၄ ဦး၊ အထည်ချုပ်စက်ရုံ ၃၃ ဦး ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်ကာ ပညာရပ်များကို ထူးချွန်တတ်မြောက်အောင် ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားသည်။ အခြေခံအိမ်တွင်းမှု သင်တန်းတွင် သင်တန်းသူ ၅၅ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင်သင်တန်းသူ ၁၄ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ချင်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိများ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းကျောင်းအုပ်နှင့် နည်းပြများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

**ဟားခါးခရိုင် (ပြန်/ဆက်)**

# မုံရွာမြို့၌ အမျိုးသမီး ၆၀၀ ကျော် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအားကစားလှုပ်ရှားမှုပြုလုပ်

**မုံရွာ ဇွန် ၅**
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးအစီအစဉ် အားကစားလှုပ်ရှားမှုကို အလှည့်စုံမှ အမျိုးသမီး ၆၈၀ ကျော်ဖြင့် ဇွန် ၅ ရက် နံနက် ၆ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ပြုလုပ်သည်။

"ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး (Exercise Is Medicine) ကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်က ဦးဆောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးဆပ်ကော်မတီတို့ ပူးပေါင်းပြီး Healthy Myanmar Exercise/ Physical Activity Is Medicine အားကစားလှုပ်ရှားမှုအသွင်နဲ့ ပြုလုပ်တာပါ။ မန္တလေးမှာ ဇွန် ၂ ရက်ကလည်း လုပ်ခဲ့ပါတယ်" ဟု မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးက ပြောကြားသည်။

မုံရွာပြည်သူ့အားကစားကွင်းအတွင်း ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ကြမည့် အမျိုးသမီး ၆၈၀ ကို မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက 'ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး' အကြောင်းရှင်းပြကာ အေရိုးဗစ်ကို အခြေခံ၍ Zumba Basic လေ့ကျင့်ခန်းများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (MWSG သရုပ်ပြအဖွဲ့) ၏ ဦးဆောင်မှုဖြင့် ၄၅ မိနစ်ကြာ လှုပ်ရှားကစားခဲ့သည်။

"ကျွန်မတို့ မနက်တိုင်း လမ်းလျှောက်ဖြစ်တာကြာပြီ။ အခုလိုစုပေါင်းပြီး ကိုယ်လက်လှုပ်ရှားတာမျိုး မကြုံဖူးသေးဘူး။ နည်းစနစ်တကျ စည်းချက်ကျကျလုပ်ရင် ကိုယ်လက်ပေ့ါပါးပြီး စိတ်ကြည်တယ်ဆိုတာ လက်တွေ့သိလိုက်ရတဲ့အတွက် နောက်ပိုင်းလမ်းလျှောက်ရင်း ဒီလေ့ကျင့်ခန်းကိုပါ လုပ်ဖြစ်တော့မှာဖြစ်ပါတယ်" ဟု မုံရွာဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**




# မကွေးမြို့တွင် ကျောင်းဈေးဆိုင်များနှင့် ကျောင်းပတ်ဝန်းကျင် ကွင်းဆင်းစစ်ဆေး

**မကွေး ဇွန် ၅**
ကျောင်းကျန်းမာရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကျောင်းဈေးဆိုင်များ ကြည့်ရှုစစ်ဆေးခြင်းနှင့် ကျောင်းပတ်ဝန်းကျင်အခြေအနေ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို မကွေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာအေး ဦးဆောင်သည့် တာဝန်ရှိသူများက မကွေးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၄ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

တာဝန်ရှိ စစ်ဆေးရေးအဖွဲ့များက ကျောင်းမုန့်ဈေးတန်းများ၌ ဈေးသည်များခင်းကျင်းရောင်းချနေမှုနှင့် အစားအသောက်များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းတွင်းရှိ ရေကန်များ၊ အိမ်သာများနှင့် ကျောင်းပတ်ဝန်းကျင်အခြေအနေများကို စစ်ဆေးခဲ့ကြသည်။

"ကျောင်းကျန်းမာရေးဆိုတာက တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်လို့မရပါဘူး။ ကျောင်းက ဆရာ ဆရာမတွေအပါအဝင် မိဘတွေရော၊ ကျောင်းသားတွေကိုယ်တိုင်ကပါ ဝိုင်းဝန်းကူညီဆောင်ရွက်မှ အောင်မြင်မယ့်လုပ်ငန်းပါ။ ကျွန်မတို့ ကျန်းမာရေးဌာနက တစ်နှစ်ကိုအကြိမ်ရေ အများကြီးမရောက်နိုင်ပါဘူး။ ဒီမှာရှိတဲ့သူတွေက ကိုယ့်အားကိုယ်ကိုးပြီး တစ်ပိုင်တစ်နိုင်ဝိုင်းဝန်းကူညီဆောင်ရွက်ရင် တိုးတက်နိုင်ပါတယ်" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာအေးက ပြောသည်။

ကျောင်းမုန့်ဈေးတန်းမှ ဈေးသည်ဖြစ်သူ မလဲ့လဲ့စန်းက ကလေးများအပေါ် သားသမီးချင်းကိုယ်ချင်းစာစိတ်ဖြင့် အန္တရာယ်ကင်းပြီး သန့်ရှင်းသော၊ အိမ်မှပေးလိုက်သည့်မုန့်ဖိုးနှင့် လောက်လောက်ငငစားနိုင်သော အစားအသောက်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

**ဇေယျာတု(မကွေး)**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မြိတ် ဇွန် ၅**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၄ ရက်က မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နံနက်ပိုင်းတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများ၏ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် ရက်သတ္တ ၁၄ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၉)နှင့် အခြေခံအိမ်တွင်းမှု သင်တန်း(၇၈) သင်တန်းဖွင့်ပွဲတို့သို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခြေခံအိမ်တွင်းမှုသင်တန်းတက်ရောက်မည့် သင်တန်းသူ ၈၂ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း တက်ရောက်မည့် သင်တန်းသူရှစ်ဦးတို့အတွက် သင်ထောက်ကူပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပေးအပ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကုသဆောင်တွင် လူနာများအား ကျန်းမာရေးဝန်ထမ်းများက ဆေးကုသပေးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆေးရုံတွင် လူနာ ကလေးငယ်များနှင့် မွေးလူနာများအား ဆေးကုသပေးနေမှု အခြေအနေများကို ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ပြီး ခွဲစိတ်ခန်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ပဲခူးမြို့၌ ကျင်းပ

**ပဲခူး ဇွန် ၅**

ယခုနှစ်သတ်မှတ်ထားသော ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ ဆောင်ပုဒ်ဖြင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွဲ့အစည်းအားလုံးမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ကြသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မဖြစ်မနေ စဉ်းစားထည့်သွင်း လုပ်ဆောင်ကြရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လက်ရှိနှင့်အနာဂတ်လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် နိုင်ငံသူနိုင်ငံသားအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လေးလေးနက်နက်လုပ်ဆောင်ကြရန်၊ သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုများကို တားဆီးရေးနှင့် စဉ်ဆက်မပြတ်ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ ညစ်ညမ်းမှုမရှိစေရေးတို့အတွက် လူတစ်ဦးချင်းစီမှ ပလတ်စတစ်သုံးစွဲမှု၊ ထုတ်လုပ်မှုများ လျော့နည်းပပျောက်လာအောင် အမူအကျင့်တစ်ခုအနေဖြင့် လိုက်နာဆောင်ရွက်ပြီး ပလတ်စတစ်ညစ်ညမ်းမှုကိုဝိုင်းဝန်းတိုက်ဖျက်ကြရန်ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးသယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်(စ်)ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး တက်ရောက်လာကြသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး ဗီဒီယိုမှတ်တမ်းအား ပြသပေးခဲ့သည်။

ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့်ဥပဒေချုပ်တို့က ဆုများ အသီးသီးပေးအပ်ပြီး အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် အထူးလိုအပ်သည်နှင့်အညီ နှစ်စဉ် ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟု သတ်မှတ်ထားရှိခဲ့သည်။

ကမ္ဘာမြေကြီးသည် ယခုအန္တရာယ်ရှိသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ လွန်ကဲသော ပမာဏဖုံးလွှမ်းမှုကိုခံနေရခြင်း၊ နှစ်စဉ်နှစ်တိုင်းပလတ်စတစ်စွန့်ပစ်ပစ္စည်းတန်ချိန် ရှစ်သန်းကျော်သည် ပင်လယ်သမုဒ္ဒရာထဲသို့ ရောက်ရှိလျက်ရှိနေခြင်း၊ အလွန်ဝေးလံသော ကျွန်းစုများမှ အာတိတ်သမုဒ္ဒရာအထိတိုင်အောင် ပလတ်စတစ်အပိုင်းအစများနှင့် လွတ်ကင်းသောနေရာ မရှိသလောက်ဖြစ်နေခြင်းများဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါ အခြေအနေအတိုင်းဆက်လက်ပြုမူ နေမည်ဆိုပါက ၂၀၅၀ ပြည့်နှစ်ရောက်လျှင် ပင်လယ်သမုဒ္ဒရာအတွင်း ငါးသယံဇာတထက်ပလတ်စတစ်အမှိုက်များက ပိုမိုများပြားလာမည်ဖြစ်သည်။

ယခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်သည် “ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့” "Beat Plastic Pollution" ဖြစ်ပြီး အဆိုပါ ဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းစေသည့် အဏ္ဏဝါသက်ရှိများအား ပျက်စီးစေပြီး လူသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်နေသော တစ်ခါသုံးပလတ်စတစ်များ၏ အန္တရာယ်ကို ပြည်သူများ သိရှိနိုင်စေရန် ပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်းတို့အပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်နိုင်သည့် နည်းလမ်းများအား ရှာဖွေဖော်ထုတ်ရန် အတူတကွပူးပေါင်းဆောင်ရွက်ကြရန် အစိုးရများ၊ စက်မှုလုပ်ငန်းများနှင့် ပြည်သူတို့အား တိုက်တွန်းခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# သီးနှံအာမခံအကြောင်း ဟသ္သာတတွင် အလုပ်ရုံဆွေးနွေး

**ဟသ္သာတ ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အာမခံဆိုင်ရာဗဟုသုတဟောပြောပွဲနှင့် သီးနှံအာမခံစမ်းသပ်လုပ်ကိုင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက ဟသ္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တောင်သူလယ်သမား အသက်အာမခံ၊ မြေအန္တရာယ်အာမခံ၊ မော်တော်ယာဉ်အာမခံနှင့် မီးအာမခံအကြောင်းများနှင့် အာမခံနှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီမှ မန်နေဂျာဒေါ်အေးမိုးမိုးကြည်နှင့် ဒါရိုက်တာဦးစိုးဝင်းသန့်တို့က အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် သီးနှံအာမခံစမ်းသပ်လုပ်ကိုင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဒါရိုက်တာဦးစိုးဝင်းသန့်က သီးနှံအာမခံလုပ်ဆောင်မှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ အာမခံဆိုင်ရာဗဟုသုတဟောပြောပွဲနှင့် သီးနှံအာမခံဆိုင်ရာ စမ်းသပ်လုပ်ကိုင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ဟသ္သာတမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂၀ ကျော်မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။ သီးနှံအာမခံနှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီးရှိ ဟသ္သာတမြို့နယ်တွင် ပထမဦးဆုံးအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# မိုးစပါးအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေးဆွေးနွေး

**ကြံခင်း ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲနှင့် မြေဆီလွှာအာဟာရဓာတ်စစ်ဆေးချက်မှတ်တမ်းပေးအပ်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ရေနံတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ကြူကြူမွေးက သီးနှံများအထွက်နှုန်းသာမကအရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် မြေအမျိုးအစားအလိုက် မြေချဉ်ငန်ကိန်းလွန်ကဲမှုများအား ပြုပြင်နည်းများ၊ စိုက်ပျိုးမည့်သီးနှံအလိုက် ကုန်ကျစရိတ်နည်းနည်းနှင့် ထိရောက်သည့် အာဟာရဓာတ်ထည့်သွင်းရမည့် နှုန်းထားများ၊ မိုးစပါးသီးနှံစိုက်ပျိုးနည်းစနစ်နှင့် မျိုးကွဲအလိုက် သက်တမ်းပေါ်မူတည်၍ယူရီးယား၊ ဖော့စဖိတ်နှင့် ပိုတက်ဓာတ်မြေသြဇာထည့်သွင်းရမည့် အချိန်၊ နှုန်းထားနှင့် စနစ်တကျသုံးစွဲနည်းများ၊ စပါးပင်သက်တမ်းအလိုက် ရေလိုအပ်မှုအခြေအနေနှင့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ GAP စိုက်ပျိုးရေးအကြောင်း သိကောင်းစရာများကို အသိပညာပေးဆွေးနွေးခဲ့ပြီး ရေနံတောင်ကျေးရွာအုပ်စု၏ မြေဆီလွှာအာဟာရဓာတ်စစ်ဆေးထားသည့် စစ်ဆေးချက်မှတ်တမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုးဝင်းထံသို့ ပေးအပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရေနံတောင်၊ ပိန္နဲကွင်း၊ ကွင်းကြီးကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**ဝတ်ရည်**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားဘားအံတွင်ကျင်းပ

**ဘားအံ ဇွန် ၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာတို့က ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသပြီး တက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပြခန်းအားလှည့်လှည်ကြည့်ရှုခဲ့ကြကာ ပညာရေးစုစည်းရာအဖွဲ့(EGG) က ကျောင်းသား ကျောင်းသူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများ မေးမြန်း၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၅**

သန်လျင်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်းရှိ သန်လျင်သင်တန်းကျောင်းတွင် ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း (ဆင့်ပွား) သင်တန်း (၄/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက်က ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**၆၈၉**

## ပြင်ဆင်ဖတ်ရှုပါရန်

(၅-၆-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၇) တွင် ဖော်ပြသော “ရေကူးဆပ်ကော်မတီဥက္ကဋ္ဌဖလား ရေကူးလူရွေးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ”သတင်းဒုတိယပိုဒ် ပထမစာကြောင်းတွင် “ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်” ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# လူငယ်တို့အတွက် မေတ္တာစကား

■ မခိုင်ဝါ(မြန်အောင်)

လူငယ်ဆိုသည်မှာ ဆယ်ကျော်သက်အရွယ်မှသည် နှစ်ဆယ်ကျော် အစိတ်အပိုင်းအတွင်းကို ဆိုလိုပါတယ်။ အားခွန်ဗလကောင်းတဲ့အရွယ်၊ ဉာဏ်အားအကောင်းဆုံး အရွယ်မို့ ဘဝမှာနေလို့ အကောင်းဆုံးအရွယ်လည်း ဖြစ်ပါတယ်။ ဖွံ့ဖြိုးကြီးထွားစ ကိုယ်ခန္ဓာကို ဂရုစိုက်ဖို့ လိုသလို အသိဉာဏ်မြင့်မားတိုးတက်ဖို့ ဦးနှောက်ကို လည်း အားဖြည့်ကြရမှာလည်း ဖြစ်ပြန်ပါသေးတယ်။

ဆယ်ကျော်သက်အရွယ်မှာ လူငယ်တို့ရဲ့ ကိုယ်ခန္ဓာဟာ လူကြီးတစ်ယောက်သဖွယ် ဖွံ့ဖြိုးလာလို့ ကလေးသဘာဝ ကွယ်ပျောက်သွားခဲ့ပါပြီ။ ခန္ဓာပြောင်းလဲမှုနှင့်အတူ အသံ၊ စိတ်ခံစားမှု စတာတွေလည်း ပြောင်းလဲလို့လာပါပြီ။ ဒီနေရာမှာ လူငယ်တွေပီပီ အရာရာကို စူးစမ်းချင်စိတ်၊ မြည်းစမ်းချင်စိတ်တွေ ပေါ်ပေါက်လို့လာပါပြီ။ လူကြီးတွေရဲ့ ပြောစကားကို နားမဝင်တတ်ဘဲ စိတ်ရိုင်းတွေလည်း ဝင်တတ်ပါသေးတယ်။ ဒါဟာ လူငယ်တွေကို အပြစ်တင်စိတ်နဲ့ ပြောတာမဟုတ်ပါဘူး။ ဖြစ်တတ်တဲ့ သဘောသဘာဝကို ပြောပြနေခြင်းသာ ဖြစ်ပါတယ်။

လူလတ်ပိုင်းအရွယ် လူတစ်ယောက်အနေနဲ့ ကိုယ်ဖြတ်သန်းခဲ့ရတဲ့ လူငယ်သဘာဝ အတွေ့အကြုံတွေကို အခြေခံပြီး လူငယ်တွေအကျိုးရှိစေမယ့် မေတ္တာစကားတွေ၊ စေတနာစကားတွေကို ဆက်ပြီး ပြောပါရစေ။

လူငယ်တွေဖွံ့ဖြိုးလာတဲ့ ကိုယ်ခန္ဓာကို ဘယ်လိုထိန်းသိမ်းကာကွယ်မလဲ၊ စောင့်ရှောက်မလဲ၊ ပြောင်းလဲလာတဲ့စိတ်ကို ဘယ်လိုထိန်းကွပ်လို့ အကျိုးရှိကြောင်းတွေလုပ်မလဲ၊ ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် ဘာတွေလုပ်နိုင်မလဲဆိုတာကို ပြောပြချင်ပါတယ်။

**ကိုယ်ခန္ဓာကို ဘယ်လိုထိန်းသိမ်းကာကွယ်မလဲ၊ စောင့်ရှောက်မလဲ**

လူငယ်ဘဝမှာ ကိုယ်ခန္ဓာဖွံ့ဖြိုးလာချိန်မှာ အရွယ်ပြောင်းစ စိတ်ခံစားမှုတွေနဲ့ ရှက်စိတ်၊ ကြောက်စိတ်တွေ ဖြစ်တတ်ကြပါတယ်။ ဒါဟာ လူငယ်သဘာဝ ဖြစ်ရိုးဖြစ်စဉ်တွေပါ။ ဒီနေရာမှာ သတိထားဖို့က လူမသမာတွေကိုပါ။ မိန်းကလေးတွေသာမက ယောကျ်ားလေးတွေပါ အခုခေတ်ကြီးမှာ အန္တရာယ်များလို့ နေပါပြီ။ လူသားအချင်းချင်း ကုန်ပစ္စည်းသဖွယ် ရောင်းချ၊ ကျေးကျွန်သဖွယ် ခိုင်းစေ၊ တိရစ္ဆာန်သဖွယ် ညှဉ်းပန်းနှိပ်စက်ခဲ့ကြတဲ့ ခေတ်သစ်လူကုန်ကူးမှုက ကျားရော၊ မအတွက်ပါ အန္တရာယ်ဆိုးကြီးပါ။ မက်လုံးတွေ (ဘယ်လောက်တောင် လခတွေရမှာ၊ ဘယ်လိုတွေနေရမှာ၊ ဘယ်လိုတွေသုံးရမှာ) ကောင်းကောင်းပေးပြီး မြူဆွယ်စည်းရုံးမှုတွေကို လူငယ်တွေ ကြံ့ကြံ့ခံလို့ တွန်းလှန်နိုင်ရပါလိမ့်မယ်။ မိန်းမငယ်လေးတွေဆို မကောင်းသော လိင်ဖျော်ဖြေရေးလုပ်ငန်းတွေမှာ ရောင်းစားခံကြရတဲ့ သူတွေရှိပါတယ်။ မိန်းမသားတွေရဲ့ မပြည့်စုံမှု၊ ရုပ်ဝတ္ထုပစ္စည်း မက်မောမှု (ရွှေ၊ ငွေ၊ အဝတ်အစား ဝတ်ဆင်လိုမှု) ငွေကြေးမက်မောမှု စတဲ့ အားနည်းချက်တွေအပေါ် အခြေခံပြီး စည်းရုံးတတ်ကြပါတယ်။ ဒါကို မိန်းမသား၊ မိန်းမငယ်တို့ သတိပြုကြရမှာပါ။

ဒို့အပြင် ဖောက်ပြန်ပျက်စီးလာတဲ့ ခေတ်ကြီးထဲမှာ လိင်တူချင်းအတူနေထိုင်မှု၊ ကာယိန္ဒြေထိခိုက်အောင် မဖွယ်မရာပြုလုပ်မှု၊ လက်မထပ်ဘဲ အတူနေထိုင်မှုတွေဟာလည်း လူငယ်တွေရဲ့ ဘဝထဲကို ဝင်ရောက်လို့လာပါပြီ။ ဒီသုံးချက်စလုံးဟာ လူငယ်တွေရဲ့ဘဝကို ဖျက်ဆီးနိုင်တဲ့ ခေတ်ပေါ်လက်နက်ဆိုး၊ လက်နက်ဆန်းတွေပါ။ သဘာဝတရားကို ဆန့်ကျင်စွာနဲ့ ယောကျ်ားလေး ယောကျ်ားလေးချင်း၊ မိန်းကလေး မိန်းကလေးချင်း ချစ်ခင်စုံမက်မှုတွေဟာ လူမှုရေးအရကြည့်ရင်၊ ယဉ်ကျေးမှုအရကြည့်ရင် အင်မတန်မှကိုပဲ ဆိုးရွားလွန်းလှပါတယ်။ ကာယိန္ဒြေထိခိုက်မှုက မိန်းမသား၊ မိန်းမငယ်တွေနဲ့ သက်ဆိုင်ပါတယ်။ လိင်စိတ်ကြွဆေးတွေ၊ လူစိတ်မရှိတဲ့ တဏှာဘီလူးတွေရဲ့ရန်က အရင်ထက်စာရင် များလာတာမို့ ဘယ်သူ့ကိုမှ အလွယ်တကူ မယုံသင့်တော့ဘဲ တစ်ယောက်တည်း လူနည်းပါးရာ နေရာဒေသတွေကို မသွားသင့်ပါဘူး။ ညအချိန်ဆို ပိုပြီးသတိထားဆင်ခြင်ကြရမှာပါ။ အခုခေတ်ထဲမှာ လက်မထပ်ဘဲ အတူနေထိုင်မှုကလည်း ခေတ်စားနေပြန်ပါသေးတယ်။ နိုင်ငံရပ်ခြားကနေ အတုမခိုးသင့်တဲ့ ယဉ်ကျေးမှုတစ်ခုပါ။ မြန်မာ့လူ့အဖွဲ့အစည်းက လက်ခံထားတဲ့ ယဉ်ကျေးမှုကတော့ မင်္ဂလာဦးကျမှသာ လူပျို၊ အပျိုဘဝကို စွန့်လွှတ်ခြင်းပါ။

လှချင်ပချင်တာဟာ လူငယ်တွေရဲ့ သဘာဝပါ။ ဖက်ရှင်ထွင်ချင်တာ အပြစ်မဟုတ်ပါဘူး။ လူအများစုထဲမှာ ထင်ပေါ်ချင်တာ၊ ထင်ရှားချင်တာ လူငယ်တွေရဲ့ သဘာဝပါ။ ဒါပေမယ့် ကိုယ့်ဖက်ရှင်ဟာ ယဉ်ကျေးမှုကိုဆိုးရွားစွာ ထိခိုက်နေသလား၊ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေသလားဆိုတာတော့ စဉ်းစားချင်ပါသေးတယ်။ အဝတ်အစားကြောင့် ဂုဏ်တက်သလို၊ အဝတ်အစားကြောင့် ဂုဏ်ပျက်နိုင်တာကြောင့် သတိပြုစေချင်ပါတယ်။

> ❛ လူငယ်တွေဟာ ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဆိုတဲ့စကားလို တစ်ချိန်ကျရင် တိုင်းပြည်ရဲ့အနာဂတ်ကို လူကြီးတွေဆီက ပခုံးပြောင်းတာဝန်ယူရမယ့်သူတွေပါ။ လူငယ်ကောင်းမှ၊ လူငယ်တော်မှ တိုင်းပြည်အနာဂတ် ကောင်းမွန်တင့်တယ်မှာပါ။ ဒို့အပြင် လူငယ်တွေဟာ လုပ်အားနဲ့ အကျိုးပြုနေတဲ့ အနေအထားတွေလည်း ရှိနေပါသေးတယ်။ လုပ်ငန်းခွင်ထဲမှာရှိနေတဲ့ လူငယ်တွေရဲ့ လုပ်အားဟာလည်း တိုင်းပြည်အတွက် တန်ဖိုးရှိသော အားထားစရာပါ။ ❜

ခန္ဓာကိုယ်ရဲ့ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်နိုင်စေရုံသာမက ဘဝကို ပျက်ပြားစေနိုင်တာက မူးယစ်ဆေးဝါးတွေပါ။ အလွယ်တကူရတဲ့ မူးယစ်စေတဲ့ အရက် လက်တည့်စမ်းချင်လို့ သောက်လိုက်ပါပြီ။ ဒါပေမယ့် စွဲလမ်းမသွားဖို့တော့ ထိန်းချုပ်နိုင်ရပါလိမ့်မယ်။ မထိန်းချုပ်နိုင်လို့ စွဲလမ်းသွားရင် ဘဝက အိုမင်းချိန်တောင် မရောက်တော့ဘဲ နိဂုံးချုပ်သွားမှာမို့ မအိုဆေးအရက်ရဲ့ ကျေးကျွန်မဖြစ်ဖို့တော့ အရေးကြီးပါသေးတယ်။

မူးယစ်ဆေးလည်း ဒီလိုပါပဲ။ တစ်ခါတစ်ရံတောင် လက်တည့်မစမ်းသင့်တဲ့ အရာတွေပါ။ စွဲလမ်းမှု ဒီဂရီက ပြင်းထန်လွန်းလို့ပါ။ နောက်ဆုံးမှာ လူလုံးမလှတဲ့ဘဝနဲ့ မူးယစ်ဆေးရဲ့ သားကောင်အဖြစ် နိဂုံးချုပ်သွားနိုင်တာမို့ လူငယ်တွေဝေးဝေးရှောင်သင့်တဲ့ စာရင်းထဲမှာ မူးယစ်ဆေးက ထိပ်ဆုံးပါပဲ။

လူငယ်တွေရဲ့ ခန္ဓာကိုယ်က ကြံ့ခိုင်သန်စွမ်းလွန်းပါတယ်။ ဒီခွန်အားကို အားကစားနဲ့ပေါင်းစပ်ရင် အကောင်းဆုံးဖြစ်မှာပါ။ ကိုယ်ဝါသနာပါရာ အားကစားအမျိုးအစားကို လေ့ကျင့်ကစားရင်း ခွန်အားကို တလွဲအသုံးချဖြစ်တော့မှာ မဟုတ်ပါဘူး။

**ပြောင်းလဲလာသောစိတ်ကို ဘယ်လိုထိန်းကွပ်လို့ အကျိုးရှိရာရှိကြောင်းတွေလုပ်မလဲ**

ဆယ်ကျော်သက်အရွယ်မှာ ရုပ်ပြောင်းလဲမှုနှင့်အတူ စိတ်အခြေအနေတွေပါ ပြောင်းလဲလာကြပါပြီ။

ရှက်တတ်တဲ့စိတ်၊ စိတ်ကစားတတ်တဲ့အရွယ်၊ စူးစမ်းဆင်ခြင်တဲ့ စရိုက်တွေဟာ လူငယ်တွေရဲ့ သဘာဝပါပဲ။ ဟော်မုန်းအပြောင်းအလဲကြောင့် ဆန့်ကျင်ဘက်လိင်တွေကိုလည်း စိတ်ဝင်စားလာကြပါပြီ။ ရှက်တတ်တဲ့စိတ်လို့ဆိုရာမှာ အလွန်အမင်းမဖြစ်သင့်ဘူးလို့တော့ ဆိုချင်ပါတယ်။ အလွန်အကျွံရှက်ရွံ့စိတ်ကနေ စိတ်ရိုင်းဝင်သွားတတ်လို့ပါ။ အရွဲ့တိုက်လိုစိတ်တွေ များလာတတ်လို့ပါပဲ။

ဆင်းရဲတာကို ရှက်ရွံ့အားကြီးရင် မမှန်တဲ့နည်းလမ်းနဲ့ ငွေရှာမယ်။ စာမလိုက်နိုင်တာကို မကြိုးစားဘဲ ရှက်ရွံ့စိတ်သာ ကဲနေရင် အတန်းထဲမှာ ခပ်ဆိုးဆိုးကျောင်းသားဖြစ်လာမယ်။

**နောက်တစ်ခုက စိတ်ကစားမှု။**

သစ်ရွက်လှုပ်တာတောင်ကြည့်ပြီး ခိုးခိုးခစ်ခစ် ရယ်တတ်တဲ့အရွယ်ပါ။ စိတ်မတည်ငြိမ်သေးတဲ့အရွယ်ဖြစ်လို့ အဆွယ်ကောင်းသူတွေနဲ့တွေ့ရင် လမ်းမှားရောက်လို့ သွားနိုင်ပါတယ်။

**စူးစမ်းချင်တဲ့ သဘာဝ။**

လူငယ်လူရွယ် ဆယ်ကျော်သက်တွေအတွက် ပတ်ဝန်းကျင်လောကကြီးဟာ အသစ်အဆန်းတွေနဲ့ ပြည့်နှက်နေပါတယ်။ မြင်မြင်ရာ အထူးအဆန်းတွေချည်းဆိုတော့ လူငယ်တွေက အရာရာတိုင်းကို စိတ်ဝင်စားကြပါတယ်။ သိလို၊ မြင်လို၊ ကြည့်လို၊ ကြားလို၊ စူးစမ်းလိုကြပါတယ်။

ရှက်ရွံ့စိတ်၊ စိတ်ကစားမှု၊ စူးစမ်းချင်တဲ့သဘာဝတွေအတွက် အကောင်းဆုံးကတော့ အားကစား၊ တေးဂီတနဲ့ အကျိုးပြုလုပ်ငန်းတွေပါပဲ။ အားကစားက ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းဖို့အတွက်၊ ခွန်အားကို နည်းလမ်းမှန်စွာ အသုံးချခြင်းအတွက်သာ အရေးပါတာ မဟုတ်ပါဘူး။ သိမ်ငယ်စိတ်၊ စိတ်ဖိစီးမှုတွေကို ပျောက်ကွယ်စေပြီး ယုံကြည်မှုတွေ ပေါ်ပေါက်လာကာ ရဲရင့်တဲ့ စိတ်ဓာတ်တွေကိုပါ မွေးဖွားလာစေပါတယ်။ တေးဂီတကတော့ လူငယ်တို့ရဲ့ ခက်ထန်မာကျောနေတဲ့ စိတ်ရိုင်းတွေကို ပြေလျော့စေပါတယ်။ နူးညံ့သိမ်မွေ့တဲ့ စိတ်နှလုံးသားအဖြစ် ပုံပြောင်းပေးနိုင်ပါတယ်။ စာနာနားလည်မှု၊ သနားကြင်နာမှုတွေကို လူငယ်တွေရဲ့ စိတ်နှလုံးထဲသို့ ထည့်သွင်းပေးနိုင်ပါတယ်။

နောက်ဆုံးက အကျိုးပြုလုပ်ငန်းတွေပါ။ ရပ်ရွာအလှူခံမဏ္ဍပ်တွေမှာ ကူညီအလှူခံပေးတာ၊ ရပ်ကွက် သန့်ရှင်းရေးလုပ်ငန်းတွေမှာ ပါဝင်စေတာ၊ ရပ်၊ ကျေး စာကြည့်တိုက်တွေမှာ အချိန်ပိုင်းလုပ်အားပေးစေတာ၊ တရားပွဲတွေမှာ ကူညီဆောင်ရွက်ပေးစေတာ၊ ဝါတွင်း ဆွမ်းလောင်းလှူရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်စေ တာတွေဟာ လူငယ်တွေကို ကောင်းသောစိတ်အခြေအနေ တွေဖြစ်ပေါ်စေကာ လူအများနဲ့ ထိတွေ့ဆက်ဆံစေခွင့် ရစေပြီး လူငယ်ကောင်းတွေ၊ လူငယ်တော်တွေ ဖြစ်လာစေမှာအမှန်ပါ။

**ဘဝတိုးတက်ရာတိုးတက်ကြောင်းအတွက် ဘာတွေလုပ်နိုင်မလဲ**

လူငယ်ဘဝဆိုတာ အင်မတန်မှကို နေပျော်စရာကောင်းတဲ့အရွယ်ပါ။ ခွန်အားဗလကောင်းသလို မှတ်ဉာဏ်ဦးနှောက်ကလည်း အင်မတန်မှပဲ ထက်မြက်တဲ့အချိန်ပါ။ ဒီတော့ ဘဝရဲ့ တိုးတက်ရာ တိုးတက်ကြောင်းတွေကို ဆောင်ရွက်ဖို့ အချိန်အခါကောင်းပါ။ ကိုယ်ရွေးချယ်သင်ယူနေသော အသိပညာ၊ အတတ်ပညာတွေကို ဆည်းပူးနေရင်း အချိန်ယူပြီး စာဖတ်ကြရမှာပါ။

အသိဉာဏ်မြင့်မားစေမယ့်၊ ဗဟုသုတရစေမယ့် စာကောင်းပေမွန်တွေကို ဘဝအတွက်ဆိုပြီး ရည်ရွယ်ကာ ဖတ်မှတ်လေ့လာကြရမှာပါ။ စာဖတ်ခြင်းဟာ လူငယ်တွေကို ပြည့်ဝစေမှာအမှန်ပါပဲ။ တွေးခေါ်မြော်မြင်အားတွေကို ပိုပြီးကောင်းစေသလို စိတ်ကောင်းစိတ်မြတ်တွေကိုလည်း ဖြစ်ပေါ်လာစေပါတယ်။ အမှားနဲ့အမှန်ကို ကွဲပြားခြားနားစွာ သိရှိသလို ရည်ရွယ်ရာပန်းတိုင်ကို အရောက်သွားတဲ့ လမ်းခရီးမှာ ဇွဲ၊ သတ္တိတွေ၊ စိတ်ရှည်သည်းခံမှုတွေ များပြားတိုးတက်လို့လည်း လာမှာပါ။ ကိုယ်ချင်းစာတရားတွေရှိလာမှာဖြစ်သလို မိသားစုတာဝန်တွေ၊ နိုင်ငံသားကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်နဲ့ တာဝန်တွေကိုလည်း သဘောပေါက်လို့လာပါလိမ့်မယ်။

ဒို့အပြင် ကိုယ်သင်ယူရာ ပညာရပ်တွေနဲ့ ပတ်သက်ဆက်စပ်ရာ တိုးတက်ရာ တိုးတက်ကြောင်း စာတွေကိုလည်း မလွဲမသွေဖတ်ကြရပါဦးမယ်။ ဒါမှ တစ်နေ့ထက်တစ်နေ့ ပိုမိုထူးချွန်တဲ့သူ ဖြစ်လို့လာပါလိမ့်မယ်။ လူငယ်တွေဟာ နိုင်ငံကျော်ဆိုင်းဆရာကြီး စိန်ဗေဒါလို ခံယူချက်ထားကြရမှာပါ။ စိန်ဗေဒါကြီးက မနေ့က စိန်ဗေဒါထက် ဒီနေ့စိန်ဗေဒါက ပိုပြီးတော်နေရမယ်လို့ ခံယူပြီး စဉ်ဆက်မပြတ် လေ့ကျင့်သူ၊ ကြိုးစားသူပါ။

ပြီးတော့လည်း လူငယ်တွေဟာ ကိုယ့်အတွက် တစ်ကယ့်ကို လိုအပ်တဲ့ သင်တန်းတွေကို တက်ကြရဦးမှာပါ။ ပေါ်ပင်သင်တန်းတွေ လျှောက်တက်တာမျိုးမဟုတ်ဘဲ၊ စတိုင်တစ်ခုအနေနဲ့မဟုတ်ဘဲ ကိုယ့်ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ကိုယ်ကျင်လည်ရာ နယ်ပယ်တွေနဲ့ ပတ်သက်တဲ့ သင်တန်းတွေတက်ခြင်းဖြင့် အဖိုးတန်တဲ့ အချိန်တွေကို ဘဝတည်ဆောက်ရေးအတွက်၊ ဘဝတိုးတက်မြင့်မားရေးအတွက် အသုံးချကြရပါလိမ့်မယ်။

လူငယ်တွေဟာ ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဆိုတဲ့စကားလို တစ်ချိန်ကျရင် တိုင်းပြည်ရဲ့အနာဂတ်ကို လူကြီးတွေဆီက ပခုံးပြောင်းတာဝန်ယူရမယ့်သူတွေပါ။ လူငယ်ကောင်းမှ၊ လူငယ်တော်မှ တိုင်းပြည်အနာဂတ် ကောင်းမွန်တင့်တယ်မှာပါ။ ဒို့အပြင် လူငယ်တွေဟာ လုပ်အားနဲ့ အကျိုးပြုနေတဲ့ အနေအထားတွေလည်း ရှိနေပါသေးတယ်။ လုပ်ငန်းခွင်ထဲမှာရှိနေတဲ့ လူငယ်တွေရဲ့ လုပ်အားဟာလည်း တိုင်းပြည်အတွက် တန်ဖိုးရှိသော အားထားစရာပါ။

လူငယ်တွေဟာ တိုင်းပြည်ရဲ့ရတနာ၊ လူမျိုးရဲ့ ဇမ္ဗူရစ်ရွှေစင်တွေပဲမို့ လူကြီးနဲ့ လူလတ်တွေက လက်တွဲခေါ်ယူလို့ ပညာမျှဝေ၊ အသိအတတ် မျှဝေပေးကြရပါဦးမယ်။ မျှလည်းမျှ ဝေလည်းဝေနေကြပါတယ်။ ဒီလိုသိသမျှ၊ တတ်သမျှကို မျှဝေနေရင်း အားလုံးက လူငယ်တွေကို မေတ္တာတွေ ပွားနေကြတာပါ။ လူငယ်တွေ အောင်မြင်ပါစေ၊ တိုးတက်ပါစေ၊ ကြီးပွားပါစေ၊ အားထားရတဲ့ လူတော်လူကောင်းများ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

---

## အိမ်မဲမြို့တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းသင်တန်း ဖွင့်လှစ်

**အိမ်မဲ ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်း သင်တန်းဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အိမ်မဲမြို့နယ် တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ကျေးရွာ ၁၀ ရွာမှ သင်တန်းသား သင်တန်းသူ ၂၀ ကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းသင်တန်းကို လေးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ ကျေးလက်နေပြည်သူများက မိမိတို့ရပ်ရွာများ ဖွံ့ဖြိုးတိုးတက်စေရေး စီမံချက်များကို ကိုယ်တိုင်ရေးဆွဲဖော်ထုတ်နိုင်စေရန် ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်ပြည့်ဝစေပြီး ဒေသ၏လိုအပ်ချက်များကို ဖော်ထုတ်တင်ပြလာနိုင်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်းသင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# လက်တွေ့ဘဝမှာပါ သူရဲကောင်းဖြစ်လာတဲ့ ဘန်နီဒစ်ကမ်ဘာဘက်ချ်

ဗြိတိန်သရုပ်ဆောင်မင်းသားတစ်ဦး ဖြစ်တဲ့ ဘန်နီဒစ်ကမ်ဘာဘက်ချ်ဟာ ရုပ်ရှင်တွေနဲ့ ရုပ်သံဇာတ်လမ်းတွေမှာ လူတွေကိုကယ်တင်တဲ့ သူရဲကောင်းနဲ့ မကောင်းမှုတွေကိုတိုက်ခိုက်တဲ့ ဇာတ်ကောင်နေရာတွေကနေ ပါဝင်လေ့ရှိသူတစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာတော့ မင်းသားဟာ လမ်းပေါ်မှာ လုယက်ခံခဲ့ရတဲ့သူတစ်ဦးကို ကူညီကယ်တင်ပေးခဲ့တာကြောင့် ဟောလိဝုဒ်မီဒီယာတွေက သူ့ကို လက်တွေ့ဘဝမှာပင် သူရဲကောင်းတစ်ဦးဖြစ်ခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။

"The Sherlock"နဲ့ "Doctor Strange" ရုပ်ရှင်တွေနဲ့ အလွန်ကိုကျော်ကြားခဲ့တဲ့ ဘန်နီဒစ်ကမ်ဘာဘက်ချ်ဟာ ဇနီးဖြစ်သူနဲ့အတူ ကလပ်တစ်ခုကိုသွားရင်းက ဆိုင်ကယ်စီးလာတဲ့လူတစ်ဦးဆီမှ ပိုက်ဆံလုယက်ခဲ့တဲ့သူတွေကို တိုက်ခိုက်ရှင်းထုတ်ပေးခဲ့တာဖြစ်ပါတယ်။ ပစ္စည်းတွေ လိုက်လံပို့ဆောင်ပေးတဲ့သူ တစ်ဦးကို လူလေးဦးက ဝိုင်းထိုးကြိတ်ကာ လုယက်နေတာကို တွေ့ခဲ့ရာ ဘန်နီဒစ်ကမ်ဘာဘက်ချ်က ကူညီကယ်တင်ခဲ့တာဖြစ်ကြောင်း အငှားယာဉ်မောင်းသူတစ်ဦးက သယ်စန်းသတင်းဌာနကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ မင်းသားနဲ့ဇနီးဟာ သူ့ရဲ့ကားကို ငှားစီးခဲ့ရင်းက ဒီလိုဖြစ်ပျက်နေတာကို တွေ့ခဲ့တာကြောင့် မင်းသားက ကားကိုရပ်တန့်စေကာ ဝင်ရောက်ကူညီခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။




ဟောလိဝုဒ်ရဲ့ကျော်ကြားပြီး တစ်ချိန်က အလွန်ကိုတွဲဖက်ညီခဲ့ကြတဲ့ မင်းသားကြီးတွေဖြစ်ကြတဲ့ အာနိုးရှာဝါဇင်ကာ၊ ဆီဗက်စတာစတားလုံးနဲ့ ဂျက်ဆင်စတာသန် (ဝဲမှ ယာ)တို့ကို ပြီးခဲ့တဲ့ စနေနေ့က အာနိုးရှာဝါဇင်ကာရဲ့ ရန်ပုံငွေပွဲမှာ အတူတွေ့ရစဉ်။




# ဂျော့ဂျ်ကလုံနီအတွက် ဂုဏ်ပြုဆုကို ဂျူလီယာရောဘတ် ပေးအပ်သွားမည်

တစ်ချိန်က တွဲဖက်သရုပ်ဆောင်ခဲ့ကြသူတွေဖြစ်ကြပြီး ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသားမင်းသမီးတွေဖြစ်ကြတဲ့ ဂျော့ဂျ်ကလုံနီနဲ့ ဂျူလီယာရောဘတ်တို့ ပြန်လည်တွေ့ဆုံဖို့ရာ ဖြစ်လာခဲ့ပါပြီ။ ဒီတစ်ကြိမ်မှာတော့ မင်းသား ဂျော့ဂျ်ကလုံနီအတွက် "Lifetime Achievement Award"ဆိုကို ဂျူလီယာရောဘတ်က ပေးအပ်ချီးမြှင့်သွားမှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမေရိကန်ရုပ်ရှင်အင်စတီကျူးက နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဆုပေးပွဲကိုတော့ လာမယ့်လအတွင်း ကျင်းပသွားမှာဖြစ်ပြီး ဒီနှစ်မှာတော့ အသက် ၅၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားကြီး ဂျော့ဂျ်ကလုံနီကို ဂုဏ်ပြုဆုချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီအခမ်းအနားမှာတော့ ဂျော့ဂျ်ကို နှစ်ပေါင်းများစွာခင်မင်လာခဲ့တဲ့ မိတ်ဆွေတစ်ဦးလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်တဲ့ မင်းသမီး ဂျူလီယာရောဘတ်က ဂုဏ်ပြုဆုပေးအပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျော့ဂျ်ကလုံနီနဲ့ ဂျူလီယာရောဘတ်တို့ရဲ့ ခင်မင်မှုဟာ ဆယ်စုနှစ် နှစ်ခုလောက် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုခင်မင်ခဲ့ကြတဲ့ သက်တမ်းတစ်လျှောက်မှာလည်း ရုပ်ရှင်ပေါင်းများစွာမှာ တွဲဖက်ပါဝင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ သူတို့အတူပါဝင်ခဲ့ကြတဲ့ ရုပ်ရှင်တွေထဲမှာ ကျော်ကြားတဲ့ ရုပ်ရှင်တွေကတော့ "Ocean's Eleven"၊ "Ocean's Twelve"နဲ့ "Money Monster" တို့ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၂ ခုနှစ်အတွင်းမှာလည်း ဂျူလီယာရောဘတ်ဟာ ဂျော့ဂျ်ကလုံနီ ဒါရိုက်တာအဖြစ် ပွဲဦးထွက် ဖန်တီးရိုက်ကူးခဲ့တဲ့ " Dangerous Mind "မှာ ပါဝင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်းမှာလည်း ဂျော့ဂျ်ကလုံနီက ထုတ်လုပ်သူအဖြစ် ပါဝင်ခဲ့တဲ့ " August: Osage County"မှာလည်း ဂျူလီယာရောဘတ်က အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားခဲ့တာကိုလည်း တွေ့ရပါတယ်။

မကြာမီမှာ "Lifetime Achievement Award"ဆိုကို လက်ခံရရှိတော့မှာဖြစ်တဲ့ ဂျော့ဂျ်ကလုံနီဟာ ယင်းဆုကို လက်ခံရရှိတဲ့ ၄၇ ယောက်မြောက် အနုပညာရှင်ဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။



# ဘေဘုတ်ကို ဆက်လက်ဦးဆောင်နေဆဲ BTS နယ်လှည့်ဖျော်ဖြေပွဲလက်မှတ်များ ရောင်းကုန်ပြီးဖြစ်

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ ကမ္ဘာကျော်တဲ့ ကေပေ့ါပ်အဖွဲ့ဖြစ်ပါတယ်။ သူ့ရဲ့ကျော်ကြားမှုကြောင့် နိုင်ငံတကာတေးဂီတထူးချွန်ဆုပေးပွဲမှာလည်း ဆုတွေကို လက်ခံရယူထားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါ့အပြင် "BTS"ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ် "Love Yourself: Tear"ဟာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာလည်း ဒုတိယမြောက်သီတင်းပတ်အဖြစ် ထိပ်ဆုံးကနေ ဆက်လက်ဦးဆောင်ထားနိုင်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS"ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Tear" ဟာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းကို ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်သွားမှာဖြစ်ကြောင်းကိုလည်း တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုနဲ့အတူ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယင်းဖျော်ဖြေပွဲတွေကို မြောက်အမေရိကားနဲ့ ဥရောပမှာရှိတဲ့ မြို့ကြီး ၁၀ မြို့မှာ ပြုလုပ်သွားမှာဖြစ်ပြီး ယင်းဖျော်ဖြေပွဲတွေအတွက် လက်မှတ်တွေကို ပြီးခဲ့တဲ့လအတွင်းက စတင်ရောင်းချခဲ့ရာ လက်ရှိမှာတော့ အကုန်ရောင်းချခဲ့ရပြီးဖြစ်ပါတယ်။ ဖျော်ဖြေပွဲတွေကျင်းပဖို့ရာ လနဲ့ချီကာ လိုသေးပေမယ့် လက်မှတ်တွေအားလုံးကတော့ ရောင်းကုန်သွားခဲ့ပြီဖြစ်ပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘစ်ဂ်ဟစ်ထ်အန်တာတိန်းမန့်ရဲ့ ပြောကြားချက်အရ မြောက်အမေရိကားအတွက် ဖျော်ဖြေပွဲလက်မှတ် ၁၈၀၀၀၀ နဲ့ ဥရောပဖျော်ဖြေပွဲလက်မှတ် ၁၀၀၀၀၀ ဟာ အကုန်ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။ "Love Yourself "လို့ အမည်ပေးထားတဲ့ နယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်တွေကို "BTS"ဟာ လာမယ့် ဩဂုတ် ၂၅ ရက်မှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မှာ စတင်သွားမှာဖြစ်ပါတယ်။ အဲဒီနောက် မြောက်အမေရိကားမှာ ဖျော်ဖြေပွဲ ၁၄ ပွဲနဲ့ ဥရောပမှာ ခုနစ်ပွဲ စုစုပေါင်း ၂၁ ပွဲ ကျင်းပသွားဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။

# အခွန်ရှောင်ခဲ့ကြောင်း စွပ်စွဲခံထားရတဲ့ ဖန်ဘင်းဘင်း



တရုတ်မင်းသမီး ဖန်ဘင်းဘင်းဟာ တကယ်ပဲ အခွန်ရှောင်ခဲ့လားဆိုတာကိုတော့ လတ်တလောမှာ တရုတ်အကောက်ခွန်ဌာနက စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ဖန်ဘင်းဘင်းဟာ အနုပညာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာ အခွန်ရှောင်ခဲ့တာတွေရှိကြောင်း စွပ်စွဲခံထားရပြီး လတ်တလောမှာတော့ စုံစမ်းစစ်ဆေးမှုတွေ ခံယူနေရတာ ဖြစ်ပါတယ်။ တကယ်ပဲ ဥပဒေကို မလိုက်နာခဲ့ဘူးဆိုရင်တော့ မင်းသမီးကို ဥပဒေအတိုင်း အရေးယူမှုတွေ ပြုလုပ်သွားမှာဖြစ်တယ်လို့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အကောက်ခွန်ဌာနက တာဝန်ရှိသူတွေက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တရုတ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဖန်ဘင်းဘင်းဟာ အနုပညာလှုပ်ရှားမှုတွေမှ ရရှိခဲ့တဲ့ ဝင်ငွေအချို့ကို အခွန်ဆောင်ခဲ့ခြင်းမရှိတာကြောင့် ယခုလို စစ်ဆေးခံခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း CCTV ရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦးက ဖန်ဘင်းဘင်းနဲ့ ချုပ်ဆိုခဲ့တဲ့စာချုပ်တစ်ခုကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ ဝီဘိုပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ ယင်းစာချုပ်ပါ အချက်အလက်တွေအရ ဖန်ဘင်းဘင်းဟာ အနုပညာကြေးအဖြစ် ယွမ်သန်း ၆၀ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ သန်းခန့်) ရရှိခဲ့တာ ဖြစ်ပါတယ်။

ဖန်ဘင်းဘင်းဟာ ဝင်ငွေခွန်ဆောင်ရမယ့် သတ်မှတ်ချက်ဖြစ်တဲ့ ယွမ် ၁၀ သန်းအထက် ဝင်ငွေရရှိခဲ့ပေမယ့် သူ့ရဲ့ဝင်ငွေကို ယွမ် ၁၀ သန်းအဖြစ်သာ တရားဝင် စာရင်းပြခဲ့ပါတယ်။ ကျန် ယွမ်သန်း ၅၀ ကို သီးသန့်စာချုပ်တွေချုပ်ဆိုကာ အခွန်ရှောင်ခဲ့တာဖြစ်တယ်လို့ အွန်လိုင်းသတင်းတွေပေါ်မှာ ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

အေးပြည့်-ရေးသားသည်

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းများဖွင့်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့



**ဘားအံ ဇွန် ၅**
နယ်စပ်ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသူလေးများအား လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိရာ ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၄)၊ ရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၁၄) သင်တန်းများဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်အားပေးပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သင်တန်းများဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကား ပြောကြားပြီး သင်တန်းသူများအတွက် ကြက်သွန်၊ ကုလားပဲ၊ အာလူး၊ စားသုံးဆီ စသည့် အခြေခံ စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ရာ သင်တန်းကျောင်း ကျောင်းအုပ်ဒေါ်သန်းသန်းက လက်ခံရယူသည်။

ဖွင့်လှစ်သည့် သင်တန်းများသည် ဇွန် ၄ ရက်မှ စက်တင်ဘာ ၇ ရက်ထိ ၁၄ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အခြေခံ အိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၇၅ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ၁၄ ဦး၊ ရိုးရာဂျပ်ခုတ်သင်တန်းတွင် ၁၀ ဦး စုစုပေါင်းသင်တန်းသူ ၉၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

အလားတူ ထိုနေ့ နံနက် ၉ နာရီတွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း မြိုင်ကြီးငူနှင့် မြဝတီတို့တွင် သင်တန်းများဖွင့်ပွဲကို ကျင်းပရာ မြိုင်ကြီးငူ၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင် တက်ရောက် အမှာစကားပြောကြား၍ သင်တန်းကိုဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသူ စုစုပေါင်း ၇၃ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်းနှင့် မြဝတီသင်တန်းကျောင်း သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးထူးလွင်တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသူစုစုပေါင်း ၉၇ ဦး တက်ရောက်သင်ကြားလျက်ရှိရာ ကရင်ပြည်နယ်အတွင်းရှိ သင်တန်းကျောင်း သုံးကျောင်း၌ နယ်စပ်ဒေသမှ တိုင်းရင်းသူ စုစုပေါင်း ၂၆၅ ဦး တက်ရောက်၍ အမျိုးသမီးအိမ်တွင်းမှု လုပ်ငန်းပညာများ သင်ကြားလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## စည်ပင်အင်ဂျင်နီယာဝန်ထမ်းများအတွက် ITC သင်တန်းဖွင့်

**ပဲခူး ဇွန် ၅**
ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ပဲခူးမြို့)တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂) သင်တန်းသားများအတွက် အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေးများအတွက် ဌာနတွင်း ကွန်ပျူတာသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**



အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ (၃၅) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် ဇွန် ၄ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အင်ဂျင်စက်ပြင်သင်တန်း မြောက်ဦးမြို့၌ဖွင့်လှစ်

**မြောက်ဦး ဇွန် ၅**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက်ရှိ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အင်ဂျင်စက်ပြင်သင်တန်းကို ဇွန် ၁ ရက် နံနက် ၉ နာရီက အဆိုပါ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို လက်မှုပညာသင်တန်းများ တက်ရောက်ပြီး သင်တန်းမှပို့ချပေးသော နည်းပညာများကို နားလည်သဘောပေါက်အောင် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်းမှာကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားရာတွင် သင်တန်းကာလပြီးဆုံးပါက မိမိတို့၏ကျေးရွာများ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ဖြစ်သော ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ယခုလို အင်ဂျင်စက်ပြင်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဦးကျော်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးချစ်မောင်၊ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အမြို့မြို့အနယ်နယ်တွင် သစ်ပင်စိုက်ပျိုး

**မြောင်းမြ။** ။၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ဇွန် ၅ ရက် နံနက် ၈ နာရီက မြောင်းမြမြို့ မုဆိုးကွင်းကျေးရွာအုပ်စု စနေအသင်း ဓမ္မတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့များ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ မန်ကျည်းရှား၊ မဲဇလီ ပျိုးပင်ပေါက် ၅၀၀ ခန့်ကို တပျော်တပါး စုပေါင်း စိုက်ပျိုးခဲ့ကြသည်။

"ပြည်သူတွေက သစ်တောသစ်ပင်တွေကို ချစ်ခင်မြတ်နိုးတဲ့စိတ်၊ ပြုစုထိန်းသိမ်းလိုတဲ့စိတ်တွေကို တိုးပွားလာစေဖို့ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်၊ ၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ဆိုတဲ့ ဆောင်ပုဒ်ပဲဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးမှူး ဦးအုံ့ဇော်ထွန်းက ပြောကြားသည်။ **အောင်မင်း(မြောင်းမြ)**

**ဆင်ပေါင်ဝဲ။** ။ မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီက ကိုးပင်-ဆင်ပေါင်ဝဲလမ်း မိုင်တိုင် အမှတ် ၁၆/၁ လမ်းမြောက်ဘက် တစ်ဖာလုံခန့်အကွာ လွန်ချီကျေးရွာသွားလမ်း၏ အနောက် ဘက်ခြမ်း၌ ကျင်းပသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ယူကလစ်၊ စိန်ပန်းကြီး၊ ဝါးပျိုးပင် စုစုပေါင်းအပင် ၈၁၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ဒီးမော့ဆို။** ။၂၀၁၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီခွဲက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ (၁၀၂) တပ်ရင်းဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲတွင် ခရိုင်သစ်တောဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစွမ်းထက်ကိုနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်း ၁၆၀၊ ပျဉ်းကတိုး ၁၁၂ ပင်၊ ပိတောက် ၈၀၊ အော်ရီရှား ၁၃၀၊ ပနားမားငု ၅၈ ပင်၊ ရေသင်းဝင် ငါးပင်နှင့် ရေမနေ ငါးပင် စုစုပေါင်း ပျိုးပင် ၅၅၀ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။ **မြို့နယ်(ပြန်/ဆက်)**

**ရေကြည်။** ။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ပုသိမ်-မုံရွာလမ်းမကြီးဘေးရှိ ငါးသိုင်းချောင်းနယ်မြေမီးသတ်စခန်းဝင်းအတွင်း၌ ကျင်းပသည်။

ရေကြည်မြို့နယ် မဲဆန္ဒနယ်မြေ(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိဦးသန့်ဇင်နှင့် သစ်တောဝန်ထမ်းများ၊ ရေကြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၃ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်နှင့်မန်ကျည်းရှား သစ်ပျိုးပင်စုစုပေါင်း ၂၉၀ ကို တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

**အထက်မင်းလှ။** ။သရက်ခရိုင် မင်းလှမြို့နယ် ရွာတော်ကျေးရွာအုပ်စု အပ္ပမာဒနာရေးကူညီမှုအသင်းအနီး မြေကွက်လပ်တွင် ဇွန် ၅ ရက် နံနက် ၉ နာရီက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှူးက ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြရန်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြောင်း ရှင်းလင်းပြောကြားပြီး ပျိုးပင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှူးတို့က ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ တပ်မတော်သားစစ်သည်များ၊ ကျောင်းသားကျောင်းသူများ၊ NGO အဖွဲ့အစည်းများက ကျွန်း၊ ပိတောက်၊ လျှော်ဖြူအစရှိသည့်ပျိုးပင်ပေါင်း ၃၇၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# တစ်ပတ်အတွင်း အားကစားသတင်း



**ဘာနေဗျူးကို ကျောခိုင်းခဲ့တဲ့ ခြေရာများနဲ့အတူ**

ချန်ပီယံလိဂ်ပူပူနွေးနွေး ချန်ပီယံ ရီးယဲလ်မက်ဒရစ် အသင်းဟာ မေ ၃၁ရက်မှာ ရုတ်တရက် သတင်းစာရှင်းလင်းပွဲ ကျင်းပမယ်ဆိုတဲ့ သတင်းကြောင့် ပရိသတ်တွေ၊ မီဒီယာတွေအားလုံး လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရပါတယ်။ ပရိသတ်တွေကတော့ ချန်ပီယံလိဂ်ဖလား သုံးနှစ်ဆက်တိုက်ရထားတဲ့ ဇီဒန်းနဲ့ ရီးယဲလ်အသင်းတို့ စာချုပ်သက်တမ်း ထပ်တိုးတဲ့ သတင်းများဖြစ်လေမလားဆိုပြီး မျှော်လင့်ခဲ့ကြပေမယ့် ဒီသတင်းစာရှင်းလင်းပွဲဟာ ဇီဒန်း ရီးယဲလ်နည်းပြအဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့တာဖြစ်တယ်ဆိုတာကြောင့် အားလုံး ကြက်သေသေသွားခဲ့ရပါတယ်။ ဒီသတင်းဟာ ယခုရက်သတ္တပတ်အတွင်း အလှုပ်ခတ်ဆုံးဖြစ်နေပြီး မီဒီယာတွေရဲ့ ခြေရာလိုက်ကောက် မေးမြန်းမှုတွေကြားမှာ ထင်မြင်ချက်တွေက အမျိုးမျိုး၊ ကောလာဟလတွေက တစ်ဖုံ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင်ထွက်နေဆဲဖြစ်ပြီး ဇီဒန်း ဘာကြောင့် ရီးယဲလ်က ထွက်ခွာသွားသလဲဆိုတဲ့ ပဟေဠိအတွက် အဖြေထုတ်ကြည့်ပါမယ်။

**ထွက်ခွာခြင်းကို ကြေညာပြီ**

ဗုဒ္ဓဟူးနေ့ညပိုင်းက ဇီဒန်းက ဥက္ကဋ္ဌပီရက်ဇ်ကို ဖုန်းဆက်ပြီး သူ့အနာဂတ်နဲ့ ပတ်သက်ပြီး အသိပေးချင်တယ်လို့ ပြောကြားခဲ့တာပါ။ ပီရက်ဇ်က အလုပ်ကိစ္စတွေ ရှုပ်ယှက်ခတ်နေပေမယ့် ဇီဒန်းဆီ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခဲ့ပါတယ်။ ဇီဒန်းက သူ့အနေနဲ့ ရီးယဲလ်အသင်း အပြောင်းအလဲလုပ်ဖို့ လိုအပ်တာကြောင့် ရီးယဲလ်ကနေ သူထွက်ခွာမယ်လို့ ဆုံးဖြတ်ထားတဲ့အကြောင်း ပြောခဲ့တဲ့အခါ ပီရက်ဇ်က ရီးယဲလ်ကို အပြောင်းအလဲလုပ်မယ်ဆိုရင်တောင် ဇီဒန်းအနေနဲ့ ရီးယဲလ်မှာ ဆက်ရှိနေသင့်တယ်လို့ စည်းရုံးခဲ့ပေမယ့် အသေအချာ ဆုံးဖြတ်ပြီးဖြစ်တဲ့ ဇီဒန်းရဲ့ စိတ်ကိုတော့ ပြောင်းလဲအောင် စွမ်းဆောင်နိုင်ခြင်းမရှိပါဘူး။ နောက်ဆုံးမှာတော့ ပီရက်ဇ်ဘက်ကလည်း ဇီဒန်းရဲ့ ဆုံးဖြတ်ချက်ကို လက်ခံပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရတာဖြစ်ပါတယ်။

**ဇီဒန်းဆိုတာ**

ဇီဒန်းက ကစားသမားဘဝမှာ နိုင်ငံအသင်းနဲ့ ကမ္ဘာ့ဖလား၊ ဥရောပဖလားတွေ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သလို ကလပ်အသင်းအောင်မြင်မှုမှာလည်း ချန်ပီယံလိဂ်၊ လာလီဂါ၊ စီးရီးအေစသဖြင့် သူမရဖူးတဲ့ ဖလားဆိုတာ မရှိဖြစ်ခဲ့လောက်အောင် အောင်မြင်မှုရရှိခဲ့သူဖြစ်ပါတယ်။ သူဟာ ဘောလုံးဆက်ကစားနိုင်လောက်တဲ့ ကြံ့ခိုင်မှုကောင်းသေးတဲ့ အသက် ၃၄ နှစ်အရွယ်မှာပဲ ဘောလုံးကစားခြင်းကနေ အနားယူခဲ့ပြီး ၂၀၀၆ ကမ္ဘာ့ဖလားရဲ့ အကောင်းဆုံးကစားသမားဆု (ရွှေဘောလုံးဆု)ကို ရယူနိုင်ခဲ့ကာ အမြင့်ဆုံးစွမ်းဆောင်ရည်နဲ့ ကစားသမားဘဝကို နှုတ်ဆက်ခဲ့သူဖြစ်ပါတယ်။

ကစားသမားဘဝကနေ အနားယူပြီး ၁၀ စုနှစ်တစ်ခုကျော်အကြာ ၂၀၁၆ခုနှစ်မှာ ရီးယဲလ်အသင်းကို ကိုင်တွယ်ခွင့်ရခဲ့ပါတယ်။ နည်းပြ ဘင်နီတက်ဇ်နေရာ အစားထိုးခန့်အပ်ခံခဲ့ရပြီး ငါးလကျော်အကြာမှာ ရီးယဲလ်အတွက် အဲဒီတုန်းက တစ်ခုတည်းသာ မျှော်လင့်နိုင်တဲ့ ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာကြောင့် ရီးယဲလ်အသင်းက ဇီဒန်းကို သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ဘောလုံးရာသီကတော့ ဇီဒန်းရဲ့ အအောင်မြင်ဆုံးရာသီဖြစ်ခဲ့ပြီး လာလီဂါ၊ ချန်ပီယံလိဂ်၊ ကမ္ဘာ့ဖလား၊ ဥရောပစူပါဖလားတွေကို ရယူပေးပြီး ရီးယဲလ်မက်ဒရစ်ကို ချန်ပီယံလိဂ်သမိုင်းမှာ နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဆုဆွတ်ခူးနိုင်တဲ့ ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်ကနေ စောစောစီးစီးလှည့်ပြန်ရ၊ လာလီဂါမှာ ဘာစီလိုနာအသင်းနဲ့ ရမှတ်ပြတ်ကျန်ခဲ့ရတာစတဲ့ အကြောင်းရင်းတွေကြောင့် ဇီဒန်းအပေါ်ကြီးမားတဲ့ ဖိအားတွေ ကျရောက်လာတဲ့အတွက် ဇီဒန်းကိုယ်တိုင်က ပီအက်စ်ဂျီအသင်းနဲ့ ပွဲစဥ်ဟာ သူ့နည်းပြဘဝ အဆုံးအဖြတ်ပွဲ ဖြစ်လာမယ်ဆိုတာကို ဝန်ခံခဲ့ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ရီးယဲလ်ဟာ လီဗာပူးကို အနိုင်ကစားပြီး သုံးနှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့တာကြောင့် ဇီဒန်းဟာ ဘောလုံးသမိုင်းမှာ ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်ရယူနိုင်တဲ့ မှတ်တမ်းအပြင် ဘယ်နည်းပြမှ မရဖူးသေးတဲ့ ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်ဆက်ရယူနိုင်ခဲ့တဲ့ ပထမဆုံးနည်းပြဖြစ်လာခြင်းဆိုတဲ့ ထပ်တိုးဂုဏ်သိက္ခာ တစ်ရပ်ကိုပါ ဆက်လက်ရယူနိုင်ခဲ့ပါတယ်။

**နှစ်နှစ်ခွဲကာလအတွင်း**

ဇီဒန်းဟာ ရီးယဲလ်အသင်းနဲ့ ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းရှိသူဖြစ်ပေမယ့် နှစ်ရာသီ စောပြီး ရီးယဲလ်အသင်းကို ကျောခိုင်းခဲ့တာဖြစ်ပါတယ်။ ဇီဒန်းဟာ ရီးယဲလ်ကို ကိုင်တွယ်တဲ့ နှစ်ရာသီခွဲအတွင်း ဖလားကိုးလုံး ရယူနိုင်ခဲ့တာကြောင့် ဒါဟာ ၁၆ ပွဲကစားတိုင်း ဖလားတစ်လုံးရရှိခြင်းဆိုတဲ့ အကောင်းဆုံး မှတ်တမ်းကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ဇီဒန်းအနေနဲ့ ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ လာလီဂါဖလားတစ်ကြိမ်၊ ဥရောပစူပါဖလားနှစ်ကြိမ်၊ စပိန်စူပါဖလားတစ်ကြိမ်နဲ့ ကမ္ဘာ့ဖလားနှစ်ကြိမ် ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဇီဒန်းရဲ့ မှတ်တမ်းထဲမှာ ကမ္ဘာ့ ကလပ်ဖလားကို နှစ်ကြိမ်ဆက်ရယူနိုင်တဲ့ ပထမဆုံးနည်းပြ၊ ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်ဆက်ရယူနိုင်တဲ့ ပထမဆုံးနည်းပြဆိုတဲ့ အောင်မြင်မှုတွေပါ ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေအတွက်လား**

ရီးယဲလ် နည်းပြဟောင်း ကာပယ်လိုက ဇီဒန်းအနေနဲ့ ရီးယဲလ်အသင်းကနေ နုတ်ထွက်သွားခဲ့တာဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပြီး ဇီဒန်းဘက်က မနုတ်ထွက်ရင်လည်း အနေးနဲ့ အမြန်ဆိုသလို ထုတ်ပယ်ခံရမှာဖြစ်တယ်လို့ သူ့အမြင်ကို ပြောကြားသွားခဲ့ပါတယ်။ ကာပယ်လိုက သူလည်းပဲ ရီးယဲလ်ကနေ အလားတူ အခြေအနေမျိုးနဲ့ ထွက်ခွာခဲ့ရသေးတယ်လို့ ဆိုခဲ့သေးတာကြောင့် ဒီစကားအပေါ် မီဒီယာအချို့က နင်းပြီး ဇီဒန်းအနေနဲ့ သူ့ကိုမထုတ်ပယ်မီ အရင်ထွက်သွားခဲ့တာဆိုတဲ့ ယူဆချက်တွေပုံ့လာခဲ့ပြန်ပါတယ်။

ခုနောက်ဆုံးထွက်လာတဲ့ သတင်းကတော့ ဇီဒန်းဟာ ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင် ကာတာလက်ရွေးစင်အသင်းကို တစ်နှစ်လုပ်ခ ပေါင် ၄၄ သန်းနဲ့ ကိုင်တွယ်ဖို့ ရီးယဲလ်နည်းပြအဖြစ်ကနေ ရုတ်တရက် ထွက်ခွာသွားခဲ့တာဖြစ်တယ်လို့ သတင်းထွက်လာပြန်ပါတယ်။ ဇီဒန်းဟာ ရီးယဲလ်က နုတ်ထွက်ကြောင်း ကြေညာပြီး နောက်တစ်ရက်အကြာမှာပဲ ကာတာကို သွားခဲ့တာကြောင့် အခုလို သတင်းတွေ ထွက်လာခဲ့တာဖြစ်ပါတယ်။ ကာတာအသင်းဟာ ၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်ဖြစ်တာကြောင့် တိုက်ရိုက်ကစားခွင့်ရရှိထားပြီး အသင်းကို ကိုင်တွယ်ဖို့ ထိပ်တန်းနည်းပြတစ်ဦးကို အလိုရှိနေရာ ဇီဒန်းက သူတို့ရဲ့ အဓိကပစ်မှတ်ဖြစ်လာခဲ့တယ်လို့ သိရပါတယ်။ ကာတာအသင်းကို ၂၀၁၈-၂၀၂၂ ခုနှစ် အထိလေးနှစ် ကိုင်တွယ်မယ်ဆို ပေါင် ၁၇၆ သန်းအထိ ရရှိမှာဖြစ်တာကြောင့် တစ်ရက်ဝင်ငွေဟာ ပေါင် ၁၂၀၀၀၀အထိ ဖြစ်လာမှာဖြစ်ပါတယ်။

ဇီဒန်းဟာ ကာတာအသင်းကို ၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ရွေးချယ်ခံရဖို့ အဓိက ဆောင်ရွက်ပေးခဲ့တဲ့ သံတမန်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့တာကြောင့် ငွေအတွက် ရီးယဲလ်ကို ဇီဒန်းကျောခိုင်းခဲ့လေသလားဆိုတာ တွေးစရာရှိပါတယ်။ ကာတာအသင်းဟာ လက်ရှိ ကမ္ဘာ့အဆင့် ၁၀၁ နေရာမှာရှိနေပြီး ကမ္ဘာ့ဖလား စတင်ကျင်းပခဲ့တဲ့ ၁၉၃၄ ခုနှစ်ကတည်းက ကမ္ဘာ့ဖလားကို တစ်ကြိမ်မှ ဝင်ရောက်ယှဥ်ပြိုင်ခဲ့ဖူးခြင်းမရှိတဲ့ အသင်းပါ။

**ရီးယဲလ်အသင်းအပေါ် နာကြည်းခဲ့တာလား**

ဇီဒန်းက ရီးယဲလ်အသင်းကို ချစ်သလို အသင်းဥက္ကဋ္ဌ ပီရက်ဇ်ကိုလည်း သူချစ်မြတ်နိုးကြောင်း သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်းပြောကြားခဲ့ပေမယ့် ဥက္ကဋ္ဌပီရက်ဇ်ရဲ့ ဇီဒန်းအပေါ် ချစ်မြတ်နိုးမှုကတော့ အောင်မြင်နေသမျှ ကာလလို့ပဲ ပြောရမှာဖြစ်ပါတယ်။ ဇီဒန်းက လီဂါနက်စ်ကို ရှုံးနိမ့်ပြီး ကိုပါဒယ်ရေးဖလားက ရှုံးနိမ့်တဲ့ပွဲကို သူဘယ်တော့မှ မမေ့ဘူးလို့ ပြောကြားခဲ့သေးတော့ အဲဒီပွဲစဉ်မှာ ဝိုင်းဝန်းလှောင်ပြောင်ခဲ့တဲ့ ရီးယဲလ်ပရိသတ်တွေကို စိတ်ကွက်ခဲ့သလား၊ ဒါလည်း စဉ်းစားစရာပါ။ ဇီဒန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ ရလဒ်တွေ ဆိုးရွားခဲ့တော့ ကစားသမားအချို့ရဲ့ ထောက်ခံမှုကျဆင်းခဲ့သလို ဥက္ကဋ္ဌပီရက်ဇ်ကလည်း ဇီဒန်းကို ရာသီကုန်မပြောနဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ ပီအက်စ်ဂျီကို ရှုံးနိမ့်ခဲ့ရင်တောင်ထုတ်ပစ်ဖို့ အသင့်ဖြစ်နေခဲ့တဲ့ အနေအထားအထိရောက်ခဲ့တာပါ။ ဒါပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ တစ်ဆင့်ပြီးတစ်ဆင့် တက်နိုင်ခြင်းက ဇီဒန်းရဲ့ ရီးယဲလ်နည်းပြသက်တမ်းကို ဆွဲဆန့်နိုင်ခြင်းရဲ့ အဓိကအကြောင်းတရားဖြစ်ခဲ့ပါတယ်။

စပိန်အသင်းနဲ့ ရီးယဲလ်အသင်းတို့ရဲ့ ဂန္ထဝင်နည်းပြကြီးဖြစ်တဲ့ ဒယ်ဘော့စကေးက ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်ဟာရီးယဲလ်ရာသီဝက် ရလဒ်တွေဆိုးရွားနေချိန်မှာ ဇီဒန်းကိုထုတ်ပယ်ပြီး နည်းပြသစ် ခန့်အပ်ဖို့ အသင့်ကြံရွယ်ထားပြီးဖြစ်တယ်လို့ ဆိုပါတယ်။ ဒယ်ဘော့စကေးက ဇီဒန်းအနေနဲ့ ချန်ပီယံလိဂ်ကို သုံးကြိမ်ဆက်ရယူနိုင်ခဲ့အပြီး အအောင်မြင်ဆုံးအချိန်မှာ ရီးယဲလ်ကို လမ်းခွဲခဲ့တာက နာကြည်းချက်ကြောင့်ဖြစ်နိုင်ပြီး ချန်ပီယံလိဂ်ဖလားရပြီးကာမှ အနိုင်နဲ့ပိုင်းပြီး ကျောခိုင်းခဲ့တာဖြစ်တယ်လို့ မှတ်ချက်ချပါတယ်။

**ရီးယဲလ်မက်ဒရစ်အကြောင်း ဂဃနဏသိသူ**

အချို့မီဒီယာတွေက စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်တို့လို ကစားသမားတွေရဲ့ အနာဂတ် မတည်ငြိမ်မှုကြောင့် လာမယ့်ရာသီ အသင်းကို ပုံပြန်ချဖို့ ဇီဒန်း ဆန္ဒမရှိတာကြောင့် ထွက်သွားတယ်၊ အချို့ကတော့ အပြောင်းအရွှေ့ကိစ္စရပ်တွေအပေါ် ဥက္ကဋ္ဌပီရက်ဇ် ထိန်းချုပ်လွန်းတာကြောင့် ဖြစ်နိုင်တယ်စသဖြင့် အမျိုးမျိုးရေးသားနေကြတုန်းပါပဲ။ ဒါပေမယ့် ဇီဒန်းဟာ ကစားသမားဘဝ ရီးယဲလ်မက်ဒရစ်အသင်းမှာ ငါးရာသီ ကစားခဲ့သူဖြစ်သလို ရီးယဲလ်အသင်း အားကစားဒါရိုက်တာ၊ လက်ထောက်နည်းပြ၊ လူငယ်အသင်းနည်းပြစတဲ့ တာဝန်တွေကိုယူပြီးမှ ရီးယဲလ်အသင်းကြီးကို ကိုင်တွယ်ခွင့်ရသူဖြစ်ပါတယ်။ ဒါကြောင့် ရီးယဲလ်အသင်းရဲ့ အပြောင်းအရွှေ့မူဝါဒ၊ နာမည်ကျော်ကစားသမားတွေကို ဘယ်လို ကိုင်တွယ်ရမလဲဆိုတာ နောကျေအောင်သိနေနှင့်ပြီးသူဖြစ်ပါတယ်။

**မည်သို့ပင်ဖြစ်စေ**

ဇီဒန်း ဘာကြောင့် ရီးယဲလ်က ထွက်ခွာသွားသလဲဆိုတာ မီဒီယာတွေကတော့ နောက်ကြောင်းတွေနဲ့ နီးစပ်သူတွေဆီက ထင်မြင်ချက်တွေကိုပဲ သတင်းအဖြစ်ရေးသားနေတာဖြစ်တာကြောင့် ကာယကံရှင်ကိုယ်တိုင်နှုတ်က ထုတ်မပြောရင် အတည်ပြုနိုင်ဖို့ ခက်ပါတယ်။

ဇီဒန်းရဲ့ ရီးယဲလ်ကစားဖော်ဖြစ်ခဲ့သလို လက်ရှိ ရီးယဲလ်အသင်းခေါင်းဆောင်လည်းဖြစ်တဲ့ ရာမို့စ်ရဲ့ နှုတ်ဆက်စာလွှာက အမှန်တရားနဲ့ အနီးစပ်ဆုံးဒီအခြေအနေဖြစ်ခဲ့ပြီး ရာမို့စ်က "ဇီဒန်းက ကစားသမားဘဝမှာရော နည်းပြဘဝမှာရော အကောင်းဆုံးဆိုတဲ့ အချိန်မှာပဲ နှုတ်ဆက်သွားခဲ့တာဖြစ်ပါတယ်" တဲ့။ ရာမို့စ်ရဲ့ ထင်မြင်ချက်က အမှန်တရားနဲ့ နီးစပ်မှုရှိတယ်ဆိုတာ လွန်ခဲ့တဲ့ သုံးလတာကာလအလွန်ကတည်းက ဖြေကြားခဲ့တဲ့ သူ့ရဲ့ အင်တာဗျူးက ဒီအချက်ကို သက်သေခံနေပါတယ်။ ရီးယဲလ်အသင်း အကျပ်အတည်းဆိုက်နေတဲ့ကာလမှာ ရာမို့စ်က ရီးယဲလ်အနေနဲ့ ချန်ပီယံလိဂ် လက်ရှိချန်ပီယံဘွဲ့ကို ဆက်ထိန်းနိုင်ဖို့ ရှိပေမယ့် ရာသီကုန်ရင် ဇီဒန်းက အောင်မြင်မှုတွေနဲ့ နှုတ်ဆက်ရင် သူအံ့သြမှာ မဟုတ်ကြောင်း ဆိုခဲ့တာဖြစ်ပါတယ်။

ဇီဒန်းရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တဲ့ စကားကို ပြန်ကောက်ရရင် "ကျွန်တော် ဒီဆုံးဖြတ်ချက်ကို ဖြစ်ကတတ်ဆန်းချခဲ့တာ မဟုတ်ပါဘူး၊ အသေချာ ဂရုစိုက်ပြီး ဆုံးဖြတ်ခဲ့တာပါ၊ ရီးယဲလ်အနေနဲ့ ဒီဖလား (ချန်ပီယံလိဂ်ဖလား)ကို ဆက်လက် ရယူလိုတယ်ဆိုရင် အပြောင်းအလဲတွေ လုပ်ရတော့မှာပါ၊ ဒီအတွက် စိတ်ကူးစိတ်သန်းအသစ်တွေလိုပါတယ်၊ အပြောင်းအလဲတွေ အများကြီး လုပ်ဖို့လိုပါတယ်၊ ကျွန်တော်က အောင်မြင်မှုကို အလိုရှိပြီး ရှုံးနိမ့်မှုကို မလိုလားပါဘူး" လို့ ဆိုခဲ့တာကြောင့် ကစားသမားဘဝကို အအောင်မြင်ဆုံးအနေအထားနဲ့ နှုတ်ဆက်ခဲ့သလို ခုနည်းပြဘဝမှာလည်း ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်ဆက် ရယူပေးနိုင်တဲ့ နည်းပြဆိုတဲ့ ဂုဏ်သိက္ခာကိုရယူပြီး ရီးယဲလ်နည်းပြဘဝကို အောင်မြင်မှုနဲ့ ကျောခိုင်းခဲ့တယ်လို့သာ အဖြေထုတ်ရတော့မှာဖြစ်ပါတယ်။ သေချာတာကတော့ ဒီရာသီမှာ ဘယ်အသင်းကိုမှ ကိုင်တွယ်ဖို့မရှိဘဲ ပြင်သစ်လက်ရွေးစင်အသင်း (သို့မဟုတ်) ရီးယဲလ်အသင်းကိုသာ ကိုင်တွယ်ပြီး နည်းပြဘဝကို ပြန်ဝင်လာဖို့ရှိတယ်လို့သာ အဖြေထုတ်ရမှာဖြစ်ပါတယ်။



**မေလှဲ့သင်း – ရေးသားသည်။**




စမ်းချောင်းမြို့နယ်
ပန်းလှိုင်အိမ်ရာအနီးတွင်
ပေ(၂၀×၄၀)ရှိ (၁)ထပ် အိမ်နှင့်မြေကို ညှိနှိုင်းဈေးနှုန်းဖြင့် အမြန်ရောင်းချလိုပါသည်။
**ဖုန်း-၀၉-၅၁၉၂၀၅၅**
**၀၉-၇၈၉၅၀၀၅၂**

သွေး
သည်
အသက်

**ယမင်းသူ**
မြို့တွင်း၊ မြို့ပြင်၊ ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ငှားရန် ကားမျိုးစုံရှိသည်၊
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
**09 5174914, 09 5136421**

Star City
**တိုက်ခန်းတန်အောင်ရောင်းပေးမည်**
အကျယ် 1185 sqft
အခန်း-(၃)ခန်း၊ Master(၁)ခန်းပါ
ဒုတိယထပ်၊ ထောင့်ခန်း၊ ရှခင်းအလှ
သိန်း(၁၄၅၀)
**Ph 09-5013432, 09-5012073**

**ပျောက်ဆုံးကြောင်း**
ဦးစောသိန်းထွန်း [၁၁/စတန(နိုင်)၀၆၉၃၄၈]၏ PSCRB လက်မှတ်မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၆၄၆၃၅၂၉**

**နိုင်ငံခြားသားများ နေထိုင်ရန်အတွက် တိုက်ခန်းနှင့် Cando များငှားလိုပါသည်။ စမ်းချောင်း၊ မြို့တွင်း၊ ရန်ကင်းနှင့်ဗဟန်းမြို့နယ် သီးသန့်သာငှားလိုပါသည်။**
**09 252922207**

## မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း
## (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးကောက်တင်မြှောက်ပွဲ

၁။ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၂၆)ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးကောက်တင်မြှောက်ပွဲကို ၉-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် UMFCCI၊ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ပါမည်။

၂။ သက်တမ်းရှိအသင်းသားများအနေဖြင့် အလုပ်အမှုဆောင်သစ်ရွေးကောက်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးကြပါရန်နှင့် အသင်းသားစုံညီ အစည်းအဝေးတွင် အသင်းကြီးတိုးတက်ရာတိုးတက်ကြောင်း အကြံပြုဆွေးနွေးခြင်းနှင့် မေးခွန်းများမေးမြန်းခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် အသင်းသားများမှ ယင်းအကြံပြုချက်များနှင့် မေးခွန်းများအား အသင်းရုံးခန်းသို့ ၈-၆-၂၀၁၈ရက် မွန်းတည့် ၁၂နာရီအရောက် ပေးပို့ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း**

## မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း
## International Graphic Art Show IGAS, 2018 (Japan)
## ပုံနှိပ်နည်းပညာပြပွဲခရီးစဉ်

၁။ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပမည့် International Graphic Art Show IGAS, 2018 ပုံနှိပ်နည်းပညာပြပွဲကို အသင်းသားများအား ၂၃-၇-၂၀၁၈ရက်မှ ၂-၈-၂၀၁၈ရက်တွင် သွားရောက်လေ့လာနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ စိတ်ပါဝင်စားသော အသင်းသားများအနေဖြင့် ၁၁-၇-၂၀၁၈ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း(၅၀)နှင့်(၅၁)လမ်းကြား၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်း၊ (၅၁)လမ်း အိမ်ရာစီမံကိန်း၊ Block (C),Type(B), 50th Street Condominium, Basement ပါသော RC(၁၂)ထပ်ခွဲတိုက်၏ (၁၀)လွှာ၊ အခန်းအမှတ်(၁၀၀၉)၊ ဧရိယာ(၁၈၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော Triple Aung (AMPS) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးကော်မောလာ [၉/မကန(နိုင်)၀၇၆၁၁၂]၊ ဒေါ်သန္တာထွေး [၉/ပဥလ(နိုင်)၀၁၇၉၁၂] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကော်မောလာ၊ ဒေါ်သန္တာထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ**

| | |
|---|---|
| **ဦးဝင်းမင်းစိုး(LL.B),WIPO(Switzerland)** | **ဒေါ်သူဇာကျော် (LL.B),D.B.L,D.I.L,WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)** | **အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)** |
| **Ph 01-246869, 09-450023651** | **Ph 09-254508917** |

**Level (၅၆၇၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower, အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## "AUKEY" အမှတ်တံဆိပ်နည်းပညာထုတ်ကုန်များအား မြန်မာ နိုင်ငံအတွင်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ရောင်းချသူဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့ ၏ မိတ်ဆွေ ဖြစ်သူ ဒေါက်တာရဲထွန်း ၊ အုပ်ချုပ်မှု ဒါရိုက်တာ ၊ **ASIA STAR TECHNOLOGY (AST) COMPANY LIMITED** ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ၁၂/လသန (နိုင်) ၀၂၀၅၅၈ ၊ အမှတ် - ၉၈ (ပ) ထပ် ၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ နေသူ ၏ လွှဲအပ် ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ကြေ ညာအပ်ပါသည်။

၁။ **ASIA STAR TECHNOLOGY (AST) COMPANY LIMITED** သည် ကုမ္ပဏီ မှတ်ပုံတင် အမှတ် - ၂၈၆၇/၂၀၁၇-၂၀၁၈ ဖြင့် ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီ များဆိုင်ရာ ညွှန်ကြားမှု ဦးစီးဌာနတွင် ၁၃-၉-၂၀၁၇ နေ့ တွင် ကုမ္ပဏီ မှတ်ပုံတင် သွင်းပြီး နည်းပညာဆိုင်ရာ ကုန်ပစ္စည်းများ ကို တင် သွင်း ဖြန့်ချိ နေ သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

၂။ **ASIA STAR TECHNOLOGY (AST) COMPANY LIMITED** အနေဖြင့် **"AUKEY"** အမှတ်တံဆိပ်နည်းပညာဆိုင်ရာကုန်ပစ္စည်းများကို တင်သွင်းရောင်းချရန်အတွက် **AUKEY INTERNATIONAL LTD** နှင့် ၁- ၅ -၂၀၁၈ နေ့ တွင် **DISTRIBUTOR AGREEMENT** အား ပြုလုပ်ချုပ်ဆိုခဲ့ပြီး **AUKEY MYANMAR COMPANY LIMITED** ကို ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၂၃၈/၂၀၁၈-၂၀၁၉ (နပတ) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများဆိုင်ရာ ညွှန်ကြားမှု ဦးစီးဌာနတွင် ကုမ္ပဏီ အဖြစ်တည်ထောင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

၃။ ထို့ကြောင့် **"AUKEY"** အမှတ်တံဆိပ်နည်းပညာကုန်ပစ္စည်းများ အား **ASIA STAR TECHNOLOGY (AST) COMPANY LIMITED** နှင့် **AUKEY MYANMAR COMPANY LIMITED** တို့သာလျှင် မြန်မာနိုင်ငံ ၏ တစ်ဦးတည်း ရောင်းချသူ ကိုယ်စား လှယ်များ ဖြစ်ပါသည်။ ယင်း **"AUKEY"** အမှတ်တံဆိပ်ကုန်ပစ္စည်း များ အား မြန်မာနိုင်ငံ အတွင်း ပြန်လည်ရောင်းချလို သူ မည် သည့် တစ်ဦးတည်းပုဂ္ဂိုလ်၊ အသင်းအဖွဲ့၊ ကုမ္ပဏီ မဆို ကျွန်ုပ် မိတ်ဆွေ ကုမ္ပဏီ ထံ မှ သာ ပြန်လည်ရယူရောင်းချရန် ဦးစွာ အသိပေး ကြေညာလိုပါသည်။

၄။ ထို့ပြင် ယင်း **"AUKEY"** နည်းပညာထုတ်ကုန်ပစ္စည်း အမည်ဖြင့် ဆင်တူ ယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တုပပြုလုပ်၍ ယှဉ်ပြိုင်ရောင်းချရန် ကြိုးစားဆောင်ရွက် သည့် မည်သည့် ပုဂ္ဂိုလ်၊ အသင်းအဖွဲ့၊ ကုမ္ပဏီ မဆို ၊ ယင်းသို့ဆောင်ရွက်ကြောင်း နည်းပညာထုတ်ကုန် ဈေးကွက်တွင် ရှာဖွေ တွေ့ရှိပါက ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ၊လုပ်ထုံးလုပ်နည်းများအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို လွှဲအပ်ညွှန်ကြား ချက်အရ အများသိစေရန်ကြေ ညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
|---|---|---|
| | ဦးရဲရင့်နိုင်( စဉ်-၁၁၈၆၅) | ဒေါ်ကေခိုင်ညွှန့်(စဉ်-၁၁၈၁၂) |
| ဒေါက်တာရဲထွန်း | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | ၀၉-၉၇၂၈၅၇၀၁၇ | ၀၉-၇၉၅၉၈၇၂၀၅ |

**ထာ ဝ ရ က သိုလ် ရ ယူ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့**

NELC (Nelson English Language Centre) မှ ဦးစီးတည်ထောင်သည်။

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ်- ကကစ ၁၃/၁၂/၀၁၅

# DPS

ကိုယ်ပိုင်မူလတန်းကျောင်း

## KG to Grade-5

အစိုးရသင်ရိုးညွှန်းတမ်းဘာသာရပ်များအပြင်
Cambridge English, Cambridge Science, Art & Craft ,
Computer နှင့် အခြားသောဖွံ့ဖြိုးတိုးတက်ရေးဘာသာရပ်များကို
ထပ်မံပေါင်းထည့်သင်ကြားပေးနေပြီး အခြေခံကောင်း၍ ဘက်စုံထူးချွန်သော
ကျောင်းသား/သူများအားမွေးထုတ်ပေးနေသည့် DPS-Private School

**DPS Private School** ➤ အမှတ်-၁၁၅၁၊ သီတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၉၆၀၆၀၄၇၀၀ / ၀၁ ၆၅၀ ၇၆၆ ။

**NPS Private School** ➤ အမှတ်-၉၊ ကွက်ပြင် (၃)၊ ရပ်ကွက်ကြီး(၁)၊ မြို့ပတ်လမ်း၊
စက်မှုလက်မှုကျောင်းရှေ့၊ ပြင်ဦးလွင်မြို့။ ဖုန်း - ၀၉ ၇၇၇၆၆၂၉၄၇

**မန္တလာ NPS Private School** ➤ ယ ၁/၂၆၊ လမ်းသွယ်-၂၊ မြဝတီမင်းကြီးလမ်း နှင့် ဆင်ဖြူရှင်လမ်းကြား၊
အရှေ့ကျွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၃၄၀၀၀၇၇၇၁ ။

## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်
## အတွက်ကျောင်းအပ်စတင်လက်ခံနေပါပြီ။



www.facebook.com/dpsprivateschoolyangon
www.facebook.com/npsprivateschoolpyinoolwin
www.facebook.com/npsprivateschoolmandalay



Education MALAYSIA HO CHI MINH CITY

# EDUCATION MALAYSIA EXPOSITION

## 9TH JUNE 2018 | 1.00 PM - 5.00 PM
**Ballroom, Sule Shangri-La Hotel, Yangon**

ယူကေ၊ ဩစတြေးလျ နှင့် အမေရိကန်နိုင်ငံများရှိ နာမည်ကြီးတက္ကသိုလ်များနှင့် ချိတ်ဆက်ထားသော
မလေးရှားတက္ကသိုလ်များမှ တာဝန်ခံ ဆရာ၊ ဆရာမများနှင့် တစ်ဦးချင်းတွေ့ဆုံပြီး မိမိ၏ ပညာရေးလမ်းကြောင်းကို
မေးမြန်းစုံစမ်း အကြံဉာဏ်ရယူနိုင်သည့် အထူးသီးသန့်အစီအစဉ်။

ပွဲချိန်အတွင်း
✢ Scholarship Preview (စကောလားရှစ်ဟောပြောပွဲ)
✢ Healthy-Aging Seminar ("ကျန်းမာစွာဖြင့် နုပျိုခြင်း" ဟောပြောပွဲ)

လေယာဉ်လက်မှတ် အခမဲ့*
အဆောင်နေစရိတ် အခမဲ့*

*Terms and Conditions apply*

www.facebook.com/emgamyanmar | +95-9-2530 66 202 | +95-9-506 2891

Organized By Education MALAYSIA | In Collaboration With • rexpo • JENKO

သင့်ပညာရေး အတွက် ယုံကြည် အားထားရာ

**SAIC STUDY ABROAD Information Centre**

**Yangon Office**
Diamond Condo, Tower B, 15th Floor, Room 1502,
Pyay Road, Karmaryut Township, Yangon.
Tel : (09) 5151 008

**Mandalay Office**
No. 326, 62nd Street, Between: (29th x 30th) Street,
Chanayetharzan Township, Mandalay.
Tel : (09) 4200 99997

# STUDY ABROAD EDUCATION ROAD SHOW 2018

➤ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ၊ IGCSE အောင်မြင်ထားသူများအနေနှင့် UK, USA, Austraila, Singapore နိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်နိုင်မည့် အခွင့်အရေး။
➤ HND, NCC,ABE အောင်မြင်ထားသူများအတွက် နိုင်ငံတကာတွင် ဆက်လက်တက်ရောက်နိုင်မည့် ပညာရေးလမ်းကြောင်းများ။
➤ မြန်မာနိုင်ငံတွင် Engineering နှင့် ပတ်သက်ပြီး ဘွဲ့ရရှိထားသူများအနေနှင့် ဘာသာရပ်ကင်းလွတ်ခွင့်များ၊ Tuition Grant များရယူပြီး နိုင်ငံတကာရှိ ထိပ်တန်းတက္ကသိုလ်များတွင် ပညာသင်ယူနိုင်မည့် အခွင့်အရေး။
➤ မြန်မာနိုင်ငံတွင် ဘွဲ့ရရှိထားသူများအနေနှင့် နိုင်ငံတကာရှိထိပ်တန်းတက္ကသိုလ်များတွင် ဘွဲ့လွန်တက်ရောက်နိုင်မည့် လမ်းကြောင်းများကို သိရှိနိုင်မည့် အခွင့်အရေး။






**Mandalay**
Date : 9 June 2018 (Sat)
Time : 10:00 am - 1:00 pm
Venue : Hilton Mandalay Hotel (Ballroom)

**Yangon**
Date : 10 June 2018 (Sun)
Time : 10:00 am - 1:00 pm
Venue : Novotel Hotel (Eureka Room)

**Register Now! 09 5151 008, 09 4200 99997**

STUDY ABROAD EDUCATION ROAD SHOW 2018 ကို
တက်ရောက်ရန် Register လုပ်ထားသူများ စင်ကာပူကျောင်းအပ်နှံပါက
လေယာဉ်လက်မှတ် Free ရရှိမည် ဖြစ်သည်။

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ထွေးသွင်(Nancy Thwin)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ ဦးအုန်းထွန်း @ Johnny Saing (MEHS)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ထွေးသွင်(ခ)Nancy Thwinသည် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်း**
**ပြည်ထောင်စုဝန်ကြီး**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### စောင်းဖျာပုံ ဦးသိန်းဟန်ကြီး
### အသက်(၈၁)နှစ်
**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အလုပ်အမှုဆောင်**
**မဟာဂီတအလွှာ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ အမှတ်(၅၂)၊ သုံးလွှာ၊ ပါရမီလမ်းနေ စောင်းဖျာပုံဦးသိန်းဟန်ကြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အလုပ်အမှုဆောင် (မဟာဂီတအလွှာ)သည် ၁-၆-၂၀၁၈ (သောကြာနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## ဦးဝင်းတင်(ဝေါ) B.Ag
**စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း)**
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့သစ်မြို့နယ်၊ တိမ်ညို(၂)လမ်း၊ အမှတ်(၈၀၂)နေ (ဦးခါးဝါး-ဒေါ်သိန်းမေ)တို့၏ သား၊ ဒေါ်ဝင်းဝင်းရီ၏ခင်ပွန်း၊ ဦးဘအောင်-(ဒေါ်ကျင်လှ)၊ (ဦးတင်ဆိုင်)၊ ဦးစိန်ဟုတ်၊ ဒေါ်ကျင်မေတို့၏ ညီ/မောင်၊ (ဦးရန်လျှောင်)-ဒေါ်သန်းဝင်း၊ ဒေါ်သန်းသန်းတို့၏ အစ်ကို၊ ကိုဆန်းထွန်းဝင်း၊ ချူကိုင်းရီ-မသန္တာဝင်း၊ မောင်မျိုးကြည်ဝင်း-မဇာရီမော်၊ မခိုင်သဇင်ဝင်း တို့၏ဖခင်၊ ချူဇီဇင်၊ မစန္ဒာဝင်း၊ မောင်ကြယ်စင်ဝင်းတို့၏ အဘိုးသည် ၅-၆-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျည်စုအအေးတိုက်မှ ကျည်စုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတန်ရင်ကွမ်း(ခ)
## ဦးစန်းကော် (၈၇)နှစ်
**(၇ လမ်းထိပ် လက်ဖက်ရည်ဆိုင်)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၂၇၁)၊ အနော်ရထာလမ်းနေ ဒေါ်ကျင်မွှေး၏ခင်ပွန်း၊ ဒေါ်ဘေစိ-ဦးကြည်လွင်၊ ဦးအောင်မြင့်-ဒေါ်ဝင်နီ၊ ဒေါ်အေးအေးမြင့်-ဦးတင်နွယ်တို့၏မွေးသဖခင်၊ မောင်နေလင်းအောင်၊ မနှင်းယုလွင်၊ မောင်ထွန်းမြတ်သူ၊ မောင်စိုးဝင်းနိုင်၊ မသန္တာဝင်း၊ မလှလှဝေ၊ မစောစောသန်း၊ မခင်ချမ်းမြေ့စု၊ မောင်ကောင်းမြတ်သူတို့၏ချစ်လှစွာသော အဘိုးသည် ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်းဒါယကာကြီး**
## ဦးဦးမြင့်(ခ)ဦးနီတွတ်
### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ယုဇနဉယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ (စီ-၉)လမ်း၊ တိုက်(၃၀)၊ အခန်း(၄၀၁)နေ ဒေါ်ဌေးဌေး၏ခင်ပွန်း၊ ဦးမျိုးဦး၊ ဒေါ်အေးအေးသန့်(ဆ. သ. ရ M.P.T)၊ ဦးသက်ဦး-ဒေါ်ဇင်မာဦးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၅-၆-၂၀၁၈ ရက် နံနက် ၁၁း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်လှစိန်(မောင်တော၊ စစ်တွေ)
### အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကရဝိတ်လမ်း၊ အမှတ်(၂၂၀/၂)နေ (ဦးထွန်းအောင်ကျော်-ဒေါ်နှင်းမိုး)တို့၏ သား၊ (ဦးပန်းလှအောင်-ဒေါ်ရွှေမာစိန်)တို့၏သားသမက်၊ ဒေါ်ချစ်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်ဌေးဌေး၊ ဦးအောင်ကိုစိုး-ဒေါ်သန္တာအေး၊ ဦးထွန်းအေးကျော်-ဒေါ်မိမိနွယ်၊ ဦးသိန်းဌေးအောင်ကို-ဒေါ်ဝင်းဝင်းဆွေတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၄-၆-၂၀၁၈ (တနင်္လာနေ့) ည ၈း၃၅ နာရီတွင် အမှတ်(၄၆)၊ ဇဋ္ဌိလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်မြောင်းနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်ဇော်မင်း
### အသက်(၄၂)နှစ်
**တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၂)**

မြစ်ငယ်မြို့၊ ဉယျာဉ်တော်ရွာနေ (ဦးကျော်ညွှန့်-ဒေါ်ခင်စိန်)တို့၏ သား၊ မြစ်ငယ်မြို့၊ ယဉ်တော်စံကျေးရွာနေ (ဦးမောင်ကောင်း)-ဒေါ်တင်ကြိုင်တို့၏ သားသမက်၊ ဦးသန်းဟန်-ဒေါ်ခင်နှင်းရီ (စိုက်ပျိုးရေးရုံး၊ မန္တလေး)၊ ဦးကျော်ထွန်းလွင်-ဒေါ်ကြည်ကြည်ဝင်း(မမ-စက်မှု/လျှပ်စစ်ရုံး/နပတ)၊ ဒေါ်သန်းသန်းနု၊ ဦးဝင်းကျော်စိုး-ဒေါ်ရွှေရွှေဝင်း(မမ/မြစ်ငယ်စက်ရုံ)တို့၏ မောင်၊ ဒေါက်တာမအိအိ(M.B.B.S/MDY)၏ ဦးလေး၊ ဒေါ်ထားထားနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ဇော် (1st Year MIT)၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးတင်ဇော်မင်းသည် ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၄း၄၀ နာရီတွင် တပ်မတော်ဆေးရုံကြီးခုတင် ၁၀၀၀ နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၉ နာရီထိ အမှတ်-၁၅၄၂၊ (၁၆)လမ်း၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ပျဉ်းမနားမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးတင်ဇော်မင်း
### အသက်(၄၂)နှစ်
**တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၂)**

နေပြည်တော်ဇေယျာသီရိမြို့နယ်နေ ဒေါ်ထားထားနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ဇော် (1st Year MIT)၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးတင်ဇော်မင်းသည် ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၁)မှ နောင်တော်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးတင်ဇော်မင်း
### အသက်(၄၂)နှစ်
**တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၂)**

နေပြည်တော်ဇေယျာသီရိမြို့နယ်နေ ဒေါ်ထားထားနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ဇော် (1st Year MIT)၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးတင်ဇော်မင်းသည် ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၄)မှ ညီငယ်များ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီအရွှတ်အလီ (ခ) ကိုဟန်ဝင်းအောင်
## အသက် (၃၆) နှစ်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEA) ဗဟိုကော်မတီဝင် ဟာဂျီဦးမောင်မောင် (ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)နှင့် ဟာဂျီမဒေါ်အေးတင်တို့၏သား ဟာဂျီအရွှတ်အလီ(ခ)ကိုဟန်ဝင်းအောင် အသက် (၃၆)နှစ်သည် ၂၈-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီအဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEA)**

## ဦးစိုးမောင်
### အသက်(၈၅)နှစ်
**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၃၀)၊ ရန်ကုန်သစ်ရပ်ကွက်၊ နှင်းဆီဖြူလမ်း၊ အမှတ် (၁၂၃)နေ (ဦးဘိုးတုတ်-ဒေါ်ငွေဆင့်)တို့၏ သား၊ (ဦးထွန်းလှိုင်-ဒေါ်တင်)တို့၏ သားသမက်၊ (ဒေါ်ညွှန့်ညွှန့်)၏ ခင်ပွန်း၊ ဒေါ်အေးအေးစိုး(ဒုညွှန်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးညွှန့်စိုး၊ ဒေါ်ဥဝါးတိုခို (ခေတ္တတိုကျို၊ ဂျပန်)၊ ဦးထွန်းအောင်၊ဒေါ်ရီရီစိုး(ခေတ္တတိုကျို၊ ဂျပန်)၊ ဗိုလ်မှူးမြင့်စိုး(ကထိက၊ ဥပဒေရေးရာဆေးပညာဌာန၊ တ-ဆ-တ)၊ ဒေါ်ခင်စုထွေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်တင်ထွဋ် (ခေတ္တတိုကျို၊ ဂျပန်)၊ မောင်မျိုးမင်းစိုး (ခေတ္တတိုကျို၊ ဂျပန်)၊ မောင်ရှို့တာ (ခေတ္တတိုကျို၊ ဂျပန်)၊ မောင်ခန့်စိုးမောင် (သတ္တဗေဒ၊ နောက်ဆုံးနှစ်၊ ဒဂုံတက္ကသိုလ်)၊ မောင်ရဲစစ်အောင် (၇ တန်း-စီ၊ အထကသုဝဏ္ဏ)တို့၏အဘိုး၊ (ယခင်-အမှတ် ၅၉၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ) ဦးစိုးမောင်သည် ၅-၆-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အမှတ် ၅၉၊ သီတာလမ်းနှင့် အမှတ် ၁၂၃၊ နှင်းဆီဖြူလမ်း၊ ၃၀ ရပ်ကွက်၊ သုဝဏ္ဏမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ အမှတ်(၁၂၃)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမြင့်
## (Kitty Hlaing)
**69 Batch အထက(၂)၊ လသာ၊**
**ဦးစီးအရာရှိ(ငြိမ်း)၊သမဝါယမဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်ရုံး၊နေပြည်တော်**
### အသက် (၆၈) နှစ်

(ဦးထွန်းလှိုင်-ဒေါ်မြခင်)တို့၏သမီး၊ (ဦးမောင်လေး-ဒေါ်ပဲ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၃၉)၊ ငါးလွှာ၊ အခန်း(B)နေ ဦးတင်ရွှေ၏ဇနီး၊ ဒေါ်ခင်ခင်မြင့်(ဒု-ဦးစီးမှူး၊ ဒဂုံဆိပ်ကမ်း၊ ပညာရေးမှူးရုံး)၊ ဦးမြင့်အောင်-ဒေါ်အေးအေးသင်းတို့၏ အစ်မ၊ မနွယ်နွယ်ဇင်(CB Bank၊ ၂၃-လမ်း၊ ဘဏ်ခွဲ)၏အဒေါ်၊ မောင်အင်ထိပ်ကျင်-မမျိုးသဥ္ဇာ(CB Bank H.O)၊ မောင်ကျော်ထိုက်တို့၏မိခင်၊ မောင်ချမ်းငြိမ်းလင်းအောင်၏အဘွားသည် ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၄း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၈(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## မောင်နိုင်သန်း(ခ)
## အေးမင်းဇော် (၃၆)နှစ်

မြောင်းမြမြို့၊ ဗိုလ်ဗထူးလမ်းနေ (ဦးမောင်မောင်တိုး-ဒေါ်တင်တင်နွယ်)တို့၏မြေး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၅)၊ ပြည်သူ့ကွက်သစ်(၄)လမ်းနေ (ဦးအေးသန်း)-ဒေါ်အိုင်းရစ်တိုးတို့၏ သားကြီး၊ မအေးစန္ဒာတိုး၏အစ်ကို၊ ဦးသိန်းတင်-(ဒေါ်အေးအေးတိုး)၊ ဦးလှမင်းရွှေ-ဒေါ်မွှေးမွှေးတိုး၊ ဦးစိုးလွင်-ဒေါ်ညွှန့်ညွှန့်မွှေး၊ ဒေါ်မေရီ၊ ဦးနေအောင်တို့၏တူသည် ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တပညာသာမိ
### သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၆၁)နှစ်
**ကျိုက်ပြာသဒ်တန့်စေတီတော်နှင့် မြတ်စောညီနောင်စေတီတော်များ၏**
**ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃသမ္မတိရ သံဃကိုယ်စားလှယ်၊**
**မဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊**
**မဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မင်္ဂလဓမ္မ ဇောတိကဓဇ**
**ဥက္ကဋ္ဌ၊ မြို့မသံဃနိကာယအဖွဲ့၊ ပဲခူးမြို့**
**ဦးစီးပဓာနနာယက အေးစေတီပရိယတ္တိစာသင်တိုက်၊ ကျောက်တန်းမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ အေးစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ မဟာထေရ်သည် (၁၃၈၀ ပြည့်၊ နယုန်လပြည့်နေ့)၊ ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ကျန်ရစ်သူ တပည့်သာဝကများအား အသိပေးအပ်ပါသည်။

နောင်တော်၊ ညီတော်များ
မြို့မသံဃနိကာယအဖွဲ့ ပဲခူးမြို့

## ဒေါ်တင့်ရည် (ပေါင်းတည်မြို့/ပြည်မြို့)
### အသက် (၈၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နေ (ဦးဘတူ-ဒေါ်ငွေ)တို့၏သမီး၊ [ဦးအောင်တင့်(ဌာနခွဲမှူး၊ သမဝါယမဦးစီးဌာန)]၏ဇနီး၊ ဒေါ်ခင်မမအောင်၊ ဒေါ်ခင်မိမိအောင်-ဦးချစ်သိန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ သာသနာရေးဝန်ကြီးဌာန)၊ ဦးကိုကိုအောင်-ဒေါ်ခင်မာစန်း၊ ဒုဗိုလ်မှူးကြီးအေးကျော်အောင် (ငြိမ်း၊ ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်မေသူခင် (သူနာပြု)၊ ဒေါ်ဆန်းဆန်းယဉ်(မူလတန်းပြဆရာမ၊ ပြည်မြို့)၊ (ဦးတင့်ဇော်အောင်)တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၂၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (၆၃)လမ်း၊ ဏ/၇ (၁၀၃)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် မန္တလေးမြို့၊ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်သန်းသန်းအေး(ခ)ထွေးထွေး(မော်လမြိုင်)
### အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခြံအမှတ်(6-A)၊ သဇင်လမ်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာနေ ဦးအုန်းလွင် (ခတ်မှန်သင်တန်းမှူး R.G.H)၏ဇနီး၊ မော်လမြိုင်မြို့နေ (ဦးပန်းညွှန့်-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးသောင်းတင်-ဒေါ်ခင်မမ)၊ (ဦးသန်းထွန်း-ဒေါ်ပန်းကြည်)တို့၏ညီမ၊ ဒေါက်တာမောင်မောင်စိန် (Physician)-ဒေါက်တာမော်အေးလွင်(ENT Surgeon, S.G.H)၊ ဒေါက်တာမြသီတာအုန်း(မျက်စိအထူးကုဆရာဝန်ကြီး)တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာဆုပြည့်စုံမောင်(WYG)၊ ဒေါက်တာဆုပြည့်ဖြိုးမောင် (SAKU-RA Hospital)တို့၏အဘွားသည် ၄-၆-၂၀၁၈ရက် ည ၈ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ၅နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှ ကား များ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## စောထူးအယ်(ညိုဒေါင်း)
### အသက် (၇၀)

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူမောင်လမ်း၊ အမှတ်(၁)၊ ပထမလွှာနေ ဦးသောင်းလွင်-နော်ဂျယ်နီတို့၏သား၊ စောထူးဒီ-နော်ဒိုးရာတို့၏ညီ/မောင်၊ စောထူးစေး၊ စောထူးဝါး-နော်ကပြုထူး၊ နော်ဆဲဖေါ၊ နော်ဝါးလယ်တို့၏အစ်ကို၊ တူ/တူမ ငါးယောက်၊ မြေးလေးယောက်တို့၏ဘကြီး စောထူးအယ်သည် ၅-၆-၂၀၁၈ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ဈာပနဝတ်ပြုခြင်းကို အထက်ပါနေအိမ်၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးကိုကိုနိုင်
**ဒုလဝကမှူး(ငြိမ်း) လဝက-၄၀၆၀**
### အသက် (၅၆)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၇၇၉)နေ ဦးတင်မောင်-(ဒေါ်အေးမြင့်)တို့၏သားကြီး၊ (ဗိုလ်ကြီးမောင်သန်း-ဒေါ်အေးမြင့်)တို့၏ သားသမက်၊ ဦးကျော်သူရ၊ (ဦးရဲထွဋ်အောင်)၊ ဦးပြည့်ဖြိုးအောင်(PMEH Co., Ltd.)-ဒေါ်ယဉ်ယဉ်နု (Shwe Mi Industrial Co., Ltd.)တို့၏အစ်ကိုကြီး၊ မလင်းလင်းထက် (People Magazine)၊ မဆုဆုထက် (MRTV-4)၊ မောင်ရန်အောင်၊ မဆုဝတီအောင်တို့၏ မွေးသဖခင်၊ ဒေါ်ခင်စန်းနု (ဒု-လဝကမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွေး (၇၇)နှစ်
**(တပ်မတော်ရေ-ငြိမ်း)**

မြင်းခြံမြို့နေ (ဦးမောင်ဦး-ဒေါ်လှ)တို့၏သားထွေး၊ ရန်ကုန်မြို့၊ သာကေတမြို့နေ ဒေါ်မြရီ၊ တောင်ဒဂုံမြို့နယ်နေ ဒေါ်တင်မေဦး (မေတ္တာမွန်-မူကြို)၊ ရှမ်းပြည်မြောက်ပိုင်း၊ နောင်ချိုမြို့နေ (ဦးသာဒွန်း)-ဒေါ်ငယ်၊ မန္တလေးမြို့နေ (ဦးကျော်စိုး)-ဒေါ်တင်ရွှေဦးတို့၏ ညီ/မောင်၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် (၆၁/က)နေ (ဒေါ်စန်းစန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မိုးဦး (ခင်ရတနာ-အလှပြင်ဆိုင်)၊ ဦးဇော်ဝင်း (မိုးပုလဲစားတော်ဆက်-စစ်တွေ)-ဒေါ်ခင်မော်ဦး၊ ဦးမင်းမြတ်ထွဋ် [Southern Infrostrucure Co. ,Ltd, Batching Plant (Thu Wanna)]၊ ဦးမင်းရဲသူ-ဒေါ်မြင့်မြင့်ဝေတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၄-၆-၂၀၁၈ (တနင်္လာနေ့) ည ၁၁း၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# မန္တလေးဈေးကွက်သို့ ဂျပန်နှမ်းနှင့် နှမ်းနက်များ အမြင့်ဈေးဖြင့် စတင်ဝင်ရောက်

**မန္တလေး ဇွန် ၅**

ယခုဇွန်လဆန်းတွင် ပေါ်ဦးပေါ်ဖျားထွက်ရှိလာသည့် ဂျပန်နှမ်းနှင့် နှမ်းနက်(စမူန်နှမ်း)များ မန္တလေးဈေးကွက်သို့ အမြင့်ဈေးဖြင့် စတင်ဝင်ရောက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

အဆိုပါ နှမ်းအမျိုးအစားများမှာ ပြည်တွင်းစားသုံးမှုလုံးဝမရှိသော်လည်း ရာနှုန်းပြည့် ပြည်ပပို့ကုန်ဖြစ်ပြီး တရုတ်နိုင်ငံသို့ အဓိက အများဆုံးတင်ပို့ရောင်းချရသော သီးနှံဖြစ်ကြောင်း သိရသည်။

"အထွက်နှုန်းတွေကလည်း ပုံမှန်ပါပဲ၊ မိုးဦးကာလမှာတော့ ဒီနှမ်းနှစ်မျိုးစလုံးက တောင်သူတွေအတွက် စိုက်ပျိုးရတာ အကျိုးရှိတဲ့ သီးနှံဖြစ်လာမှာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးဈေးကွက်တွင် အဆိုပါနှမ်းများအနက် ဂျပန်နှမ်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၃၀၀၀ နှုန်းနှင့် နှမ်းနက်(စမူန်နက်)မှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၉၀၀၀ရှိနေပြီး လွန်ခဲ့သည့် သုံးနှစ်ခန့်က ဂျပန်နှမ်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းအထိ အမြင့်ဆုံးရောက်ရှိခဲ့သဖြင့် ယခုအချိန်တွင်လည်း အဆိုပါဈေးသို့ရောက်ရှိရန် မျှော်လင့်နိုင်သည့် အခြေအနေတွင် ရှိနေကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

အဆိုပါနှမ်းများမှာ မကွေးတိုင်းဒေသကြီး စလင်းနှင့် ဆင်ဖြူကျွန်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်းဒေသတို့မှ ပထမဆုံး ထွက်ရှိလာခြင်းဖြစ်ပြီး ဇူလိုင်လဆန်းတွင် ဒေသအစုံမှ မန္တလေးဈေးကွက်သို့ ထပ်မံဝင်ရောက်လာမည်ဟု သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ရိတ်သိမ်းပြီးသည့် နှမ်းပင်များအား နေလှန်းရန် ပြင်ဆင်နေစဉ်။

# မလေးရှားတွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်ပတ်သက်သော ကွင်းဆက်တရားခံများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

မလေးရှားနိုင်ငံတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော ကွင်းဆက်တရားခံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ အကောက်ခွန်ဦးစီးဌာနမှ စီမရစ်မြို့ ကုန်လှောင်ရုံ၌ မေ ၂၂ ရက်တွင် မလေးရှားနိုင်ငံသား သုံးဦးနှင့် မြန်မာနိုင်ငံသား သုံးဦးတို့နှင့်အတူ မက်အဖက်တမင်း ၁၁၈၇ ကီလိုဂရမ်နှင့် ဘိန်းဖြူ ၇၅၀ ဂရမ်တို့အား ဖမ်းဆီးရမိခဲ့ပြီးနောက် ယင်းဖမ်းမိမူးယစ်ဆေးဝါးများနှင့် ပတ်သက်ဆက်စပ်သော ကွင်းဆက်တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

အဆိုပါမူးယစ်ဆေးဝါးများ ဖမ်းဆီးမှုနှင့်ပတ်သက်၍ စိစစ်ခဲ့ရာ ရန်ကုန်မြို့ရှိ Nice Guy Clearence Service Agency မှ ကုန်သေတ္တာအမှတ် (FSCU 9911521) ထဲတွင်

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များ ဇွန် ၆ ရက်တွင် ကျင်းပမည်



ဒုတိယအဆင့် စတင်ကစားရမည့် ရတနာပုံအသင်း။

**ရန်ကုန် ဇွန် ၅**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲများကို ဇွန် ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် MNL ငါးသင်းနှင့် ပထမတန်းတစ်သင်း အားပြိုင်ကြမည်ဖြစ်သည်။

ဒုတိယအဆင့် (ဒုတိယနေ့) ပွဲစဉ်များအဖြစ် ဇွန် ၆ ရက်တွင် ပဒုမ္မာကွင်း၌ ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် Mountain Lion အသင်း၊ အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ MNL အသင်းများ ထိပ်တိုက်တွေ့ဆုံသည့် နှစ်ပွဲစလုံး အကြိတ်အနယ် ဖြစ်ဖွယ်ရှိနေပြီး နှစ်သင်းစလုံး စနေ၊ တနင်္ဂနွေနေ့တွင် အမှတ်ပေးပွဲအဖြစ် ပြိုင်ဘက်ကောင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရသောကြောင့် ပွဲပန်းသည့်ဒဏ်ကို ခံစားရဖွယ်ရှိနေသည်။ ရတနာပုံနှင့် စစ်ကိုင်းပွဲကို ပဒုမ္မာကွင်း၌ ကျင်းပမည်ဖြစ်ရာ ပဒုမ္မာကွင်း၌ ကစားလေ့နည်းပါးသည့် ရတနာပုံအသင်းအနေဖြင့် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖**

# ဂျပန် အကယ်ဒမီ ယူ-၁၄ အသင်း မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းမည်

**ရန်ကုန် ဇွန် ၅**

ဂျပန်ဘောလုံးအဖွဲ့ချုပ်က တည်ထောင်ထားသည့် အကယ်ဒမီတစ်ခုဖြစ်သော ဖူကူရှီးမား အကယ်ဒမီ ယူ-၁၄ ဘောလုံးအသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖူကူရှီးမား အကယ်ဒမီ ယူ-၁၄ ဘောလုံးအသင်းသည် ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ မြန်မာနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၆ ရက်နှင့် ၈ ရက်တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းအသင်းနှင့် ခြေစမ်းပွဲကစားရန် အသင်းများ ရွေးချယ်လျက်ရှိပြီး ဖူကူရှီးမား အကယ်ဒမီ ယူ-၁၄ ဘောလုံးအသင်း၏ မြန်မာနိုင်ငံခရီးစဉ်တွင် မြန်မာဘောလုံးအကယ်ဒမီများမှ ကစားသမားများနှင့် ပူးတွဲလေ့ကျင့်ရေး အစီအစဉ်များပါ ပါဝင်လာဖွယ်ရှိနေသည်။

**ဖိုးသော်ဇင်**


